# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နယုန်လကွယ် ၊ စနေနေ့ ၊ (17-6-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၄၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး၊ ဌာနအသီးသီးမှ အရာရှိငယ်များကို တွေ့ဆုံအမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး၊ ဌာနအသီးသီးမှ အရာရှိငယ်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး၊ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့်အရာရှိငယ်များကို တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊

**စာမျက်နှာ ၁၉ ကော်လံ ၁ ☞**

မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးမှာ သမိုင်းနှင့်ချီ၍ ဖြစ်ပေါ်လာခဲ့သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ခြင်းပင်ဖြစ်...


Myanmar Mobile Money(MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင် Digital Mobile Money -DMM(App) ကို အသုံးပြု၍ အောက်ပါ ဝန်ဆောင်မှုများကို ထပ်မံရယူနိုင်ပါပြီ။

ဝန်ထမ်းလစာများပေးချေခြင်း၊ လျှပ်စစ်မီတာပေးဆောင်ခြင်း၊ e-Topup ဖုန်းငွေဖြည့်သွင်းခြင်း၊ ပြည်တွင်းပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း၊


နှစ်အတွင်း ကာလတိုချေးငွေလျှောက်ထားခြင်း၊ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊

E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက်Customs Duty ပေးဆောင်မှုများအား

MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

အငြိမ်းစား လစာ အပါအဝင် ငွေဖို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။





အောင်ဘာလေ
အွန်လိုင်း သိန်းဆု ထီစနစ်

aungbarlay.ird.gov.mm အောင်ဘာလေအွန်လိုင်းသိန်းဆု ထီစနစ်
Application ကို Download ပြုလုပ်ရန်
QR ကို Scan ဖတ်ပါ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၀၀ ၁၅၂၀၊ ၀၉ ၃၀၀၀ ၁၅၂၂
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၀၀၀ ၁၅၃၃
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၀၀၀ ၁၅၃၆

ရတနာပုံ

၂၀၁၂ ခုနှစ် ဇွန် ၁၇ ရက်

အယ်ဒီတာ့အာဘော်

# အမှိုက်ကင်းစင်ရေး အလေ့အကျင့်ကောင်းမွေးမြူပေး

နေ့စဥ်ဘဝတွင် ကျန်းမာရွှင်လန်းသော လူမှုဝန်းကျင်ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံး ချမ်းမြေ့ဖွယ်ရာ မျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်ကောင်းတစ်ခုရရှိရန် အလွန်လိုအပ်အရေးကြီးလှသည်။ ကမ္ဘာကြီးတွင် လူဦးရေတိုးတက်များပြားလာခြင်းနှင့်အတူ စွန့်ပစ်အမှိုက်ထွက်ရှိမှုမှာလည်း နှစ်စဉ်မြင့်တက်လျက်ရှိသည်။ စွန့်ပစ်အမှိုက်များထဲတွင် အများဆုံးနှင့် ပတ်ဝန်းကျင်ကို အညစ်ညမ်းဆုံး အမှိုက်တစ်မျိုးမှာ ပလတ်စတစ်စွန့်ပစ်အမှိုက်များဖြစ်သည်။

ပလတ်စတစ်အမှိုက်များသည် သဘာဝအလျောက် မပျက်စီးသည့်၊ ပြိုကွဲပျောက်ကွယ်ရန်မလွယ်သည့်၊ ပတ်ဝန်းကျင်ကို ညစ်ညမ်းပြီး အန္တရာယ်ဖြစ်စေသည့်အရာဖြစ်သည်။ ပလတ်စတစ်များသည် နှစ်ပေါင်းများစွာကြာမှသာ ပြိုကွဲပျက်စီးနိုင်သည်။ ကုန်းမြေနှင့်ရေလမ်းကြောင်းတွင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ အမှိုက်သရိုက်များကို စည်းကမ်းမဲ့စွန့်ပစ်ကြခြင်းကြောင့် ရေကြောင်းများ၊ မြစ်ချောင်းများ၏ ရေလမ်းကြောင်းစီးဆင်းမှုများ ပိတ်ဆို့မှုဖြစ်ပွားပြီး မြို့၊ ရွာများ ရေကြီးရေလျှံသည်ထိပါ ဖြစ်ပွားစေသည်။ ရေလမ်းကြောင်းအနီး စည်းကမ်းမဲ့စွန့်ပစ်ထားသည့် ပလတ်စတစ်အမှိုက်များကြောင့် ရေချိုသယံတများကို ညစ်ညမ်းစေသည်။ ထို့ပြင် စွန့်ပစ်ပလတ်စတစ်အမှိုက်များသည် မြစ်ချောင်းများမှတစ်ဆင့် ပင်လယ်သမုဒ္ဒရာသို့ရောက်ရှိပြီး အချိန်ကြာလာသည်နှင့်အမျှ သေးငယ်သည့် ပလတ်စတစ်အပိုင်းအစများအဖြစ် ပြောင်းလဲဖြစ်ပေါ်ကာ အဏ္ဏဝါပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလည်း ဆက်လက်ဖြစ်ပေါ်စေပါသည်။

ထို့ကြောင့် ပြည်သူများ၏ နေ့စဉ်ဘဝတွင် ပျော်ရွှင်ကျန်းမာစွာ နေထိုင်နိုင်ရေး၊ လူနေမှုဘဝ မြင့်မားလာစေရေး၊ မိမိမြို့၊ ရွာပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် စွန့်ပစ်အမှိုက်များ စီမံခန့်ခွဲရေးများ ဆောင်ရွက်ကြရပါမည်။ အမှိုက်ထွက်ရှိနိုင်သော လူနေထိုင်ရာနေရာများ၊ စက်ရုံ၊ အလုပ်ရုံ၊ ဆေးရုံ၊ စားသောက်ဆိုင်များမှထွက်ရှိသောအမှိုက်များကို စုဆောင်းသိမ်းဆည်းခြင်း၊ စွန့်ပစ်အမှိုက်ကို ကုန်ကြမ်းအဖြစ် အသုံးပြုနိုင်ရန် ခေတ်မီနည်းပညာဖြင့် ပြန်လည်သန့်စင်သုံးစွဲခြင်းတို့သည် စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးနည်းလမ်းများပင်ဖြစ်သည်။

ယခုအခါ သန့်ရှင်းသာယာလှပသော မြို့၊ ရွာများ၊ ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် မြို့၊ ရွာများဖြစ်စေရေးအတွက် ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက အပတ်စဉ် စနေနေ့တိုင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများ၊ လမ်း၊ တံတားများ၌ ချုံနွယ်ပေါင်းမြက်များနှင့် စွန့်ပစ်အမှိုက်များ ရှင်းလင်းပေးခြင်း၊ ရေစီးရေလာကောင်းမွန်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

သန့်ရှင်းသာယာသော မြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်ကြသည့် စနေနေ့ ကျောင်းအားလပ်ရက်များတွင် အနာဂတ်လူငယ်လေးများဖြစ်သည့် ကျောင်းသား၊ ကျောင်းသူကလေးများကိုလည်း စုပေါင်းပါဝင်လာစေရန် အလေ့အကျင့်ကောင်း မွေးမြူပေးသင့်ပါသည်။ ပလတ်စတစ်အမှိုက်အပါအဝင် အမှိုက်သရိုက်များသည် လူသားတို့ ကျန်းမာရေးသာမက ကမ္ဘာ့ဂေဟစနစ်ကိုပါ ပျက်စီးစေနိုင်သည်ဖြစ်ရာ မိမိပတ်ဝန်းကျင်တွင် အမှိုက်များကို ဖယ်ရှားရှင်းလင်းပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအသိအမြင်ကိန်းအောင်းနေသော အနာဂတ်လူငယ်များဖြစ်စေရေး မိဘ၊ ဆရာများနှင့် တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# တောင်သမန်တံတားနှင့် တောင်သမန်အင်းသို့ လာရောက်လည်ပတ်သည့် ခရီးသွားဦးရေ များပြားလျက်ရှိ

**မန္တလေး ဇွန် ၁၆**

တောင်သမန်တံတားနှင့် တောင်အင်းသို့ လာရောက်လည်ပတ်သည့် ခရီးသွားဦးရေ ဇွန်လဒုတိယပတ်မှစ၍ များပြားလျက်ရှိကြောင်း တောင်သမန်တံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

တောင်သမန်တံတားနှင့် တောင်သမန်အင်းမှာ မန္တလေးမြို့တွင်း ခရီးသွားများ စိတ်ဝင်တစားလည်ပတ်ကြသည့် နေရာများထဲတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ တောင်သမန်တံတားနှင့် တောင်သမန်အင်းသို့ ယခုလက်ရှိတွင် လာရောက်လည်ပတ်သည့် ခရီးသွားဦးရေ များပြားလျက်ရှိကြောင်း သိရသည်။

"အခု တောင်သမန်တံတားနဲ့ တောင်သမန်အင်းကို ပြည်တွင်းအပြင် နိုင်ငံခြားသားခရီးသွားဝင်ရောက်လည်ပတ်မှုက တော်တော်လေးများလာတယ်။ အခုလတ်တလော တောင်သမန်တံတားနဲ့ တောင်သမန်အင်းအတွင်းကနေ နေဝင်ဆည်းဆာအလှကို ကြည့်ရှုရင်း အနားယူအပန်းဖြေတဲ့ခရီးသွားတွေ ပြန်များလာပါတယ်"ဟု ဦးစိုးဝင်းက ပြောပြသည်။

တောင်သမန်တံတားနှင့် တောင်သမန်အင်းသို့ လာရောက်လည်ပတ်သည့် ခရီးသွားဦးရေမှာ ဇွန်လပထမပတ်က တစ်ရက်လျှင် ဦးရေ ၃၀၀ ကျော်သာ ရှိခဲ့သော်လည်း ဇွန်လဒုတိယပတ်စ၍ လာရောက်လည်ပတ်သည့် ခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၅၀၀ ကျော်ထိရှိကြောင်း သိရသည်။

တောင်သမန်အင်းအတွင်း ခရီးသွားများ နေဝင်ဆည်းဆာအလှကို ငှက်လှေများဖြင့် ကြည့်ရှုနိုင်ရန် ငှက်လှေအစီးရေ ၅၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

(၁၈၄)

# မန္တလေးကုန်စည်ဒိုင်အတွင်း ပဲ၊ ပြောင်း၊ နှမ်း အရောင်းအဝယ်ပြုလုပ်သူ တစ်ရက်လျှင် ဦးရေ ၇၀၀ ကျော်ထိရှိလာ



**မန္တလေး ဇွန် ၁၆**

ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)အတွင်း ပဲ၊ ပြောင်း၊ နှမ်း အရောင်းအဝယ်ပြုလုပ်သူ တစ်ရက်လျှင် ဦးရေ ၇၀၀ ကျော်ထိ ရှိလာကြောင်း မန္တလေးကုန်စည်ဒိုင်အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ မန္တလေးကုန်စည်ဒိုင်အတွင်း ပဲ၊ ပြောင်း၊ နှမ်း စသည့်ကုန်စည်များကို အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း၊ ဇွန်လပထမပတ်က မန္တလေးကုန်စည်ဒိုင်အတွင်း အရောင်းအဝယ်ပြုလုပ်သည့် ပွဲရုံပိုင်ရှင်များနှင့် အရောင်းအဝယ်သမားများ ပုံမှန်အတိုင်းသာ ရှိခဲ့ပြီး ဇွန်လ ဒုတိယပတ်မှစ၍ အရောင်းအဝယ်ပြုလုပ်သူ များပြားလာကြောင်း သိရသည်။

"အခုက ပဲ၊ ပြောင်း၊ နှမ်းကုန်စည်အားလုံးနီးပါး အရောင်းအဝယ် အနည်းငယ်ပြန်ပြီးကောင်းလာတယ်။ ကုလားပဲ၊ မတ်ပဲနဲ့ နှမ်းကတော့ အရောင်းအဝယ် ပြန်ကောင်းနေတယ်။ တချို့ အဝယ်မလိုက်ဘဲ အရောင်းအဝယ်သိပ်မကောင်းတဲ့ ကုန်စည်ကတော့ အနည်းငယ်လောက်ပဲရှိပါတယ်"ဟု မန္တလေးကုန်စည်ဒိုင်အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးကုန်စည်ဒိုင်အတွင်း ပဲ၊ ပြောင်း၊ နှမ်းအရောင်းအဝယ်ပြုလုပ်သူဦးရေမှာ ဇွန်လ ပထမပတ်က တစ်ရက်လျှင် ဦးရေ ၆၀၀ ကျော်သာရှိခဲ့သော်လည်း ဇွန်လ ဒုတိယပတ်မှစ၍ အရောင်းအဝယ်ပြုလုပ်သူဦးရေမှာ တစ်ရက်လျှင် ဦးရေ ၇၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

မန္တလေးကုန်စည်ဒိုင်အတွင်း ပဲ၊ ပြောင်း၊ နှမ်း စသည့်ကုန်စည်များကို အရောင်းအဝယ်ပြုလုပ်သူများ အဆင်ပြေစေရေးအတွက် ၎င်းကုန်စည်ဒိုင်ကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

(၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဇွန် ၁၆**

မန္တလေးအိမ်ခြံမြေဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံသူအသစ်များ ဝင်ရောက်လာပြီး အငှားဈေးကွက်လည်း ပို၍များလာကာ မြို့တွင်းပိုင်း အချက်အချာကျသည့်နေရာများ ငှားရမ်းလိုမှု ပို၍မြင့်တက်နေကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

ငှားရမ်းမှုများတွင် လူနေထိုင်မှုနှင့် ဆိုင်ခန်းဖွင့်လှစ်ရန်ကောင်းသော အချက်အချာကျသည့် အဓိကလမ်းမကြီးများ၊ လူစည်ကားရာရပ်ကွက်ကြီးများတွင် ငှားရမ်းလိုမှုအများဆုံးဖြစ်နေပြီး ဈေးဆိုင်များ၊ ရုံးခန်းများဖွင့်လှစ်ကြရန်နှင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် မြေနေရာအကျယ်အဝန်း လုံလောက်စွာရှိသော နေရာများ ပို၍အငှားဖြစ်နေကြောင်း သိရသည်။

"အငှားဘက် ပိုဖြစ်လာတယ်လို့ ပြောလို့ရတယ်။ ဈေးနှုန်းတွေလဲမြင့်လာတယ်။ မြို့တွင်းပိုင်းလမ်းမကြီးတွေနဲ့ အချက်အချာကျတဲ့နေရာတွေ ပိုရှာခိုင်းတယ်။ စီးပွားရေးသမားတွေတော့မဟုတ်ပေမဲ့ တစ်နိုင်တစ်ပိုင်ဆိုင်ဖွင့်ကြမဲ့သူမျိုးတွေများတယ်"ဟု ချမ်းမြသာစည်မြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးငွေဝင်းက ပြောပြသည်။

ငှားရမ်းမှုဈေးနှုန်းများအနေဖြင့် တစ်လလျှင် ငွေကျပ် ၇၀၀၀၀ မှ ၅၀၀၀၀၀ ခန့်ထိရှိနေပြီး တစ်လလျှင် ငွေကျပ် ၁၅၀၀၀၀ ခန့်ဈေးတန်းရှိ အိမ်ခန်းများ၊ လုံးချင်းနေအိမ်များကို ငှားရမ်းမှု အများဆုံးဖြစ်ကြောင်း သိရသည်။

မြို့တွင်းပိုင်း၌ ၇၃ လမ်းမတန်း (လမ်း ၃၀ မှ မန္တလေးတက္ကသိုလ်အနီးဝန်းကျင်ရပ်ကွက်များ၊ ဆေးတက္ကသိုလ်အနီးဝန်းကျင်ရပ်ကွက်များ၊ မင်္ဂလာမန္တလေးအနီးဝန်းကျင်ရပ်ကွက်များ၊ ၆၂ လမ်းမတန်း (မနော်ဟရီလမ်းမှ ၁၉ လမ်း)၊ ၃၅ လမ်းမတန်း(၆၂ လမ်းမှ ၈၄ လမ်း)၊ လမ်း ၃၀ (၈၄ လမ်းမှ ၆၂ လမ်း)၊ ဘူတာကြီးအနီးတိုက်ခန်းများတွင် ငှားရမ်းလိုမှု အများဆုံးဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၅၀၀ မှ သိန်း ၁၇၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့် အထက်၊ အမရပူရမြို့နယ်တွင် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့် အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးငွေဝင်းထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ဖြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖောင်ဒဒည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မော်လိုက်ခရိုင်၌ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်

**မော်လိုက် ဇွန် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်ပွဲကို ဇွန် ၁၅ ရက် နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မော်လိုက်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မော်လိုက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သန်းသန်းမြင့်က ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

အဆိုပါ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းသို့ မော်လိုက်ခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ သင်တန်းသား၊ သင်တန်းသူ ၁၀ ဦးတက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက ရသုံးမှန်းခြေငွေစာရင်းနှင့် ဌာနဆိုင်ရာ ငွေစာရင်းများ ထိန်းသိမ်းရေးဆွဲနည်း၊ အဆိုပါစာရင်းများအား Computerized System ဖြင့် ရေးသွင်းခြင်းဆိုင်ရာပညာရပ်များကို ဇွန် ၁၅ ရက်မှ ၂၀ ရက်ထိ ခုနစ်ရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သန်းသန်းမြင့်ထံမှ သိရသည်။

**ချစ်ဦးကို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ခေါ့ကိုင်မြို့နေ ဦးညီညီ-ဒေါ်သိန်းနှ သန်းတစ်ရာဆက် မိသားစုက ဆွမ်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၇၀၀၀၀၀ လှူဒါန်းရာ သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ဝင်း၊ ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ယခုဘဏ္ဍာနှစ် ဧပြီလနှင့် မေလအတွင်း ပျားရည်တန်ချိန် ၄၃၀ ကျော် တင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၆၅၀၀၀၀ ကျော် နိုင်ငံခြားဝင်ငွေရရှိခဲ့



**နေပြည်တော် ဇွန် ၁၆**

ယခုဘဏ္ဍာနှစ် ဧပြီလနှင့် မေလအတွင်း ပျားရည်တန်ချိန် ၄၃၀ ကျော်တင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၆၅၀၀၀၀ ကျော် နိုင်ငံခြားဝင်ငွေရရှိခဲ့ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပျားရည်များကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးလျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပျားရည်တန်ချိန် ၁၉၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့သဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်း နိုင်ငံခြားဝင်ငွေရရှိခဲ့ကြောင်း၊ ယခုဘဏ္ဍာနှစ် ဧပြီလနှင့် မေလအတွင်း ပျားရည်တန်ချိန် ၄၃၇ ဒသမ ၁၁ တန် တင်ပို့ရောင်းချနိုင်ခဲ့သဖြင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၅ သိန်း နိုင်ငံခြားဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်တွင် ပျားရည်များကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးရာ၌ ဧပြီလတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သိန်းတန်ဖိုးရှိ ပျားရည် ၁၀၀ ဒသမ ၄၁ တန် တင်ပို့ရောင်းချပေးခဲ့ပြီး မေလတွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၅ သိန်းတန်ဖိုးရှိ ပျားရည် ၃၃၆ ဒသမ ၇ တန် စုစုပေါင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၅ သိန်းတန်ဖိုးရှိ ပျားရည် ၄၃၇ ဒသမ ၁၁ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ဧပြီလတွင် ထိုင်းနိုင်ငံသို့ ပျားရည် ၆၀ ဒသမ ၃ တန်နှင့် ဂျပန်နိုင်ငံသို့ ပျားရည် ၄၀ ဒသမ ၁၁ တန် စုစုပေါင်း ပျားရည် ၁၀၀ ဒသမ ၄၁ တန် တင်ပို့ရောင်းချပေးခဲ့ပြီး မေလတွင် ထိုင်းနိုင်ငံသို့ ပျားရည် ၁၄၀ ဒသမ ၇ တန်၊ ဂျပန်နိုင်ငံသို့ ပျားရည် ၁၇၆ တန်နှင့် တောင်ကိုရီးယားနိုင်ငံသို့ ပျားရည်တန်ချိန် ၂၀ စုစုပေါင်း ပျားရည် ၃၃၆ ဒသမ ၇ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ပုဂ္ဂလိကကဏ္ဍက အဆိုပါပျားရည်များကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရောင်းချပေးခဲ့ပြီး လက်ရှိတွင် မြန်မာနိုင်ငံ၌ နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ ရော်ဘာပျားရည်နှင့် လိုက်ချီးပျားရည်တို့၍ ထုတ်လုပ်နေပြီဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သတင်းများအရ သိရသည်။

SKL

# မိုးမိတ်မြို့နယ် ကွမ်းတောအင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**မိုးမိတ် ဇွန် ၁၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကွမ်းတောအင်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇွန် ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ကွမ်းတောအင်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကွမ်းတောအင်းကျေးရွာ၌ လမ်းအရှည်ပေ ၇၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၇ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၅၃ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဇွန်လပထမပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၈၀၃၇ ဧက စိုက်ပျိုးပြီးစီး

**ရမည်းသင်း ဇွန် ၁၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၈၀၃၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ လျာထား ၅၆၇၅၇ ဧကကို ယခုနှစ် မေလစတုတ္ထပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲတီစိမ်း ၁၆၈၆၅ ဧက၊ ပဲစင်းငုံ ၃၂၈ ဧကနှင့် အခြားပဲ ၈၄၄ ဧက စုစုပေါင်း ပဲမျိုးစုံ ၁၈၀၃၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် စိုက်ဧကများကိုလည်း ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ရမည်းသင်းမြို့နယ်အတွင်းမှာ အခုနှစ် မိုးရာသီကာလ မိုးပဲမျိုးစုံဖြစ်တဲ့ ပဲတီစိမ်း၊ ပဲစင်းငုံ၊ အခြားပဲတွေကို စိုက်ပျိုးနေပါတယ်။ လက်ရှိအချိန်ထိ ပဲမျိုးစုံ ၁၈၀၃၇ ဧက စိုက်ပျိုးပြီးစီးနေပါပြီ။ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်သွားမှာပါ။ တောင်သူတွေအနေနဲ့ကလဲ မိုးရွာသွန်းတဲ့အပေါ် မူတည်ပြီး စိုက်ပျိုးကြတာပါ။ တောင်သူတွေ ပဲမျိုးစုံစနစ်တကျစိုက်ပျိုးနိုင်ဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးပါတယ်။ ရေမြေရာသီဥတုနဲ့ကိုက်ညီတဲ့ သီးနှံတွေကို အဓိကဦးစားပေးပြီး တောင်သူတွေ စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးပါတယ်။ ပြည်တွင်းစားသုံးမှုဖူလုံရုံသာမကပဲ ပြည်ပတင်ပို့တဲ့အခါမှာလဲ ဈေးကောင်းရရှိတဲ့ သီးနှံတွေဖြစ်ပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရန်၊ စီးပွားမျိုးများစိုက်ပျိုးရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၁၈၅)



# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ (၁၈၂)

ကြည်လွင်မြင့်(မုံရွာ)

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော့်အသက် ၄၈ နှစ်ပါ။ အလုပ်က ဈေးရောင်းပါတယ်။ အနည်းငယ်အထိုင်များပါတယ်။ ကျွန်တော့်မှာ ကျောနံရိုးညှပ်အောင့်တဲ့ရောဂါဖြစ်နေပါတယ်။ အထူးသဖြင့် ထမင်းကို အဝစားမိရင်ဖြစ်ပါတယ်။ နေ့ခင်းဘက်မှာအိပ်ရင်လဲ စောကြာလာရင် ကျောနဲ့ ရှေ့ရင်ဘတ် အောင့်လာတတ်ပါတယ်။ ညအိပ်ရင်လဲ တစ်ခါတစ်ရံ အောင့်ပါတယ်။ ဒါကြောင့် ညစာကိုလဲ သိပ်မစားရဲပါဘူး။ ဝမ်းမချုပ်ပါ။ ဝမ်းလဲမှန်ပါတယ်။ ဘာရောဂါတွေဖြစ်နိုင်ပါသလဲ။ အကြံညဏ်ကောင်းစံအပ်ပါတယ်ခင်ဗျာ။**

ဖြေ ။ ။ သည်းခြေကျောက်တည်တဲ့လက္ခဏာဖြစ်နိုင်ပါတယ်။ အထူးသဖြင့် အထိုင်များတဲ့သူတွေမှာ ဖြစ်တတ်ပါတယ်။ လမ်းလျှောက်ပေးဖို့ လိုအပ်ပါတယ်။ အစားအသောက် အဆီ၊ အသားများတာတွေ စားလွန်းလို့ သည်းခြေအိတ်ရောင်ရင်လဲ ဖြစ်တတ်ပါတယ်။ ရောဂါစစ်ဆေးပေးတဲ့ အထူးကုဆေးခန်းတစ်ခုခုသွားပြီး Ultrasound ရိုက်ကြည့်ရင် သေချာသိနိုင်ပါတယ်။ လောလောဆယ် ဆင်ခြင်ဖို့ကတော့ မာတဲ့အစာ၊ ကောက်ညှင်း၊ အပူအစပ်လွန်ကဲတဲ့အစာတွေရှောင်ပါ။ အနီရောင်ရှိတဲ့ အသား၊ ဦးနှောက်၊ အသည်း၊ အမြစ်၊ ကလီစာတွေမစားဘဲ ရှောင်ကြဉ်ပါ။ ရေခဲရေလဲ ရှောင်ပါ။ အထူးသဖြင့် အစာစားနေစဉ် အချိုရည်၊ ရေခဲရေသောက်တာကို ရှောင်ကြဉ်ပါ။ ထမင်းစားပြီးရင် ရေနွေးကြမ်းသောက်ပေးပါ။ တကယ်လို့ စစ်ဆေးပြီးသည်းခြေကျောက်တွေ့ခဲ့ရင် ကျောက်ကဲ့ရွက်ကို ရေနွေးဖြောပြီး သုပ်စားပါ။ သံမနိုင်ကျောက်မနိုင်ပင်၊ တောသီးဖြူပင်တွေ ကျိုသောက်ပါ။ ငါးပုတ်သင်ခေါင်းက ကျောက်ကို သံပရာရည်နဲ့စိမ်သောက်ပါ။ ငါးပြေမကို စောင်းလျားသီးနဲ့ ရောချက်စားပါ။ လက်တွေ့ပျောက်ကင်းဖူးသူ တစ်ယောက်ရဲ့အဆိုအရ ပေရွက်အစိုကို သုံးခွက် တစ်ခွက်တင်ကျိုပြီး တစ်နေ့မတ်ခွက်တစ်လုံးစာ ၁၄ ရက် လောက်သောက်သုံးရင် သည်းခြေအိတ်ကကျောက်တွေ ပျော်ကျတယ်လို့ ဆိုပါတယ်။ ရေများများသောက်ပါ။

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော့်မှာ အရေပြားလေးဖက်နာလို့ ဆရာဝန်တွေက သတ်မှတ်တဲ့ရောဂါတစ်မျိုးဖြစ်နေပါတယ်။ ပုံမှန်ဆေးစားနေပါတယ်။ အရှင်းပျောက်ကင်းအောင် တိုင်းရင်းဆေးနဲ့ကုသလို့ ရနိုင်ပါသလားခင်ဗျာ။ ကျေးဇူးပြုပြီး ဖြေကြားပေးဖို့မေတ္တာရပ်ခံအပ်ပါတယ်။**

ဖြေ ။ ။ အရေပြားလေးဖက်နာ (SLE) က စိတ်ရှုပ်ရပါတယ်။ ရာသက်ပန်ဆေးစားရတဲ့ ရောဂါမျိုးဖြစ်ပါတယ်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရညီမျှအောင် နေထိုင်ပြီး သင့်တော်တဲ့ဆေးစားရင် ပျောက်ကင်းနိုင်ပါတယ်။ အရေပြားလေးဖက်နာဆေးဆိုပြီး သီးခြားမရှိပါ။ ဒွေ၊ မိုး၊ ဆောင်း ရာသီဥတုအလိုက် တိုင်းရင်းဆေးဆရာတွေက သင့်တော်တဲ့ဆေးတွေ ပြောင်းပေးပြီး ကုသရပါတယ်။ အစားအသောက်လဲ အထူးဆင်ခြင်ရတဲ့ရောဂါမျိုးဖြစ်ပါတယ်။ ဒါပေမဲ့စိတ်ဓာတ်မကျပါနဲ့။ ဆေးကုသမှုပုံမှန်ခံယူရင် သက်တမ်းစေ့နေနိုင်တဲ့ရောဂါမျိုးဖြစ်ပါတယ်။ ရေချိုးရင် တမာရွက်ပြုတ်ရည်နဲ့ ပုံမှန်ရေချိုးပေးလို့ အရေပြားလေးဖက်နာသက်သာသူတွေတွေ့ဖူးပါတယ်။ မြန်မာဆေးနံ့သာဖြူ၊ နံ့သာနီ၊ ကရမက် သုံးမျိုးကို ရောစပ်သွေးလိမ်းပေးရင်၊ သင့်ရှုံသောက်သုံးပေးရင် ရောဂါသက်သာနိုင်ပါတယ်။ အပူကန်စေတဲ့အစာ မျှစ်၊ မျှစ်ချဉ်၊ အုန်းထမင်း၊ ဒံပေါက်၊ ရေခဲရေ စတာတွေ ရှောင်ကြဉ်ပါ။ အုန်းရည်၊ အုန်းသီးစိမ်းအနှအရည် သောက်သုံးပေးပါ။ ရှောက်ရည် သုံးဇွန်း၊ ပျားရည်တစ်ဇွန်းစပ်ပြီး ညအိပ်ရာဝင်တိုင်း သောက်သုံးပေးပါ။ တိုင်းရင်းဆေး၊ လေပူကျဆေး၊ အပူငြိမ်းသွေးဆေး၊ သည်းခြေဆေးတွေ သောက်သုံးနိုင်ပါတယ်။ တိုင်းရင်းဆေးခန်းတွေမှာ မေးမြန်းဝယ်ယူပါ။ ကုသမှုခံယူပါ။

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော့်အသက် ၄၆ နှစ်ပါ။ နယ်မြို့လေးတစ်မြို့မှာအလုပ်လုပ်နေတဲ့ ဝန်ထမ်းတစ်ယောက်ဖြစ်ပါတယ်။ အလုပ်က အထိုင်များပါတယ်။ လိပ်ခေါင်းဖြစ်နေတာကြာပါပြီ။ ကျွန်တော့်ခန္ဓာကိုယ်က သေးပါတယ်။ ဒါပေမဲ့ အထိုင်များပြီး ဒီရောဂါဖြစ်လာတာပါ။ တိုင်းရင်းဆေးတော်တော်များများသုံးဖူးပါတယ်။ အခုလောလောဆယ် ဩဠာရိကသုခမ(ဩ/သ)ဆေး စားနေတာ နှစ်နှစ်ကျော်ပါပြီ။ လိပ်ခေါင်းရောဂါက အရှင်းမပျောက်သေးပါ။ အနေအထိုင်၊ အစားအသောက်မှားရင် နည်းနည်းကြီးလာပါတယ်။ သွေးမကျတာ ၁၀ လလောက်ရှိပေမဲ့ ပြီးခဲ့တဲ့ရက်ကတော့ ဝမ်းမှာ သွေးအနည်းငယ်ပါလာပါတယ်။ ဆရာကြီးရဲ့ ဆေးနည်းတိုအမေး၊ အဖြေ ဖတ်မိလို့ လိပ်ခေါင်းကို ဆားခါးရည်စိမ်မို့ စိတ်ဝင်စားနေပါတယ်။ ဝမ်းက မကြာခဏသွားရလို့ ဝမ်းသွားပြီးတိုင်း ဆားခါးရည်စိမ်ရမှာလား၊ ဘယ်လိုစိမ်ရမလဲဆိုတာ မသိလို့ မေးမြန်းတာဖြစ်ပါတယ်ဆရာကြီးခင်ဗျာ။**

ဖြေ ။ ။ လိပ်ခေါင်းရောဂါမှာ အဆင့် သုံးဆင့်ရှိတယ်။ ပထမအဆင့်မှာ ဝမ်းချုပ်ရင်သွေးကျတတ်တဲ့ လိပ်ခေါင်းရောဂါ။ ဒုတိယအဆင့်မှာ ဝမ်းသွားရင် အပြင်ကိုထွက်လာပြီး ရေသုံးလိုက်ရင်ပြန်ဝင်သွားတဲ့ လိပ်ခေါင်းရောဂါ။ တတိယအဆင့်မှာ အပြင်ကိုထွက်နေပြီးပြန်မဝင်နိုင်တဲ့ လိပ်ခေါင်းရောဂါအဆင့်ဖြစ်ပါတယ်။ ပထမအဆင့်၊ ဒုတိယအဆင့် လိပ်ခေါင်းရောဂါတွေက စားဆေး၊ လိမ်းဆေးနဲ့ ကုသနိုင်ပါတယ်။ တတိယအဆင့် အမြဲတမ်းအပြင်ထွက်နေတဲ့ လိပ်ခေါင်းရောဂါက စားဆေး၊ လိမ်းဆေးနဲ့ မရ။ ခွဲစိတ်ကုသရမဲ့အဆင့်ဖြစ်ပါတယ်။ လိပ်ခေါင်းရောဂါဖြစ်သူတွေက အပူအစပ်၊ ကောက်ညှင်း၊ မာတဲ့အစာတွေ၊ ဝမ်းချုပ်စေတဲ့အစာတွေ ရှောင်ကြဉ်ရမဲ့ရောဂါဖြစ်ပါတယ်။ လိပ်ခေါင်းရောဂါရေရှည်ဖြစ်နေသူတွေအတွက် အောက်ပါဆေးနည်းတွေကို သင့်တော်သလိုသုံးစွဲပေးပါ။

(၁) ဆားခါးကို ရေနွေးနဲ့ဖျော် အင်တုံမှာထည့် ရေအေးရောစပ်ပြီး ထိုင်ပေးရင် လိပ်ခေါင်းပြန်ဝင်စေနိုင်ပါတယ်။ ဝမ်းသွားပြီး ရေသန့်စင်ပြီးမှ ထိုင်ပေးပါ။ လိပ်ခေါင်းထွက်ချိန်မှာ ထိုင်ပေးတာက အကောင်းဆုံးဖြစ်ပါတယ်။

(၂) လက်ဖက်ခြောက်အဖန်ရည်၊ ဆားခါး၊ ပျားရည်ရောစပ်ပြီး ဖန်ရည်ဆေးပေးရင် ဒုတိယအဆင့်လိပ်ခေါင်းရောဂါသက်သာစေပါတယ်။

(၃) ကျားမနိုင်မြစ်ကိုသွေးပြီး စအိုအတွင်းကို ဝင်အောင်သုတ်လိမ်းပေးရင် လိပ်ခေါင်းကို ကျုံ့ပြီး ပြန်ဝင်သွားစေနိုင်ပါတယ်။

(၄) ပန်းလဲပွင့်ခြောက်ကို (ပရဆေးဆိုင်တွေမှာမေးဝယ်) သကြားနဲ့ပြုတ်ပြီး သောက်ပေးရင် လိပ်ခေါင်းသွေးကျတာကို သက်သာပျောက်ကင်းစေနိုင်ပါတယ်။

(၅) ကန်စွန်းရိုးနီကို မန်ကျည်းမှည့်နဲ့ ပြုတ်ပြီး သုပ်စားရင် လိပ်ခေါင်းသွေးကျရောဂါသက်သာစေပါတယ်။

(၆) ရေထိကရုံးပင်ကို အတို့အမြုပ်ပြုလုပ်စားပါ။ လိပ်ခေါင်းကြောင့် စအိုယားယံတာသက်သာစေပါတယ်။

(၇) ဗေဒါပင်ကို ဝက်သား ဒါမှမဟုတ် ငါးကြီးခုတ်သားနဲ့ရောချက်စားရင် လိပ်ခေါင်းနဲ့ စအိုရောင်နာကို သက်သာစေပါတယ်။

(၈) ဆင်စွယ်ဂမုန်းပင်ကို ဝက်သားနဲ့ရောချက်စားရင် လိပ်ခေါင်းရောဂါပျောက်ကင်းနိုင်တယ်လို့ ဆိုပါတယ်။ ဝက်သားမစားရင် ငါးမြင်း၊ ငါးတန်ဆူပြီးတဲ့ ငါးတစ်မျိုးမျိုးနဲ့ ရောချက်စားပါ။

(၉) ပွေးကိုင်းကိုလှော်ပြီး ရှောက်သီးတစ်လုံး၊ မန်ကျည်းမှည့်အနှစ်၊ ဆားလှော်တို့နဲ့ရောချက်ပြီး တေဆေးပြုလုပ်စားရင် လိပ်ခေါင်းရောဂါသက်သာပြီး ဝမ်းမှန်စေနိုင်ပါတယ်။



ဆေးဖက်ဝင် ကန်စွန်းရိုးနီကို တွေ့ရစဉ်။

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော်တို့မှာ မျိုးရိုးအလိုက် လေနာရောဂါဖြစ်နေပါတယ်။ ယခင်ကတည်းက အစားမှားရင် လေအန်ပါတယ်။ တစ်ခါတစ်ရံ လေချဉ်တက်ပြီး တစ်ခါတစ်ရံမှာ ဗိုက်အောင့်တတ်ပါတယ်။ ခရီးသွားတဲ့အခါမှာလဲ ရေသောက်ရင် ရေပါအန်လို့ အစားမစားရဲပါ။ လေဆေးအမျိုးမျိုးပြောင်းသောက်ဖူးပါတယ်။ ခဏသက်သာပြီး နောက်တစ်မျိုးပြောင်းသောက်ရပါတယ်။ လေနာရောဂါက မပျောက်ဘူးဆိုတာမှန်ပါသလား။ အစာအိမ်ရောဂါနဲ့ကောအတူတူဖြစ်ပါသလား။ ပျောက်ကင်းသက်သာနိုင်မဲ့ဆေးနည်းတွေ မျှဝေပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ ။ ။ လေနာရောဂါမှန်သမျှ အစာအိမ်နဲ့ အူလမ်းကြောင်းရောင်လို့ ဒါမှမဟုတ် အနာဖြစ်လို့ လေပွလာပြီး လေနာရောဂါဖြစ်လာပါတယ်။ လေထိုးလေအောင့်ရောဂါကလဲ အစာကနေ စပါတယ်။ အစာမကြေတာကြောင့် လေနာရောဂါဖြစ်တတ်ပါတယ်။ အစာမကြေရောဂါကို ဖြစ်စက သေချာမကုသခဲ့လို့ အစာခြေအားနည်းပြီး လေနာရောဂါစွဲကပ်တာဖြစ်လာတတ်ပါတယ်။ အစာအိမ်လေနာရောဂါအတွက် ဆေးနည်းတိုတွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

(၁) ကြက်သွန်ဖြူမီးဖုတ်ပြီး နေ့စဉ်စားပေးရင် လေနာရောဂါ သက်သာစေကာ လေအောက်ကိုသက်စေပါတယ်။

(၂) ဆားကို ဒယ်အိုးမှာ နီရဲအောင်လှော်ပြီး ပုလင်းထဲမှာ လေလုံအောင်သိမ်းထားပါ။ ဆားလှော်ကို ရေနွေးကြမ်းသောက်တိုင်း အနည်းငယ်ထည့်သောက်ပါ။ လေနာရင် ရှောက်ရည်နဲ့ဖျော်ပြီး သောက်ပါ။

(၃) ဖွဲနုနဲ့လုပ်တဲ့မုန့် (ဖွဲနုဆုပ်မုန့်)ကို ပုံမှန်စားသုံးပေးရင် ဒါမှမဟုတ် ဖွဲနုများတဲ့ဆန်ကြမ်းကို စားသုံးပေးရင် အစာအိမ်အားကောင်းပြီး လေနာရောဂါသက်သာစေပါတယ်။

(၄) ဆားပုပ်၊ ဇဝက်သာ၊ သိန္ဓောသုံးမျိုးကို အမှုန့်ကြိတ်ပြီး ဟင်းစားဇွန်း တစ်ဇွန်းလောက် ရှောက်ရည်နဲ့ သောက်သုံးရင် လေနာရောဂါပျောက်ကင်းစေနိုင်ပါတယ်။

(၅) နွယ်ချိုပြုတ်ရည်ကို ပျားရည်၊ ဆားလှော်အနည်းငယ်ရောသောက်ရင် အစာအိမ်ရောင်ပြီးဖြစ်တဲ့ လေနာရောဂါကို သက်သာစေနိုင်ပါတယ်။

(၆) ဆားခါးကိုလှော်ပြီး ရှောက်ရည်နဲ့ စပ်သောက်ရင် စမြင်းထိုးပြီးတက်တဲ့ လေနာရောဂါကို သက်သာစေပါတယ်။

(၇) စမြင်းဗိုက်လို့ဖြစ်တဲ့ လေနာရောဂါကို မန်ကျည်းဖျော်ရည်မှာ ဆားလှော်ထည့်သောက်ရင်သက်သာစေနိုင်ပါတယ်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ဖောင်းပြင်မြို့နယ်တွင် နှမ်းစပါး ၆၁၃၉ ဧက ရိတ်သိမ်းပြီးစီး

**မော်လိုက် ဇွန် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နွေစပါး ၆၁၃၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ဖောင်းပြင်မြို့နယ်တွင် နွေစပါးကို ယခုနှစ် မေလမှစတင်ရိတ်သိမ်းခဲ့ရာ ယခုအခါ ၆၁၃၉ ဧက ရိတ်သိမ်းပြီးစီးခဲ့ပြီး တစ်ဧကလျှင် ၈၀ ဒသမ ၉ တင်းထွက်ရှိကြောင်း သိရသည်။

"ဖောင်းပြင်မြို့နယ်မှာ ဒီနှစ် နွေစပါး ၆၁၃၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာလဲ နွေစပါးတွေရိတ်သိမ်းပြီးနေပြီ။ နွေစပါး စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး အထွက်နှုန်းကောင်းဖို့၊ စိုက်ပျိုးနည်းစနစ်တွေမှန်ကန်ဖို့၊ အချိန်မီစိုက်ပျိုးဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ နွေစပါးစိုက်ပျိုးမှုကတော့ ကောင်းမွန်ပါတယ်"ဟု မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက နွေစပါး ၆၈၇၉ ဧကစိုက်ပျိုးရန်လျာထားပြီး ဇန်နဝါရီလက စိုက်ပျိုးခဲ့ရာ နွေစပါး ၆၁၃၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက ဖောင်းပြင်မြို့နယ်တွင် နွေစပါး ၆၈၇၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် ၈၃ ဒသမ ၅ တင်း ထွက်ရှိကြောင်း၊ ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးသည့်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရန် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်း ပညာပေးခြင်းနှင့် နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးရာသီက မိုးစပါး ၅၄၅၁၃ ဧကစိုက်ပျိုးရန် လျာထားပြီး စိုက်ပျိုးခဲ့ရာ ၅၄၅၁၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# လမ်းပြဆရာ

\- ရှာကျောင်းဆရာ
သူ့ကျောင်းလာ
စိတ်အာရုံရှင်း လင်းသလေ့။

\- ထနောင်းပင်ယံ
ချိုးကူသံ
နာခံစိတ်ထဲ စွဲသလေ့။

\- နေပူမိုးရွာ
မပျက်ပါ
ပညာမနှေး ပေးသလေ့။

\- တပည့်အများ
ကျောရင်သား
ခွဲခြားမလုပ် ချစ်သလေ့။

\- ဘက်စုံပညာ
တတ်သိရာ
အခါမလပ် မှတ်သလေ့။

\- နည်းစနစ်ပီ
ပြောင်းလဲပြီ
ခေတ်မီသင်ကြား ပွားသလေ့။

\- စွမ်းသစ်လူ့ဘောင်
လှမ်းနိုင်အောင်
ရှေ့ဆောင်လမ်းပြ လုသလေ့။ ။

**ညွန့်ဝင်း(နတ်တလင်း)**

# သရက်ချောင်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်

**သရက်ချောင်း ဇွန် ၁၆**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်ချောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမိုးထွေးဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်၊ မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့်အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့ အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းက သင်ကြားပို့ချမှုများကို စိတ်ပါဝင်စားစွာ မှတ်သားလိုက်နာပြီး ပြင်ပတွင် ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်သည်ထိ လေ့လာဆည်းပူးသွားရန် မှာကြားသည်။

ထို့နောက် သင်တန်းနည်းပြများက သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များ၊ သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါသင်တန်းသို့ သရက်ချောင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင်အခြေခံလက်ချုပ်၊ စက်ချုပ်၊ လုံချည်ချုပ်နည်း၊ ကြယ်သီးဖောက်နည်းစသည့် အခြေခံစက်ချုပ်နည်းအမျိုးမျိုးကို ကျွမ်းကျင်နည်းပြများက စာတွေ့၊ လက်တွေ့နှစ်မျိုးဖြင့် ယနေ့မှ ဩဂုတ် ၁၅ ရက်ထိ နှစ်လကြာ အခမဲ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြိုးထက်အောင်(ပျော်ဘွယ်)**

# တပ်ကုန်းမြို့နယ် ငွေးပင်စံပြကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းနှင့် အုတ်စီရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**နေပြည်တော် ဇွန် ၁၆**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ငွေးပင်စံပြကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် အုတ်စီရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၁၅ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးလင်း၊ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ရွှေနှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ ငွေးပင်စံပြကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းနှင့် အုတ်စီရေမြောင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ငွေးပင်စံပြကျေးရွာ၌ ကျေးရွာတွင်း လမ်းအရှည် ၂ ဒသမ ၅၆၁ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မ ကွန်ကရစ်လမ်းခင်းခြင်းနှင့် လမ်းဘေးဝဲ၊ ယာအုတ်စီရေမြောင်းအရှည်ပေ ၃၇၉၀၊ အကျယ် တစ်ပေခြောက်လက်မ၊ အမြင့် တစ်ပေခြောက်လက်မ အုတ်ရိုးစီခြင်းလုပ်ငန်းကို နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေကျပ် ၁၂၃ ဒသမ ၀၈၃ သန်းဖြင့် ဌာနမှ အင်ဂျင်နီယာများစုဖွဲ့ကာ ဇွန်လ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၉၆ အိမ်မှ လူ ၁၀၈၄ ဦးတို့ ရာသီမရွေး အဆင်ပြေစွာသွားလာနိုင်မည်ဖြစ်ကြောင်း တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သူသူ**

## နိုင်ငံတကာ သတင်းများ

# အရှေ့ဘက်ကမ်းရိုးတန်းကမ်းလွန်ရေပြင်အတွင်းသို့ တာတိုပစ်ဒုံးကျည်နှစ်စင်း မြောက်ကိုရီးယားပစ်လွှတ်

**ပြုံယမ်း ဇွန် ၁၆**

မြောက်ကိုရီးယား နိုင်ငံသည် ဇွန် ၁၅ ရက်တွင် အရှေ့ဘက်ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်းသို့ တာတိုပစ်ဒုံးကျည်နှစ်စင်း စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို တုံ့ပြန်မည်ဖြစ်ကြောင်း သတိပေးခဲ့ပြီးနောက် မြောက်ကိုရီးယားနိုင်ငံက တာတိုပစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဂျပန်နှင့် တောင်ကိုရီးယားတာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးရေးအတွက် အမေရိကန်အစိုးရ အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ဆူလီဗန်သည် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ရောက်ရှိနေစဉ် မြောက်ကိုရီးယားနိုင်ငံက တာတိုပစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံက ပစ်လွှတ်လိုက်သော ဒုံးကျည်များသည် ဂျပန်နိုင်ငံ၏အထူးစီးပွားရေးဇုန်ရေပြင်အတွင်းသို့ ကျရောက်ခဲ့ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါဒုံးကျည် ကျရောက်မှုသည် ဂျပန်အထူးစီးပွားရေးဇုန်အတွင်းသို့ ၁၃ ကြိမ်မြောက်အဖြစ် မြောက်ကိုရီးယား ဒုံးကျည်များ ကျရောက်မှုဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံ၏ ဇွန်၁၅ ရက် ဒုံးကျည်စမ်းသပ်မှုကို အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားတို့က ပူးတွဲကြေညာချက်ထုတ်ပြန်၍ ရှုတ်ချခဲ့ကြောင်း သိရသည်။

KKO

# ကနေဒါနိုင်ငံ၌ ယာဉ်တိုက်မှုဖြစ်ပွား အနည်းဆုံး ၁၅ ဦးသေဆုံး

**အော့တာဝါ ဇွန် ၁၆**

ကနေဒါနိုင်ငံ မင်နီဆိုတာပြည်နယ်၌ ဇွန် ၁၅ ရက်က နောက်တွဲကုန်တင်ယာဉ်တစ်စီးက ခရီးသည်တင်ဘတ်စကားတစ်စီးကို ဝင်တိုက်ခဲ့ရာ အနည်းဆုံး လူပေါင်း ၁၅ ဦးသေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

နောက်တွဲကုန်တင်ယာဉ် ဝင်တိုက်ခဲ့သော ခရီးသည်တင်ဘတ်စကားပေါ်တွင် သက်ကြီးပိုင်းအများစုပါဝင်သော ခရီးသည်တစ်စု လိုက်ပါလာကြောင်း ကနေဒါရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုသည် မင်နီဆိုတာပြည်နယ် အနောက်တောင်ပိုင်း ကာဘာရီမြို့အနီးရှိ အဓိကလမ်းမကြီးနှစ်ခု ဆုံတွေ့ရာလမ်းဆုံ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ခရီးသည်တင်ဘတ်စကားပေါ်တွင် ခရီးသည် ၂၅ ဦးလိုက်ပါလာရာ ယာဉ်တိုက်မှုကြောင့် အနည်းဆုံး ၁၅ ဦးသေဆုံး၍ ၁၀ ဦးဒဏ်ရာများရခဲ့ကြောင်း ကနေဒါရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ယာဉ်တိုက်မှုတွင် ပါဝင်ခဲ့သော ယာဉ်နှစ်စီးစလုံးမှ ယာဉ်မောင်းများမှာ အသက်ရှင်ခဲ့ကြကြောင်း ကနေဒါရဲတပ်ဖွဲ့က ပြောကြားထားသော်လည်း ယာဉ်တိုက်မှုအတွက် မည်သူ့တွင် တာဝန်ရှိသည်ကို ထုတ်ပြောရန် ငြင်းပယ်ထားကြောင်း သိရသည်။

ဇွန် ၁၅ ရက် ယာဉ်တိုက်မှုသည် ကနေဒါနိုင်ငံ၏ မျက်မှောက်သမိုင်းတစ်လျှောက် လူအသေအပျောက်အများဆုံး ယာဉ်တိုက်မှုများထဲတွင် ပါဝင်ကြောင်း သိရသည်။

KKO



# ယူကရိန်းတင့်ကားများကို ဖျက်ဆီးနိုင်ခဲ့သော ရုရှားတပ်ဖွဲ့ဝင်များ အပိုဆုကြေးခံစားခွင့်ရရှိမည်



**မော်စကို ဇွန် ၁၆**

ဂျာမနီနိုင်ငံထုတ် လက်ပက်တင့်ကားများနှင့် အမေရိကန်နိုင်ငံက ဖြည့်ဆည်းပေးထားသည့် သံချပ်ကာယာဉ်များအား ဖျက်ဆီးနိုင်ခဲ့သော ရုရှားတပ်ဖွဲ့ဝင်ကို အပိုဆုကြေးခံစားခွင့်များပေးရန် ရုရှားကာကွယ်ရေးဝန်ကြီးဌာနက စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရုရှား တပ်ဖွဲ့ဝင်များအတွက် ဆုကြေးခံစားခွင့်ပေးရေးအစီအစဉ်အရ ယူကရိန်းတင့်ကားများနှင့် သံချပ်ကာယာဉ်များအား ဖျက်ဆီးနိုင်ခဲ့သည့် ရုရှားတပ်ဖွဲ့ဝင်များအတွက် အပိုဆုကြေးများပေးအပ်မည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ယူကရိန်းစစ်ရေးပဋိပက္ခစတင်ချိန်မှစ၍ ယနေ့အချိန်ထိ ကာကွယ်ရေးဝန်ကြီးဌာန၏ အပိုဆုကြေးခံစားခွင့်ရခဲ့သော ရုရှားတပ်ဖွဲ့ဝင်အရေအတွက်မှာ ဦးရေ ၁၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

ရုရှား ကာကွယ်ရေးဝန်ကြီးဆာဂေးရှိုဂူးသည် ယူကရိန်းစစ်မြေပြင်၌ လက်ပက်တင့်ကားနှင့် ဘရက်ဒလေအမျိုးအစား သံချပ်ကာယာဉ်များအား ဖျက်ဆီးနိုင်ခဲ့သည့်ရုရှားတပ်ဖွဲ့ဝင်များကို ရုရှားရွှေကြယ်သူရဲကောင်း ဘွဲ့တံဆိပ်များပေးအပ်ခဲ့ကြောင်း သိရသည်။

ယခုနှစ် မေ ၃၁ ရက်ထိ ယူကရိန်းစစ်မြေပြင်၌ ယူကရိန်းတပ်များ၏ စစ်လက်နက်ပစ္စည်းများ ၁၆၀၀၀ ခုအား ဖျက်ဆီးနိုင်မှုကြောင့် အပိုဆုကြေးခံစားခွင့်ရရှိခဲ့သူ ရုရှားတပ်ဖွဲ့ဝင်အရေအတွက်မှာ ၁၀၂၅၇ ဦးထိရှိသည်။

စစ်မြေပြင်၌ ရန်သူ့သံချပ်ကာယာဉ်တစ်စီးကိုဖျက်ဆီးနိုင်လျှင် အပိုဆုကြေးရူဘယ်လ် ၅၀၀၀၀ ရရှိမည်ဖြစ်ပြီး တင့်ကားတစ်စီးကို ဖျက်ဆီးနိုင်လျှင် ရူဘယ်လ်ငွေ ၁၀၀၀၀၀ ထိ ဆုကြေးငွေခံစားခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။ KKO

# အသေခံမောင်းသူမဲ့လေယာဉ်စမ်းသပ်မှု ပါရှန်ပင်လယ်ကွေ့၌ အီရန်နိုင်ငံပြုလုပ်

**နယူးယောက် ဇွန် ၁၆**

အသေခံမောင်းသူမဲ့တိုက်ပွဲဝင်လေယာဉ်စမ်းသပ်မှု တစ်ရပ်ကို အီရန်နိုင်ငံက ပါရှန်ပင်လယ်ကွေ့၌ ပြုလုပ်ခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူများကို ကိုးကား၍ ရိုက်တာသတင်းဌာနက ဇွန် ၁၅ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါမောင်းသူမဲ့လေယာဉ်စမ်းသပ်မှုကို အီရန်စစ်ဘက်က အီရန်ကမ်းရိုးတန်းရှိ ရှစ်မိုင်နှင့် ကိုးမိုင်ကြား အကွာတွင်ရှိသော ရေပြင်အတွင်း ဇွန် ၁၄ ရက်က ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အသေခံမောင်းသူမဲ့တိုက်ပွဲဝင်လေယာဉ်စမ်းသပ်မှုအတွင်း အီရန်နိုင်ငံသည်ပစ်မှတ်အဖြစ် တွဲရေယာဉ်ဟောင်းတစ်စီးကို အသုံးပြုခဲ့ကြောင်း သိရသည်။



အဆိုပါ စမ်းသပ်မှုအတွင်း အီရန်စစ်ဘက်သည် အနီးဝန်းကျင်ရှိ သင်္ဘောများကို ကြိုတင်အသိပေးခြင်းမရှိဘဲမောင်းသူမဲ့လေယာဉ်မှတစ်ဆင့် ဒုံးကျည်တစ်စင်း ပစ်လွှတ်ခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပါရှန် ပင်လယ်ကွေ့ရေပြင်အတွင်း ၂၀၁၉ ခုနှစ်မှစ၍ ဖြစ်ပွားခဲ့သော ရေနံတင်သင်္ဘောများနှင့် ကုန်တင်သင်္ဘောများ တိုက်ခိုက်ခံရမှုနောက်ကွယ်တွင် အီရန်နိုင်ငံရှိနေကြောင်း အမေရိကန်အစိုးရက စွပ်စွဲထားပြီး ယင်းစွပ်စွဲချက်ကို အီရန်က ငြင်းပယ်ထားသည်။

ပါရှန် ပင်လယ်ကွေ့ဒေသသည် ကမ္ဘာ့အရေးအကြီးဆုံး ကုန်သွယ်ရေလမ်းကြောင်းအချို့ တည်ရှိရာရေပြင်ဖြစ်ကြောင်း သိရသည်။

KKO

# တောင်ကိုရီးယား၌ မော်တော်ယာဉ်အစုလိုက်အပြုံလိုက်ဝင်တိုက်မှုဖြစ်ပွား ကျောင်းသားများအပါအဝင် ဦးရေ ၈၀ ကျော်ဒဏ်ရာရရှိ

**ဆိုးလ် ဇွန် ၁၆**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့အရှေ့ဘက် အဝေးပြေးလမ်းတစ်လမ်းပေါ်၌ မော်တော်ယာဉ်အစုလိုက်အပြုံလိုက် ဝင်တိုက်မှုတစ်ရပ် ယနေ့တွင် ဖြစ်ပွားခဲ့ရာ ကျောင်းသားများ အပါအဝင် လူပေါင်း ၈၀ ကျော် ဒဏ်ရာများရရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဂန်ဝန်ပြည်နယ်၌ ဖြစ်ပွားခဲ့သော အဆိုပါယာဉ်တိုက်မှုတွင် ကျောင်းကားသုံးစီး ပါဝင်ကြောင်း တောင်ကိုရီးယား တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယာဉ်တိုက်မှု ဖြစ်ပွားချိန်တွင် အဆိုပါကျောင်းကားသုံးစီးပေါ်တွင် အလယ်တန်းကျောင်းသား ၇၅ ဦးနှင့် ကျောင်းဆရာများ လိုက်ပါလာကြောင်း သိရသည်။

ယာဉ်မတော်တဆမှု အတွင်း ဒဏ်ရာရသူများအနက် သုံးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်းတောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ယာဉ်တိုက်မှုမည်သို့ဖြစ်ပွားခဲ့ရသည်ကို တောင်ကိုရီးယား တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

ယာဉ်မတော်တဆမှု အတွင်း ဒဏ်ရာပြင်းထန်စွာရခဲ့သူ သုံးဦးထဲတွင် နှစ်ဦးမှာ ကျောင်းသားများဖြစ်ကြသည်ဟု ဂန်ဝန်ပြည်နယ်မီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## ချန်အာ-၆ လမျက်နှာပြင်လေ့လာရေးယာဉ်က ဥရောပအာကာသအေဂျင်စီနှင့် ပြင်သစ်အာကာသအေဂျင်စီတို့၏ စူးစမ်းလေ့လာရေးစနစ်များကိုလည်း သယ်ယူသွားမည်



**ပေကျင်း ဇွန် ၁၆**

တရုတ်နိုင်ငံ၏ ချန်အာ-၆ လမျက်နှာပြင် လေ့လာရေးယာဉ်သည် ဥရောပအာကာသအေဂျင်စီနှင့် ပြင်သစ်အာကာသအေဂျင်စီတို့၏ စူးစမ်းလေ့လာရေးစနစ်များကိုလည်း သယ်ယူသွားမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဇွန် ၁၅ ရက်တွင် ရေးသားတင်ပြထားသည်။

ချန်အာ-၆ လမျက်နှာပြင် လေ့လာရေးယာဉ်က သယ်ယူသွားမည့် ဥရောပအာကာသအေဂျင်စီနှင့် ပြင်သစ်အာကာသအေဂျင်စီ စူးစမ်းလေ့လာရေးစနစ်များမှာ လမျက်နှာပြင် သုတေသနဆိုင်ရာ စူးစမ်းလေ့လာရေးစနစ် နှစ်မျိုးဖြစ်ကြောင်း တရုတ်အာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်းမှ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ စူးစမ်းလေ့လာရေးစနစ်များကို ချန်အာ-၆ ဖြင့် လပေါ်သို့ပို့ဆောင်ရေးအတွက် ဥရောပအာကာသအေဂျင်စီ၊ ပြင်သစ်အာကာသအေဂျင်စီနှင့် တရုတ်အာကာသအေဂျင်စီတို့က ပြီးခဲ့သည့် သီတင်းပတ်အတွင်း နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။

တရုတ်နိုင်ငံသည် ချန်အာ-၆ မစ်ရှင်ကို ၂၀၂၄ ခုနှစ်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း၊ တရုတ်အာကာသအေဂျင်စီသည် ချန်အာ-၆ မစ်ရှင်ဖြင့် လကမ္ဘာအခြားဘက်ခြမ်းမှ ကျောက်သားနမူနာများကို ရယူရန်စီစဉ်ထားကြောင်း သိရသည်။

တရုတ်နိုင်ငံက ၂၀၂၀ ပြည့်နှစ်အတွင်း လွှတ်တင်ခဲ့သော ချန်အာ-၅ လဆင်းယာဉ်သည် လကမ္ဘာမြေစာနမူနာ ၁၇၃၁ ဂရမ်ကို ရယူပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

KKO

## စနေဂြိုဟ်၏ ဆဋ္ဌမအကြီးဆုံးဂြိုဟ်ရံလဖြစ်သော အင်စီလေးဒပ်စ်ဂြိုဟ်ရံလပေါ်တွင် သက်ရှိများဖြစ်ပေါ်လာရေးအတွက် အဓိကကျသည့် ဓာတုဒြပ်စင်တစ်မျိုးတည်ရှိနေ

**ဘာလင် ဇွန် ၁၆**

စနေဂြိုဟ်၏ ဆဋ္ဌမအကြီးဆုံးဂြိုဟ်ရံလဖြစ်သော အင်စီလေးဒပ်စ်ဂြိုဟ်ရံလပေါ်တွင် သက်ရှိများဖြစ်ပေါ်လာရေးအတွက် အဓိကကျသည့် ဓာတုဒြပ်စင်တစ်မျိုးတည်ရှိနေကြောင်း The Daily Mail သတင်းစာက ဇွန် ၁၅ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ကတ်ဆီနီအာကာသယာဉ်မှ ရရှိသောသတင်းအချက်အလက်များအရ အင်စီလေးဒပ်စ်ဂြိုဟ်ရံလပေါ်တွင် သက်ရှိများဖြစ်ပေါ်ရေးအတွက် အခြေခံကျသည့် ဓာတုဒြပ်စင်တစ်မျိုးဖြစ်သည့် ဖော့စဖိတ်များ တည်ရှိနေကြောင်း သိရသည်။

ပို၍ အရေးကြီးသောအချက်မှာ ဖော့စဖိတ်ဓာတ်များသည် ကျောက်သားတွင်းထွက်ပစ္စည်းများထဲတွင် ခိုအောင်းနေခြင်းမဟုတ်ဘဲ အင်စီလေးဒပ်စ်ဂြိုဟ်ရံလ သမုဒ္ဒရာရေထုအတွင်း ဆားဓာတ်အဖြစ် ပျော်ဝင်နေခြင်းဖြစ်ကြောင်း ဂျာမနီနိုင်ငံ ဘာလင်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။



ဖော့စဖိတ်ဓာတ်သည် ကမ္ဘာမြေပေါ်မှတစ်ပါး နေအဖွဲ့အစည်းအတွင်းရှိ အခြားဂြိုဟ်များ၊ ဂြိုဟ်ရံလများပေါ်ရှိ သမုဒ္ဒရာများ၌ မတွေ့ဖူးသေးသည့် ဓာတုပစ္စည်းများထဲတွင် ပါဝင်သည်။

အင်စီလေးဒပ်စ်ဂြိုဟ်ရံလသည် နေအဖွဲ့အစည်းအတွင်း၌ အရည်ပုံစံဖြင့် ရေဓာတ်တည်ရှိသော နေရာအနည်းငယ်ထဲတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

KKO

## နာဆာအာကာသယာဉ်မှူးနှစ်ဦးက နိုင်ငံတကာအာကာသစခန်းပြင်ပသို့ထွက်ခွာ၍ ဆဋ္ဌမမြောက် နေစွမ်းအင်ပြားကို တပ်ဆင်ပေးခဲ့

**ဝါရှင်တန် ဇွန် ၁၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)အာကာသယာဉ်မှူးနှစ်ဦးသည် ဇွန် ၁၅ ရက်တွင် နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ ထွက်ခွာ၍ ဆဋ္ဌမမြောက် နေစွမ်းအင်ပြားကို တပ်ဆင်ပေးခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

နာဆာ အာကာသယာဉ်မှူး ဝါရန်းဝုဒ်ဘိုးဘာ့ဂ်နှင့် စတီဖင် ဘိုဝန်တို့၏ နိုင်ငံတကာအာကာသစခန်းပြင်ပထွက်ခွာချိန်မှာ ငါးနာရီနှင့် ၃၅ မိနစ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

အာကာသ ဟင်းလင်းပြင်အတွင်းထွက်ခွာစဉ်တွင် နာဆာအာကာသယာဉ်မှူး နှစ်ဦးသည် နိုင်ငံတကာ အာကာသစခန်း၏ ဆဋ္ဌမမြောက်နေစွမ်းအင်ပြားကို အောင်မြင်စွာတပ်ဆင်ပေးနိုင်ခဲ့ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ နေစွမ်းအင်ပြားသစ်သည် နိုင်ငံတကာအာကာသစခန်းစွမ်းအင်ဖြည့်ဆည်းမှုစနစ်အတွက် အသစ်တပ်ဆင်နေသော နေစွမ်းအင်ပြားခြောက်ပြားအနက် နောက်ဆုံးနေစွမ်းအင်ပြားဖြစ်သည်။

ပဉ္စမမြောက်နေစွမ်းအင်ပြားကိုလည်း နာဆာအာကာသယာဉ်မှူး ဟိုးဘာ့ဂ်နှင့် ဘိုဝန်တို့ကပင် ပြီးခဲ့သည့် သီတင်းပတ်က တပ်ဆင်ပေးခဲ့ခြင်းဖြစ်သည်။

ဇွန် ၁၅ ရက် အာကာသဟင်းလင်းပြင်အတွင်း ထွက်ခွာမှုသည် နိုင်ငံတကာအာကာသစခန်း ယာဉ်မှူးများက ယခုနှစ်အတွင်း ပြုလုပ်ခဲ့သော အဋ္ဌမမြောက် အာကာသဟင်းလင်းပြင်အတွင်း ထွက်ခွာမှုဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## ပဋိဇီဝဆေးတစ်မျိုးက သားအိမ်အတွင်း တစ်ရှူးပျက်စီးမှုကို လျှော့ချပေးနိုင်

**တိုကျို ဇွန် ၁၆**

Fusobacterium ခေါ် ဗက်တီးရီးယားရောဂါကို ကုသရာတွင် အသုံးပြုသည့် ပဋိဇီဝဆေးတစ်မျိုးသည် သားအိမ်အတွင်း ဆဲလ်များ နေရာလွဲမှုပြဿနာ (Endometriosis) နှင့်ဆက်စပ်နေသည့် တစ်ရှူးပျက်စီးမှုများကို လျှော့ချပေးနိုင်ကြောင်း ယူပီအိုင်သတင်းဌာနက ဇွန် ၁၅ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါတွေ့ရှိချက်ကို ဂျပန်နိုင်ငံ နာဂိုယာတက္ကသိုလ် ဆေးကျောင်းမှ သုတေသနပညာရှင်များက ဖော်ထုတ်တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်သုတေသနပညာရှင်များသည် ကြွက်များ၏ သားအိမ်ကို လေ့လာခဲ့ကြရာ Fusobacterium ရောဂါရှိသည့်ကြွက်များ၏ သားအိမ်အတွင်း တစ်ရှူးပျက်လွှာများမှာ ထုပိုထူနေတတ်ကြောင်း ဖော်ထုတ် တွေ့ရှိခဲ့ရသည်။

သို့ရာတွင် ၎င်းကြွက်များကို Fusobacterium တိုက်ဖျက်ရေး ပဋိဇီဝဆေးများနှင့် ကုသပေးချိန်တွင် သားအိမ်အတွင်း တစ်ရှူးပျက်စီးမှု လျော့ပါးလာသည်ကို တွေ့ရကြောင်း ဂျပန်သုတေသနပညာရှင်များက ပြောကြားသည်။

Fusobacterium ရောဂါကို Penicillin နှင့် Cephalosporin တို့လည်းပါဝင်သော Beta Lamtam အုပ်စုဝင် ပဋိဇီဝဆေးများဖြင့် ကုသနိုင်ကြောင်း သိရသည်။

Endometriosis ပြဿနာသည် အသက် ၁၅ နှစ်နှင့် ၄၉ နှစ်ကြား အမျိုးသမီး ၁၀ ဦးလျှင် တစ်ဦးရင်ဆိုင်ရတတ်သည့် ရောဂါဖြစ်ပြီး ၎င်းရောဂါကြောင့် တင်ပါးဆုံပိုင်း နာကျင်ကိုက်ခဲမှု၊ မျိုးဆက်ပွားနိုင်စွမ်း ပျက်စီးမှုအပါအဝင် ကျန်းမာရေးပြဿနာများ ပေါ်လာတတ်ကြောင်း သိရသည်။ KKO

## Alectinib ဆေးက နံနက်စာဗိုက်အပြည့်စားပြီး သုံးစွဲချိန်တွင် အာနိသင်ပို၍ထိရောက်မှုရှိ

**အမ်စတာဒမ် ဇွန် ၁၆**

အဆုတ်ကင်ဆာရောဂါ ဆေးတစ်မျိုးဖြစ်သည့် Alectinib (Alecensa)သည် နံနက်စာ ဗိုက်အပြည့်စားပြီး သုံးစွဲချိန်တွင် အာနိသင် ပို၍ထိရောက်မှုရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇွန် ၁၅ ရက်တွင် ရေးသားတင်ပြထားသည်။

နယ်သာလန်နိုင်ငံမှ သုတေသနပညာရှင်များသည် Alectinib အဆုတ်ကင်ဆာဆေး တစ်ရက်နှစ်လုံးသောက်သုံးနေရသည့် လူနာဦးရေ ၂၀ တို့၏ အစားအစာစားသောက်မှုပုံစံနှင့်ဆေးအာနိသင်ပြမှုအဆင့်တို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက် ရလဒ်များအရ အဆီဓာတ်ပါဝင်မှုနိမ့်ပါးသည့် နံနက်စာကို စားသုံးသူလူနာများတွင် Alectinib ဆေးအာနိသင်ပြနိုင်စွမ်းသည် နံနက်စာဗိုက်အပြည့်စားသူများနှင့်နှိုင်းယှဉ်လျှင် ၁၄ ရာခိုင်နှုန်းပိုနည်းကြောင်း သိရသည်။

ထို့ပြင် ညစာစားရာတွင် အတွင်းအဆီဓာတ် ပါဝင်မှုနည်းသည့် အစားအစာစားသုံးသူများ၏ Alectinib ဆေးအာနိသင်ပြမှုသည် ဗိုက်အပြည့်စားသူများနှင့်နှိုင်းယှဉ်လျှင် ၂၀ ရာခိုင်နှုန်းပိုနည်းကြောင်း နယ်သာလန် သုတေသနပညာရှင်များက ပြောကြားသည်။

အထက်ပါ လေ့လာတွေ့ရှိချက်များအရ ကင်ဆာသောက်ဆေးများ ထိရောက်မှုတွင် အစားအစာ၏ အခန်းကဏ္ဍသည်လည်း အရေးပါသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

Alectinib ဆေးသည်ပြင်းထန်သည့် အဆုတ်ကင်ဆာရောဂါပုံစံတချို့ကို ကုသရာတွင်အသုံးပြုသည့် ဆေးတစ်မျိုးဖြစ်ကြောင်း သိရသည်။

KKO






# လီဗာပူးအသင်းက ကစားသမား ၁၁ ဦးထိ အသင်းမှထွက်ခွာခွင့်ပြုခဲ့ကြောင်း ထုတ်ပြန်

**လန်ဒန် ဇွန် ၁၆**

လီဗာပူးအသင်းသည် အသင်းမှ စီနီယာကစားသမားလေးဦးနှင့် လူငယ်အကယ်ဒမီမှ ကစားသမား ခုနစ်ဦးကို အသင်းမှထွက်ခွာခွင့်ပြုခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု ဒေးလီးမေးလ်သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

လီဗာပူးအသင်းသည် အသက်အရွယ်အရ အကျပိုင်းရောက်လာပြီး ဒဏ်ရာပြဿနာများနှင့် ရုန်းကန်နေရသည့် ကွင်းလယ်ကစားသမားများဖြစ်သည့် ဂျိမ်းမင်နာ၊ နာဘီကီတာ၊ ချိန်ဘာလိန်းနှင့်တိုက်စစ်မှူး ဖာမင်နိုတို့ကို အသင်းမှထွက်ခွာခွင့်ပြုခဲ့ပြီး လူငယ်ကစားသမားများဖြစ်သည့် ကွင်းလယ်ကစားသမား ဂျက်ဘဲနီ၊ ဂိုးသမားဟုဂက်စ်၊ ခံစစ်ကစားသမား ဟေးရက်ဂရင်း၊ ဂိုးသမားကယ်လီ၊ တိုက်စစ်မှူး အိုရော်ကီ၊ ခံစစ်ကစားသမား အိုလူဖန်ဝါ၊ တိုက်စစ်မှူး အီရန်ရောဘတ်တို့ကိုလည်း ထွက်ခွာခွင့်ပြုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။

လက်ရှိတွင် ဂိုးသမားကီလာဟာအနေဖြင့် ဒုတိယဦးစားပေး ဂိုးသမားအဖြစ် ပါဝင်နေရသော်လည်း ၎င်းသည် ပွဲကစားချိန်နည်းပါးမှုကြောင့် အသင်းမှထွက်ခွာခဲ့ကာ ဂိုးသမားအဒီယန်ကို အက်လစ်ဆန်၏ နောက်တွင် ဒုတိယဦးစားပေး သတ်မှတ်ခဲ့ပြီး ၎င်းကို အသင်းတာဝန်ရှိသူများက အသင်းနှင့်နှစ်နှစ်သက်တမ်းတိုးရန် စီစဉ်နေကာ အနာဂတ်စီမံကိန်းတွင် ထည့်သွင်းခဲ့ကြောင်း သိရသည်။

အသင်းမှ ထွက်ခွာသွားသည့် ဖာမင်နို၊ နာဘီကီတာ၊ ဂျိမ်းမင်နာနှင့် ချိန်ဘာလိန်းတို့လေးဦးသည် အသင်းအတွက် ပွဲပေါင်း ၉၆၉ ပွဲ ပါဝင်ကစား၍ ဆုဖလားခုနစ်ကြိမ် ရယူပေးခဲ့ကြပြီး အဆုံးအဖြတ်ပွဲစဉ်များတွင် အဓိကသွင်းဂိုးများ သွင်းယူခဲ့သောကြောင့် လီဗာပူးပရိသတ်များ၏ အားပေးထောက်ခံမှုကို ရရှိခဲ့သူများဖြစ်သည်။

လက်ရှိတွင် လီဗာပူးအသင်းသည် ကွင်းလယ်ကစားသမား သုံးဦးထိ ထွက်ခွာသွားသော်လည်း ကွင်းလယ်ပိုင်းတွင် ဘရိုက်တန်အသင်းမှ မက်အယ်လစ်စတာ တစ်ဦးတည်းကိုသာ ခေါ်ယူနိုင်ခဲ့ကာ ကစားသမားသစ်များ ထပ်မံဖြည့်တင်းရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ ML




## အားကစားသတင်း အတိုအထွာများ

- ချဲလ်ဆီးအသင်းက လူငယ်ကစားသမား အန်ဒရီဆန်းတိုစ်ကို အမေရိကန်က ပြည်ဝင်ခွင့်ဗီဇာထုတ်ပေးခဲ့သောကြောင့် လာမည့်ရာသီအကြို အမေရိကခြေစမ်းခရီးစဉ်တွင် အသင်းနှင့်အတူပါဝင်နိုင်မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။
- ဖီဖာကဖွဲ့စည်းမည့် လူမျိုးရေးခွဲခြားမှုတိုက်ဖျက်ရေးအဖွဲ့ကို ရီးရဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူး ဗင်နီစီးယက်စ်က ခေါင်းဆောင်မည်ဖြစ်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အင်ဖန်တီနိုက အတည်ပြုပြောကြားခဲ့သည်။
- စပါးအသင်းက အငှားစာချုပ်ဖြင့်ခေါ်ယူထားသည့် ခံစစ်ကစားသမား လန်ဂလက်နှင့် တိုက်စစ်မှူး ဒန်ဂျူးမားတို့ကို သက်ဆိုင်ရာကလပ်အသင်းများဆီသို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။ ML

# အမေရိကန်အသင်း ကွန်ကာကပ်နေးရှင်းလိဂ် ဖိုင်နယ်ပွဲသို့တက်ရောက်



**လက်စ်ဗီးဂက်စ် ဇွန် ၁၆**

ကွန်ကာကပ်နေးရှင်းလိဂ်ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် အမေရိကန်အသင်းနှင့် မက္ကဆီကိုအသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ အမေရိကန်အသင်းက သုံးဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ဖိုင်နယ်ပွဲစဉ်သို့တက်ရောက်ခဲ့ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်ကို လက်စ်ဗီးဂက်စ်မြို့တွင်ကျင်းပခဲ့ကာ နှစ်သင်းစလုံး ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး မက္ကဆီကိုအသင်းကသာ အိမ်ရှင်အမေရိကန် အသင်းကို တောက်လျှောက် ဖိအားပေးနိုင်ခဲ့သော်လည်း ပွဲကစားချိန် ၃၇ မိနစ်တွင် ကွင်းလယ်ကစားသမားပူလီဆစ်က အလွတ်တည်ကန်ဘောမှ အမေရိကန်အသင်းအတွက် အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် တစ်ဂိုးဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သကဲ့သို့ ဒုတိယပိုင်းတွင်လည်း အမေရိကန်အသင်း ကွင်းလယ်ကစားသမား ပူလီဆစ်က ပွဲအစ ၄၆ မိနစ်တွင် တိုက်စစ်မှူး ဗီယာ၏ဖန်တီးပေးမှုမှ ဒုတိယဦးဆောင်ဂိုး ထပ်မံသွင်းယူခဲ့ရာ မက္ကဆီကိုအသင်းဖိအားအောက်ကျရောက်ခဲ့သည်။

ထို့နောက် မက္ကဆီကိုအသင်းက လူစားလဲမှုများပြုလုပ်၍ တိုက်စစ်မြှင့်တင်ခဲ့သော်လည်း ကစားပုံကြမ်းတမ်းမှုကြောင့် ပွဲချိန် ၆၉ မိနစ်တွင် ခံစစ်ကစားသမား မွန်တက် အနီကတ်ဖြင့်ထုတ်ပယ်ခံခဲ့ရပြီးနောက် ပွဲချိန် ၇၁ မိနစ်တွင် အမေရိကန်ကစားသမား မက်ကင်နီ ရှန်းရင်းဆန်ခတ်မှုကြောင့် အနီကတ်ထပ်မံပြသခံခဲ့ရကာ နှစ်သင်းစလုံး တစ်ယောက်လျော့ဖြင့် ဆက်လက်ကစားခဲ့ရပြီး ပွဲချိန် ၇၉ မိနစ်တွင် ပက်ဗီက တတိယဦးဆောင်ဂိုး သွင်းယူခဲ့သောကြောင့် အမေရိကန်အသင်း ဖိုင်နယ်ပွဲတက်ရောက်ရန် သေချာခဲ့သကဲ့သို့ ပွဲချိန် ၈၆ မိနစ်တွင် နှစ်ဖက်ကစားသမားများအချင်းများမှုကြောင့် အမေရိကန်ကစားသမား ဆာဂျီနိုဒက်စ်နှင့် မက္ကဆီကိုကစားသမားအာတီကာတို့ အနီကတ်ဖြင့် ထပ်မံထုတ်ပယ်ခံခဲ့ရကြောင်း သိရသည်။

ပြိုင်ပွဲပြီးဆုံးချိန်တွင် အမေရိကန်အသင်းက မက္ကဆီကိုအသင်းကို သုံးဂိုးဂိုးမရှိဖြင့်အနိုင်ယူ၍ ဖိုင်နယ်ပွဲတက်ရောက်ခဲ့ပြီး ဖိုင်နယ်ပွဲစဉ်တွင် ပနားမားအသင်းကို နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ကနေဒါအသင်းနှင့် ဆက်လက်ကစားရမည်ဖြစ်ကာ အဆိုပါပွဲစဉ်ကို လာမည့် ဇွန် ၁၉ ရက်တွင် လက်စ်ဗီးဂက်စ်မြို့ နီဗာဒါကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ML

# (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာအမျိုးသား၊ အမျိုးသမီးဘောလုံးအသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇွန် ၁၆**

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာအမျိုးသား ဘောလုံးအသင်းနှင့် အမျိုးသမီးဘောလုံးအသင်းနှစ်သင်းစလုံး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အာရှအားကစားပြိုင်ပွဲများတွင် မြန်မာအမျိုးသားဘောလုံးအသင်းအနေဖြင့် ပါဝင်ယှဉ်ပြိုင်လေ့ရှိသော်လည်း မြန်မာအမျိုးသမီးအသင်းသည် ယခုနှစ်မှသာ ပထမဆုံးအကြိမ်အဖြစ် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

အာရှအားကစားပြိုင်ပွဲကို ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ကျင်းပရမည်ဖြစ်သော်လည်း တရုတ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများရှိနေသေးသည့်အတွက် ပြိုင်ပွဲကိုတစ်နှစ်ရွှေ့ဆိုင်းခဲ့ပြီး လာမည့် စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၇ ရက်ထိ ကျင်းပမည်ဖြစ်သည်။

အာရှ အားကစားပြိုင်ပွဲတွင် အမျိုးသမီးဘောလုံး အားကစားနည်းကို ၁၉၉၀ ပြည့်နှစ်က စတင်ထည့်သွင်း ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာအမျိုးသမီးအသင်းအနေဖြင့် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ပထမဆုံးအကြိမ်ဝင်ရောက်ယှဉ်ပြိုင်ရန်စီစဉ်ခဲ့သော်လည်း မယှဉ်ပြိုင်ဖြစ်ခဲ့ဘဲ ယခုအခါမှသာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအမျိုးသား အသင်းသည် ပြီးခဲ့သည့်(၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲတွင် အာရှထိပ်တန်းအသင်းကြီးများဖြစ်သည့် ဆော်ဒီအသင်း၊ အီရန်အသင်း၊ မြောက်ကိုရီးယားအသင်းတို့နှင့်တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး ရလဒ်များ ကောင်းမွန်ခဲ့သော်လည်း အုပ်စုတွင် အသင်းအားလုံးလေးမှတ်ရရှိခဲ့ကာ ဂိုးကွာခြားချက်ဖြင့် အုပ်စုအဆင့်မှပင် ကျနပ်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ STA

# နည်းပြစပယ်လက်တီနေရာတွင် ရူဒီဂါစီယာကိုခန့်အပ်ကြောင်း နာပိုလီအသင်းထုတ်ပြန်

**ရောမ ဇွန် ၁၆**

နာပိုလီအသင်းသည် အသင်းကို စီးရီးအေချန်ပီယံဆုဖလားရယူပေးခဲ့သည့် နည်းပြစပယ်လက်တီနေရာတွင် နည်းပြသစ်အဖြစ် အယ်နာဆာအသင်းနည်းပြ ရူဒီဂါစီယာကို ခန့်အပ်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၅၉ နှစ်ရှိ ရူဒီဂါစီယာသည် အီတလီကလပ်ရိုးမားအသင်း၊ ပြင်သစ်လီဂူးကလပ် မာဆေးအသင်းနှင့် လိုင်ယွန်အသင်းတို့ကို တာဝန်ယူ ကိုင်တွယ်ခဲ့ပြီးနောက် ဆော်ဒီအာရေဗျပရီးမီးယားလိဂ် အယ်နာဆာအသင်းကိုတာဝန်ယူကိုင်တွယ်ခဲ့ရာ တိုက်စစ်မှူး စီရော်နယ်ဒိုနှင့် ဆက်ဆံရေးတင်းမာမှုများကြောင့် ပြီးခဲ့သည့် ဧပြီလက အသင်းနှင့် နှစ်ဖက်သဘောတူလမ်းခွဲခဲ့ကြောင်း သိရသည်။

နည်းပြ စပယ်လက်တီသည် နာပိုလီအသင်းကို ၁၉၉၀ ပြည့်နှစ်ကတည်းက ဝေးကွာနေသည့် အမှတ်ပေးဆုဖလားကို ရယူပေးနိုင်ခဲ့ပြီးနောက် ၎င်းသည်အသင်းနှင့်စာချုပ်သက်တမ်း ကျန်ရှိနေသော်လည်း အသင်းဥက္ကဋ္ဌထံ ထွက်ခွာခွင့်တောင်းဆို၍ အနားယူရန်ဆုံးဖြတ်ခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက ဥရောပပြိုင်ပွဲအတွေ့အကြုံ ကောင်းများရှိသည့် အယ်နာဆာအသင်း နည်းပြ ရူဒီဂါစီယာကို နည်းပြသစ်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။



နာပိုလီအသင်းသည် နည်းပြ ရူဒီဂါစီယာနှင့် စာချုပ်အသေးစိတ်ကို ထုတ်ပြန်ကြေညာခြင်း မရှိသေးသော်လည်း ကာလတိုစာချုပ်ဖြင့်သာ ခန့်အပ်ခဲ့ကြောင်း သိရသည်။ ML

# မန်ယူအသင်းက ပရီးမီးယားလိဂ်အဖွဲ့ချုပ်ထံပေးပို့ခဲ့သည့်ကစားသမားစာရင်းတွင် ဒီဂီယာပါဝင်လာခြင်းမရှိဘဲ ဂရင်းဝုဒ်ပြန်လည်ပါဝင်



**မန်ချက်စတာ ဇွန် ၁၆**

မန်ယူအသင်းက လာမည့်ဘောလုံးရာသီတွင် အသင်းတွင်ဆက်ရှိနေမည့် ကစားသမားများစာရင်းကို ပရီးမီးယားလိဂ်အဖွဲ့ချုပ်ထံတင်ပြခဲ့ရာ ဂိုးသမားဒီဂီယာပါဝင်လာခြင်းမရှိခဲ့ဘဲ ကာလရှည်အသင်းကစားသမား စာရင်းမှချန်လှပ်ခံထားရသည့် လူငယ်ကစားသမားဂရင်းဝုဒ် ပြန်လည်ပါဝင်လာခဲ့ကြောင်း မန်ချက်စတာညနေခင်းသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂိုးသမားဒီဂီယာသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းနှင့်အတူ အကောင်းဆုံးလက်စွမ်းပြသနိုင်ခဲ့ပြီး ပရီးမီးယားလိဂ်အကောင်းဆုံးဂိုးသမားဆုကို ဆွတ်ခူးနိုင်ခဲ့သော်လည်း အချို့ပွဲစဉ်များတွင် မမှားသင့်သည့်အမှားများကျူးလွန်ခဲ့သည့်အတွက် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသူဖြစ်သည်။

လက်ရှိ မန်ယူအသင်းနှင့် ဒီဂီယာတို့ စာချုပ်သက်တမ်းမှာ ယခုလအကုန်တွင်ပြီးဆုံးမည်ဖြစ်ပြီး အလားတူ လူငယ်တောင်ပံအလွတ် ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ရရှိမည်ဖြစ်သော်လည်း မန်ယူအသင်းက သက်တမ်းတိုးစာချုပ်အတွက် ဆွေးနွေးမှုများပြုလုပ်နေပြီး စာချုပ်သစ်ချုပ်ဆိုရန် မသေချာသည့်အခြေအနေများကြောင့် အသင်းကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရသည်။

ကစားသမား ဂရင်းဝုဒ်သည်လည်း ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်ကတည်းက ၎င်း၏ချစ်သူကို ကိုယ်ထိလက်ရောက်ကျူးလွန်သည့်အမှုဖြင့် ထိန်းသိမ်းခံထားရသောကြောင့် အသင်းကစားသမားစာရင်းမှ ကာလရှည်ချန်လှပ်ခံထားရပြီး လက်ရှိတွင်အမှုမှလွတ်မြောက်ခဲ့ပြီဖြစ်သော်လည်း အသင်းနှင့် အနာဂတ်မရေမရာဖြစ်နေခြင်းဖြစ်သည်။

လက်ရှိ မန်ယူအသင်းနှင့်ဂရင်းဝုဒ်တို့စာချုပ်သက်တမ်းမှာ ၂၀၂၅ ခုနှစ်မှ ကုန်ဆုံးမည်ဖြစ်သည့်အတွက် အသင်းကစားသမားစာရင်းတွင် ပါဝင်လာခဲ့ခြင်းဖြစ်သော်လည်း အသင်းတွင်ဆက်လက်ကစားခွင့်ရရှိရန်မှာ မသေချာသည့်အခြေအနေတွင် ရှိနေကြောင်း သိရသည်။

STA

# US Open ပြိုင်ပွဲ အမှတ်ပေးဇယားကို ဖောင်လာနှင့် ရှောင်ဖီလီတို့ ပူးတွဲဦးဆောင်

**ကယ်လီဖိုးနီးယား ဇွန် ၁၆**

အမေရိကန်နိုင်ငံ ကယ်လီဖိုနီးယားပြည်နယ် လော့အိန်ဂျလိစ်မြို့တွင် ကျင်းပနေသည့် US Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ဖောင်လာနှင့် ရှောင်ဖီလီတို့က သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်ထားနိုင်ကြောင်း IOL သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ဝိုင်ဟမ်ကလက်နှင့် ဒက်စတင်းဂျွန်ဆင်တို့က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားဟားမန်းနှင့် မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမားမက်အီလ်ရွိုင်းတို့က သတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ဖောင်လာက "ပထမနေ့ရလဒ်ကတော့ အံ့အားသင့်စရာကောင်းလောက်အောင် ကောင်းမွန်ခဲ့ပါတယ်။ စံချိန်တင်ရလဒ်တစ်ခုကို စွမ်းဆောင်နိုင်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ ကျွန်တော့်ရဲ့ ကစားသမားဘဝ သက်တမ်းတစ်လျှောက်မှာလဲ ပထမနေ့မှာကစားနိုင်ခဲ့တဲ့ လက်စွမ်းကအကောင်းဆုံးဖြစ်မယ်လို့ထင်ပါတယ်။ ကျင်းတစ်ကျင်းချင်းစီအပေါ်မှာ အာရုံစိုက်ကစားခဲ့တယ်။ ပြီးတော့မှပဲ အမှတ်ပေးဇယားကို ကြည့်လိုက်တော့ ကိုယ့်နာမည်ကိုထိပ်ဆုံးမှာ တွေ့လိုက်ရတော့ စိတ်လှုပ်ရှားခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# Caribbean Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ နီရှီခိုရီ တက်ရောက်



**ဆန်ဂျွမ်အန် ဇွန် ၁၆**

ဂျပန်အဆင့်(၁) တင်းနစ်ကစားသမား နီရှီခိုရီသည် ဒဏ်ရာပြဿနာကြောင့် ကာလရှည်အနားယူခဲ့ရပြီး ဒဏ်ရာမှပြန်လည်သက်သာလာခဲ့ပြီးနောက် ပွာတိုရီကိုနိုင်ငံတွင် ကျင်းပသည့် Caribbean Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဒုတိယအဆင့်တွင် အမေရိကန်တင်းနစ်ကစားသမားကရှုဂျာနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နီရှီခိုရီက (၄-၆ ၊ ၆-၃ ၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Kyodo News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နီရှီခိုရီသည် ပထမပွဲငယ်တွင် ပုံစံကောင်း ပျောက်ဆုံးနေခဲ့ပြီး ကရှုဂျာကို ရှုံးနိမ့်ခဲ့ရသော်လည်း ဒုတိယပွဲငယ်တွင် ပုံစံကောင်း ပြန်လည်ရရှိကာ ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရခဲ့သည်။

အဆုံးအဖြတ် ပွဲစဉ်အဖြစ် တတိယပွဲငယ်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ နီရှီခိုရီကပင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

နီရှီခိုရီသည် ၂၀၂၂ ခုနှစ် အောက်တိုဘာလနောက်ပိုင်း ပထမဦးဆုံးအကြိမ် ပြိုင်ပွဲအတွင်း ပြန်လည်ဝင်ရောက်လာခဲ့ခြင်းဖြစ်ပြီး ကာလရှည်အနားယူခဲ့ရပြီးမှ ပွဲဦးထွက်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့ခြင်းမှာ ၎င်းအတွက်ကျေနပ်စရာအခြေအနေဖြစ်ခဲ့သည်။

နီရှီခိုရီအနေဖြင့် ကရှုဂျာကို အနိုင်ရရှိရန်အတွက် ပွဲချိန် ၂ နာရီ မိနစ် ၂၀ ထိကြာမြင့်ခဲ့သော်လည်း ကြံ့ခိုင်မှုပြန်လည်ပြည့်ဝနေသည့်အတွက် ကစားအားကျဆင်းမသွားဘဲ အကောင်းဆုံးကစားနိုင်ခဲ့ကြောင်း သိရသည်။

AZL

# နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲစဉ်တွင် မြန်မာအသင်းက တရုတ်အသင်းကို ရှုံးနိမ့်

**ရန်ကုန် ဇွန် ၁၆**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်အသိအမှတ်ပြု နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် ယနေ့ညနေ မြန်မာစံတော်ချိန် ညနေ ၅ နာရီက တရုတ်နိုင်ငံတွင် တရုတ်အသင်းနှင့် မြန်မာအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းအနေဖြင့် လေးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်းသိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး မြန်မာအသင်းက တရုတ်အသင်းကို ပွဲအစမိနစ်များတွင် အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့ကာ အပိုင်ဂိုးသွင်းခွင့်အချို့ရရှိခဲ့သော်လည်း တိုက်စစ်ကစားသမားများအဆုံးသတ်ပိုင်း အားနည်းမှုများကြောင့်နစ်နာခဲ့ရသည်။

တရုတ်အသင်းကလဲ ထိရောက်သည့်တိုက်စစ်ဆင်မှုများဖြင့် ဖိအားပေးနိုင်ခဲ့ကာ ပွဲချိန် ၂၉ မိနစ်တွင် အီကီဆွန်ကလည်းကောင်း၊ ပွဲချိန် ၃၅ မိနစ်တွင် လိုင်မင်လင်းကလည်းကောင်း တရုတ်အသင်းအတွက် ဦးဆောင်ဂိုးများအသီးသီး သွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းအပြီးတွင် တရုတ်အသင်းက နှစ်ဂိုးဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း မြန်မာအသင်းက လိုအပ်နေသည့်ချေပဂိုးများနှင့် အနိုင်ဂိုးများအတွက် ပထမပိုင်းကထက် ပိုမိုတိုက်စစ်မြှင့်ဖိအားပေး ကစားခဲ့သော်လည်း တရုတ်အသင်း ခံစစ်ကစားသမားများအကောင်းဆုံး ထိန်းချုပ်ကစားနိုင်ခဲ့ပြီး ပွဲချိန် ၇၅ မိနစ်နှင့် ၈၁မိနစ်တွင် လိုင်ဝူက တရုတ်အသင်းအတွက် ဦးဆောင်ဂိုးနှစ်ဂိုးထပ်မံ သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်၌ တရုတ်အသင်းက မြန်မာအသင်းကို လေးဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ STA



# မိုခါမုန်တိုင်းသဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးရန်ပုံငွေ ဘောလုံးပြိုင်ပွဲတွင် ရုပ်ရှင်အသင်းနှင့် ဂီတအသင်းတို့ ဗိုလ်လုပွဲတက်ရောက်

**ရန်ကုန် ဇွန် ၁၆**

မိုခါမုန်တိုင်း သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးရန်ပုံငွေဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့သည်။


ပြိုင်ပွဲမစတင်မီ ပြိုင်ပွဲဝင်အသင်းနှစ်သင်းကို ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရန်ပုံငွေ ဘောလုံးပြိုင်ပွဲကို ညနေ ၃ နာရီတွင် FOREVER FC အသင်းနှင့် ရုပ်ရှင်အသင်း (MOVIE FC)တို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ ရုပ်ရှင်အသင်း (MOVIE FC) က FOREVER FC အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ညနေ ၅ နာရီတွင် ဒုတိယပွဲစဉ်အဖြစ် ဂီတအသင်း (MUSIC FC)နှင့် ညွန့်ပေါင်း ဘောလုံးအသင်း (OLD STAR FC) တို့ယှဉ်ပြိုင်ကစားကြရာ ဂီတအသင်း (MUSIC FC)က ညွန့်ပေါင်းဘောလုံးအသင်း(OLD STAR FC)အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဇွန် ၁၇ ရက် ညနေ ၃ နာရီတွင် ယနေ့အနိုင်ရရှိခဲ့သည့် ရုပ်ရှင်အသင်း(MOVIE FC)နှင့် ဂီတအသင်း(MUSIC FC) တို့သည် ဗိုလ်လုပွဲအဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး FOREVER FC အသင်းနှင့်ညွန့်ပေါင်းဘောလုံးအသင်း (OLD STAR FC)တို့သည် တတိယနေရာလုပွဲအဖြစ် ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထို့ပြင် ဇွန် ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် အနုပညာရှင်များစွာပါဝင်သော တေးဂီတအစီအစဉ်များဖြင့် ဖျော်ဖြေသွားမည်ဖြစ်ပြီး ထိုနေ့တွင်ရရှိသည့် ဘောလုံးပွဲဝင်ကြေးရန်ပုံငွေများကို မိုခါမုန်တိုင်းသဘာဝဘေးဒဏ်သင့် ဒေသများပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘာလုံးဆိုင်ရာအခင်းအကျင်းတွင် အခွင့်အလမ်းများတိုးချဲ့လာသော BRICS



ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကတို့ ပါဝင်ဖွဲ့စည်းထားသည့် BRICS အဖွဲ့မှ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို ယခုနှစ် ဇွန် ၁ ရက်မှ ၂ ရက်ထိ တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့၌ ပြုလုပ်ခဲ့သည်။ အစည်းအဝေး ဒုတိယနေ့တွင် အာဖရိက၊ ကမ္ဘာ့တောင်ခြမ်းနှင့် BRICS နိုင်ငံများ၏ မိတ်ဆွေနိုင်ငံများကို ကိုယ်စားပြုသည့် နိုင်ငံခြားရေးဝန်ကြီး ၁၅ ဦးလည်း တက်ရောက်ခဲ့သည်။ အစည်းအဝေးအစီအစဉ်များအနက် နိုင်ငံခြားရေးဝန်ကြီးများသည် ယခုနှစ် ဩဂုတ် ၂၂ ရက်မှ ၂၄ ရက်ထိ ကျင်းပသွားမည့် BRICS ထိပ်သီးဆွေးနွေးပွဲ အစီအစဉ်များကို အတည်ပြုဆွေးနွေးခဲ့ကြသည်။

BRICS အဖွဲ့သည် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ဒုတိယဆယ်စုနှစ်ကာလတွင် ကမ္ဘာ့အင်အားအကြီးဆုံး အဖွဲ့အစည်းအဖြစ် ပေါ်ထွက်လာခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု မောင်းနှင်အားတစ်ရပ်အဖြစ် အသိအမှတ်ပြုခံရလျက်ရှိသည်။ BRICS ၏စီးပွားရေးတိုးတက်လာမှုသည် ပထဝီနိုင်ငံရေးဆိုင်ရာ အရေးပါသော အခြေအနေတစ်ရပ်လည်း ဖြစ်လာခဲ့သည်။ အကြောင်းမူကား BRICS အဖွဲ့ကို အမေရိကန်ဦးဆောင်သော လွတ်လပ်သည့် ကမ္ဘာ့အခင်းအကျင်းနေရာတွင် အစားထိုးသွားမည့် အဖွဲ့အစည်းကြီးအဖြစ် ရှုမြင်လာသောကြောင့်ပင်ဖြစ်သည်။

သာဓကအနေဖြင့် BRICS အဖွဲ့၏စုစုပေါင်း GDP သည် အမေရိကန်ဦးဆောင်သော စက်မှုထိပ်သီး ခုနစ်နိုင်ငံ (G-7) အဖွဲ့၏ GDP ထက်ပိုမိုလျက်ရှိသည်။ ဝယ်ယူစားသုံးမှု သဘောတရားအရလည်း G-7 အဖွဲ့၏ GDP သည် ၁၉၈၂ ခုနှစ်တွင် ၅၀ ဒသမ ၄၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် ၃၀ ဒသမ ၃၉ ရာခိုင်နှုန်းထိ ကျဆင်းလာခဲ့သည်။ သို့သော် အလားတူကာလတွင် BRICS အဖွဲ့၏ GDP သည် ၁၀ ဒသမ ၆၆ ရာခိုင်နှုန်းမှ ၃၀ ဒသမ ၅၉ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့သည်။ ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် G-7 အဖွဲ့၏စီးပွားရေးကျဆင်းခဲ့သော်လည်း BRICS အဖွဲ့၏စီးပွားရေးလုပ်ငန်းများ အထူးသဖြင့် တရုတ်နှင့်အိန္ဒိယတို့သည် စီးပွားရေးဆက်လက်တိုးတက်လာခဲ့သည်။

ယူကရိန်းပဋိပက္ခတွင်လည်း BRICS အဖွဲ့သည် ပိုမိုထင်ရှားလာခဲ့သည်။ အကြောင်းမူကား BRICS အဖွဲ့ကို ရုရှား၏မှီခိုအားထားရဆုံး မိတ်ဖက်အဖြစ် ရှုမြင်ထားရှိသည်။ ရုရှားနိုင်ငံကိုယ်တိုင်အပြင် အခြားသော BRICS အဖွဲ့ဝင် လေးနိုင်ငံအနက် မည်သည့်နိုင်ငံကမျှ ရုရှား၏စစ်ဆင်ရေးကို ရှုတ်ချသည့် အနောက်အုပ်စု၏ဆုံးဖြတ်ချက်များအပေါ် ထောက်ခံထားခြင်းမရှိပေ။ ထို့ပြင် အနောက်အုပ်စု၏စီးပွားရေးပိတ်ဆို့မှုများနှင့်လည်း ပူးပေါင်းဆောင်ရွက်ခြင်းမရှိပေ။

စင်စစ်အားဖြင့် BRICS အဖွဲ့သည် ရုရှား၏စီးပွားရေးတောင့်တင်းခိုင်မာရေးအတွက် ဆက်လက်ထောက်ပံ့လျက်ရှိသည့် တစ်ခုတည်းသောအခြေစိုက်ပင်ဖြစ်သည်။ အခြားတစ်ဖက်တွင်လည်း အမေရိကန်သည် ယူကရိန်းကို စစ်ရေးအရထောက်ပံ့ကူညီရန် မိတ်ဖက်နိုင်ငံ ၅၀ ခန့်ဖြင့် အလုပ်ရှုပ်လျက်ရှိသည်။ လက်ရှိအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်လျက်ရှိသော တောင်အာဖရိကသည် ယူကရိန်းနှင့် ရုရှားကြား ပဋိပက္ခအဆုံးသတ်ရေးအတွက် BRICS အဖွဲ့၏ အရေးပါသောအခန်းကဏ္ဍကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် တရုတ်နှင့် အိန္ဒိယတို့အနေဖြင့်လည်း ယူကရိန်းပဋိပက္ခအဆုံးသတ်ရေးအတွက် ကိုယ်စီနည်းလမ်းများရှာဖွေလျက်ရှိသည်။

ထိုသို့လုပ်ဆောင်ခြင်းသည် BRICS အဖွဲ့၏ ရဲရင့်ပြတ်သားသော ရပ်တည်ချက်ကို ထင်ဟပ်စေလျက်ရှိသည်။ ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ သမ္မတပူတင်ကို ဖမ်းဝရမ်းထုတ်သည့် နိုင်ငံတကာခုံရုံးကို ရင်ဆိုင်ရာတွင် တောင်အာဖရိကနိုင်ငံက ရုရှားနိုင်ငံတာဝန်ရှိသူအားလုံးသည် သံတမန်အခွင့်အလမ်းအရ ကင်းလွတ်ခွင့်ရှိကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ထိုသို့ကြေညာခြင်းသည် BRICS အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဖွဲ့အစည်းကြီးအတွင်း၌ ငြိမ်းချမ်းရေးဆွေးနွေးမှုများ လုပ်ဆောင်နိုင်သည့်အပြင် နိုင်ငံတကာရေးရာများတွင်လည်း ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

သာဓကအနေဖြင့် နိုင်ငံ ၂၄ နိုင်ငံခန့်သည် BRICS အဖွဲ့တွင် ပူးပေါင်းသွားရန် စိတ်ဝင်စားကြောင်း ထုတ်ဖော်ပြောဆိုလျက်ရှိသည်။ နိုင်ငံ ၂၀ ခန့်သည် အဖွဲ့ဝင်အဖြစ် တရားဝင်လျှောက်ထားပြီးဖြစ်သည်။ ထိုသို့ လျှောက်ထားသည့်နိုင်ငံများတွင် အယ်ဂျီးရီးယား၊ အာဂျင်တီးနား၊ ဘာရိန်း၊ ဘင်္ဂလားဒေ့ရှ်၊ ဘီလာရုစ်၊ အီဂျစ်၊ အင်ဒိုနီးရှား၊ အီရန်၊ နိုင်ဂျီးရီးယား၊ ဆော်ဒီအာရေဗျ၊ ဆီနီဂေါ၊ ဆူဒန်၊ ထိုင်း၊ တူနီးရှား၊ ဥရုဂွေး၊ ဗင်နီဇွဲလား၊ ဇင်ဘာဘွေ အစရှိသည့် ကမ္ဘာတစ်ဝန်းမှ နိုင်ငံများစွာပါဝင်လျက်ရှိသည်။

သို့သော် BRICS အဖွဲ့အစည်းကြီးအတွင်း၌ပင်လျှင် အဖွဲ့ဝင်နိုင်ငံများ တိုးချဲ့ရေးနှင့်စပ်လျဉ်း၍ အပြောင်းအလဲဖြစ်ပေါ်လျက်ရှိသည်။ တရုတ်နိုင်ငံသည် အဖွဲ့ဝင်နိုင်ငံများ တိုးချဲ့ရန်ထောက်ခံလျက်ရှိသော်လည်း အိန္ဒိယသည် အဖွဲ့ဝင်တိုးချဲ့ရန် ဆန္ဒသိပ်မရှိပေ။ လွန်ခဲ့သောနှစ်များအတွင်း ရုရှား၊ ဘရာဇီးနှင့် တောင်အာဖရိကတို့အနေဖြင့်လည်း တစ်နိုင်ငံချင်းစီ၏ ဦးစားပေးနိုင်ငံများရှိသော်လည်း အဖွဲ့ဝင်နိုင်ငံအသစ် တိုးချဲ့ရန်စိတ်ဆန္ဒရှိနေသည်။

ယူကရိန်းပဋိပက္ခသည် BRICS အဖွဲ့တိုးချဲ့ရေးအတွက် ရုရှားနိုင်ငံ၏ထောက်ခံမှုကိုပိုမိုမြင့်တက်လာစေခဲ့သည်။ နယူးဒေလီအနေဖြင့် BRICS အဖွဲ့တွင် တရုတ်က ၎င်း၏မိတ်ဆွေနိုင်ငံများတိုးချဲ့ရန်ကြိုးပမ်းမှုအပေါ် စိုးရိမ်ပူပန်လျက်ရှိသည်။ ထိုသို့ တရုတ်နိုင်ငံ၏ မိတ်ဖက်နိုင်ငံများ BRICS အဖွဲ့တွင် များပြားလာမည်ဆိုလျှင် အိန္ဒိယ၏အခန်းကဏ္ဍ ကျဆင်းလာမည်ဖြစ်သည်။ သို့သော် လက်ရှိအချိန်တွင် အိန္ဒိယသည် ကမ္ဘာ့ပဉ္စမမြောက် စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး အာဂျင်တီးနား၊ အင်ဒိုနီးရှား၊ ဆော်ဒီအာရေဗျနှင့် အာရပ်စော်ဘွားများပြည်ထောင်စုကဲ့သို့သော မိတ်ဆွေနိုင်ငံများကို ထောက်ခံသည့် အကြောင်းပြချက်များရှိနေသည်။

BRICS အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဖွဲ့ဝင်သစ်တိုးချဲ့ရေးအတွက် ဘုံသဘောတူညီချက်နှင့်စံနှုန်းများလိုအပ်သော်လည်း ကမ္ဘာလုံးဆိုင်ရာအကျိုးစီးပွားတိုးတက်လာခြင်းသည် ကမ္ဘာလုံးဆိုင်ရာအခင်းအကျင်းတွင် BRICS အဖွဲ့၏ ယုံကြည်အားထားရမှုနှင့် လွှမ်းမိုးလာမှုတို့ကို ပိုမိုမြင့်တင်စေနိုင်မည်ဖြစ်သည်။ BRICS အဖွဲ့ဝင်နိုင်ငံများကြား အပြန်အလှန် ကုန်သွယ်မှုတိုးချဲ့ခြင်းသည် အဖွဲ့ကြီးစုစည်းခိုင်မာရေးအတွက် အခြေခံကျသော လက်နက်ပင်ဖြစ်သည်။ အမေရိကန်ဒေါ်လာအပေါ် မှီခိုအားထားရမှုလျှော့ချနိုင်မည့် အစားထိုးငွေကြေးအသုံးပြုနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိရာ BRICS ငွေကြေးဖန်တီးခြင်းသည် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ထိပ်တန်းအစီအစဉ်ပင်ဖြစ်သည်။

ရုရှား၏ပိုင်ဆိုင်မှုများကို အနောက်အုပ်စုက ပိတ်ဆို့မှုများ လုပ်ဆောင်ခြင်းကြောင့် BRICS ငွေကြေးဖန်တီးမှုကို ဦးစားပေးလုပ်ငန်းအဖြစ်လုပ်ဆောင်လာခဲ့သည်။ BRICS အဖွဲ့ဝင်အချို့သည် ဒေသဆိုင်ရာ ငွေကြေးများအသုံးပြုနိုင်ရေးအတွက် ယန္တရားများ ထူထောင်ထားရှိပြီးဖြစ်သည်။ တရုတ်နိုင်ငံသည် ၎င်း၏ ယွမ်ငွေကို ကမ္ဘာ့ငွေကြေးအဖြစ် အသုံးပြုရန် ကြိုးပမ်းလျက်ရှိသည်။ နယူးဒေလီသည် နိုင်ငံ ၁၈ နိုင်ငံ နှင့် ကုန်သွယ်မှုပြုလုပ်ရာတွင် အိန္ဒိယရူပီးငွေကို အသုံးပြုသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အိန္ဒိယသည် ယခုနှစ် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)ထိပ်သီးဆွေးနွေးပွဲကို ဇူလိုင် ၃ ရက်မှ ၄ ရက်ထိလည်းကောင်း၊ စက်မှုထိပ်သီးနိုင်ငံ ၂၀ (G-20) ထိပ်သီးဆွေးနွေးပွဲကို စက်တင်ဘာ ၉ ရက်မှ ၁၀ ရက်ထိ လည်းကောင်း လက်ခံကျင်းပသွားရန်ရှိသည်။ နယူးဒေလီသည် နိုင်ငံပေါင်းစုံပါဝင်သော အဆိုပါအစည်းအဝေးများတွင် ၎င်း၏ကိုယ်ပိုင်အစီအစဉ်အတွက် ဘုံသဘောတူညီချက်များရရှိရန် ကြိုးပမ်းသွားမည်ဖြစ်သည်။ အိန္ဒိယအနေဖြင့် သမ္မတရှီကျင့်ဖျင်ကို SCO နှင့် G-20 ထိပ်သီးဆွေးနွေးပွဲများတွင် လက်ခံကြိုဆိုသွားရန် ပြင်ဆင်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ခြင်းသည် နှစ်ဖက်စလုံးအနေဖြင့် နယ်စပ်တင်းမာမှုများအတွက် ထွက်ပေါက်ရှာဖွေနိုင်မည်ဖြစ်သည်။ ကိတ်တောင်းမြို့၌ ပြုလုပ်သည့်အစည်းအဝေးတွင် အိန္ဒိယနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးများသည် သုံးလအတွင်း သုံးကြိမ်မြောက် တွေ့ဆုံဆွေးနွေးနိုင်ခဲ့သည်။

မည်သို့ပင်ဆိုစေ BRICS အဖွဲ့ဝင်နိုင်ငံများကြား သဘောတူညီမှုရှိစေခြင်းသည် အဖွဲ့ဝင်နိုင်ငံတိုးချဲ့ရေးမှသည် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများ ဖြေရှင်းရေးထိ များစွာသောပြဿနာများအတွက် နိုင်ငံပေါင်းစုံပါဝင်သောဘုံသဘောတူညီချက် တည်ဆောက်ရာတွင် များစွာအထောက်အကူဖြစ်စေသည်။ ဆိုရလျှင် လက်ရှိအချိန်တွင် BRICS သည် ဒုတိယကမ္ဘာစစ်ပွဲလွန်ကာလ အမေရိကန်ဦးဆောင်သော ကမ္ဘာ့အခင်းအကျင်းတွင် အဓိကအင်အားကြီးနိုင်ငံများ၏ဆွေးနွေးပွဲ၌ ကမ္ဘာ့တောင်ခြမ်းနိုင်ငံများ၏အသံကို ကိုယ်စားပြုနိုင်မည့် အဖွဲ့အစည်းကြီး တစ်ခုပင်ဖြစ်ပေသည်။ သို့သော် ကမ္ဘာ့ဝန်ရိုးနှစ်ခုဖြစ်လာစေသည့် ယူကရိန်းပဋိပက္ခ ကျယ်ပြန့်လာသောကြောင့် BRICS အနေဖြင့် သတိထားကိုင်တွယ်သွားရန်လိုအပ်သည်။

အထူးသဖြင့် ယခုနှစ် ဩဂုတ်လတွင် BRICS အဖွဲ့ အလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်သွားမည့် ဘရာဇီးနိုင်ငံအနေဖြင့်လည်း အမေရိကန်ဦးဆောင်သော ကမ္ဘာ့အခင်းအကျင်းကို အစားထိုးသွားရန် စိတ်အားထက်သန်လျက်ရှိသည်။ ထို့ကြောင့် BRICS အဖွဲ့အနေဖြင့် မတူကွဲပြားမှုများကို ကျော်လွှားနိုင်ရေးအတွက် အဖွဲ့ကြီးအတွင်း အပြန်အလှန်ယုံကြည်မှု၊ နားလည်မှုတို့ကို တည်ဆောက်သွားရန်လိုအပ်သည့်အပြင် ခိုင်မာသောအနာဂတ်လုပ်ငန်းစဉ်များအတွက် သံခင်းတမန်ခင်းဆိုင်ရာ ချဉ်းကပ်ဆောင်ရွက်မှုများလည်းလိုအပ်လျက်ရှိကြောင်းသုံးသပ်တွေ့ရှိရသည်။

**❖ BRICS အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဖွဲ့ဝင်သစ်တိုးချဲ့ရေးအတွက် ဘုံသဘောတူညီချက်နှင့်စံနှုန်းများ လိုအပ်သော်လည်း ကမ္ဘာလုံးဆိုင်ရာအကျိုးစီးပွား တိုးတက်လာခြင်းသည် ကမ္ဘာလုံးဆိုင်ရာ အခင်းအကျင်းတွင် BRICS အဖွဲ့၏ ယုံကြည်အားထားရမှုနှင့် လွှမ်းမိုးလာမှုတို့ကို ပိုမိုမြင့်တင်စေနိုင်မည်ဖြစ်သည်။ BRICS အဖွဲ့ဝင်နိုင်ငံများကြား အပြန်အလှန်ကုန်သွယ်မှုတိုးချဲ့ခြင်းသည် အဖွဲ့ကြီးစုစည်းခိုင်မာရေးအတွက် အခြေခံကျသော လက်နက်ပင်ဖြစ်သည်။ အမေရိကန်ဒေါ်လာအပေါ် မှီခိုအားထားရမှုလျှော့ချနိုင်မည့် အစားထိုးငွေကြေး အသုံးပြုနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိရာ BRICS ငွေကြေးဖန်တီးခြင်းသည် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ထိပ်တန်းအစီအစဉ်ပင်ဖြစ်သည်။ ❖**

**ကိုးကား**

- **BRICS expanding opportinities to influence global governance by Asia Times.**

မောင်စိန်အိ(နဘဲမြေ)

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အောင်ဇေယျပန်းချီပြခန်းတွင် ပန်းချီဆရာ၊ ဆရာမ ခုနစ်ဦး၏ အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်



**ရန်ကုန် ဇွန် ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အောင်ဇေယျပန်းချီပြခန်းတွင် မျိုးဆက်သစ်ပန်းချီဆရာ၊ ဆရာမ ခုနစ်ဦး၏ အွန်လိုင်းပန်းချီပြပွဲကို ဇွန် ၂၆ ရက်မှ ဇွန် ၃၀ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြခန်းတာဝန်ခံ ပန်းချီ အောင်သက်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် (မန္တလေး) ကျောင်းဆင်းမျိုးဆက်သစ် ပန်းချီဆရာ၊ ဆရာမများဖြစ်ကြသည့် ပန်းချီ အောင်သက်ခိုင်၊ ပန်းချီ ကိုကိုဦး၊ ပန်းချီ စောရန်နိုင်၊ ပန်းချီဆရာမ သီတာအေး၊ ပန်းချီဆရာမ နှိုနှိုအေး၊ ပန်းချီဆရာမ ဒါလီမြင့်သိန်း၊ ပန်းချီဆရာမ အင်ကြင်းဇော်ဝင်းတို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံပန်းချီကား ၃၅ ကားကို ပြသ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အနုပညာတက္ကသိုလ်ကျောင်းဆင်းကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်ပန်းချီဆရာ၊ ဆရာမတွေရဲ့လက်ရာတွေကို သီးခြားခင်းကျင်းပြသမှာ ဖြစ်ပါတယ်။ ပန်းချီလေ့လာသူတွေ၊ ချစ်မြတ်နိုးသူတွေ၊ မျိုးဆက်သစ်တွေရဲ့ အနုပညာဖန်တီးမှုကို လေ့လာတွေ့မြင်နိုင်မှာပါ။ အခုဇွန်လအတွင်း ဖန်တီးထားတဲ့ ပန်းချီလက်ရာသစ်တွေဖြစ်ပါတယ်"ဟု ပန်းချီ အောင်သက်ခိုင်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့်ပန်းချီကားများ၏အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့်အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ ငွေကျပ် ငါးသိန်းမှ ငွေကျပ် သိန်း ၄၀ ထိရှိကြောင်း သိရသည်။ ASH

# Alien ရုပ်ရှင်ဇာတ်ကားကို ၂၀၂၄ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် ရုံတင်မည်

**နယူးယောက် ဇွန် ၁၆**

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ Alien ရုပ်ရှင်ဇာတ်ကားကို ၂၀၂၄ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၅ ရက်တွင် ရေးသားတင်ပြထားသည်။


တရားဝင်ဇာတ်ကားနာမည်မပေးရသေးသည့် အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဖီဒီအောဗားရက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

ယခင် Alien ဇာတ်ကားတွင် မင်းသား အာဒီရေးနော့၊ ဒေးဗစ်ဂျွန်ဆင်နှင့် မင်းသမီး ကိုင်လီစပေနီ၊ အစ္စဘဲလာမားဆက်တို့က အဓိကနေရာများ၌ ပါဝင်မည်ဖြစ်သည်။

လက်ရှိတွင် Alien ဇာတ်ကား၏ ဇာတ်လမ်း၊ ဇာတ်အိမ် အသေးစိတ်ကို မသိရသေးကြောင်း၊ ဒါရိုက်တာ ဖီဒီအောဗားရက်သည် Evil Dead(2013) နှင့် Don't Breathe(2016) ကဲ့သို့ နာမည်ကျော် ထိတ်လန့်သည်းဖို့ဇာတ်ကားများကို ရိုက်ကူးခဲ့သူဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Alien ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှု စတင်မည့်ရက်ကို ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

KKO






# မာလာမြိုင်သဘင်ပွဲတော်တွင် ရွှေအိမ်စည်တေးအော်ပရာကို M Entertainment Channel မှ ထုတ်လွှင့်မည်

**ရန်ကုန် ဇွန် ၁၆**

မာလာမြိုင်သဘင်ပွဲတော်တွင် ရွှေအိမ်စည် တေးအော်ပရာအစီအစဉ်ကို ဇွန် ၁၇ ရက်တွင် M Entertainment Channel မှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါတေးအော်ပရာတွင် ပါဝင်ကပြ သရုပ်ဆောင်ထားသည့် ဇာတ်မင်းသား ဩရအောင်က ပြောပြ၍ သိရသည်။

M Entertainment Channel မှ ထုတ်လွှင့်တင်ဆက်နေသည့် မာလာမြိုင်သဘင်ပွဲတော်ကို The Tree Entertainment မှ ရိုက်ကူးထုတ်လုပ်ခြင်းဖြစ်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ညစဉ် ည ၉ နာရီတွင် ထုတ်လွှင့်လျက်ရှိကြောင်း၊ ဇွန် ၁၇ ရက်တွင်ထုတ်လွှင့်မည့် မာလာမြိုင်သဘင်ပွဲတော်တွင် ရွှေအိမ်စည် တေးအော်ပရာအစီအစဉ်ကိုထည့်သွင်း ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

"အငြိမ့်မင်းသမီးလေး ဇွဲရတီက မာလာမြိုင်သဘင်ပွဲတော်ကို တကူးတက လာအားဖြည့်ပေးထားပါတယ်။ မင်းသား ဘွန်း၊ ကျွန်တော် မင်းသား ဩရအောင်နဲ့ မင်းသားလေး ရဲရင့်ထက်အောင်တို့ရဲ့ အသွင်တမူဆန်းတဲ့ နှစ်ပါးခွင်နဲ့အတူ ရွှေအိမ်စည်တေးအော်ပရာတင်ဆက်မှုကိုတော့ စနေနေ့ ည ၇ နာရီမှာ Marlarmyaing Group Facebook Page နဲ့ The Tree Entertainment Page တို့မှာ အားပေးကြည့်ရှုနိုင်ပြီး ည ၉ နာရီမှာတော့ M Entertainment Channel တွေမှာ စောင့်မျှော်အားပေးကြပါဒ်ုံး"ဟု ဇာတ်မင်းသား ဩရအောင်က ပြောပြသည်။




မာလာမြိုင်သဘင်ပွဲတော်ကို ဝါရင့်သဘင်အနုပညာရှင် ပတ္တမြားကေခိုင်က ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကာ မာလာမြိုင်သဘင်အဖွဲ့သားများက ပါဝင်အားဖြည့်ပံ့ပိုးပေးထားကြောင်း သိရသည်။ ASH

# Bambi ကာတွန်းဇာတ်ကားကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးရန်စီစဉ်

**နယူးယောက် ဇွန် ၁၆**

ကမ္ဘာကျော် ကာတွန်းရုပ်ရှင်ဇာတ်ကား Bambi(1942) ကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးထုတ်လုပ်ရန် ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၅ ရက်တွင် ရေးသားတင်ပြထားသည်။

လက်ရှိတွင် ဒစ္စနီးရုပ်ရှင်ကုမ္ပဏီသည် Bambi ကာတွန်းဇာတ်ကားကို ရုပ်ရှင်ဇာတ်ကားအဖြစ်ရိုက်ကူးရေးအတွက် အမျိုးသမီး ဒါရိုက်တာ ဆာရာပေါ်လေနှင့် ဆွေးနွေးနေကြောင်း သိရသည်။

ဒါရိုက်တာ ဆာရာပေါ်လေသည် Women Talking ဇာတ်ကား ဇာတ်ညွှန်းအတွက် ယခုနှစ် အော်စကာဆုပေးပွဲ၌ အော်စကာဆုရရှိထားသူဖြစ်ပြီး Women Talking ဇာတ်ကားကိုလည်း ဆာရာပေါ်လေက ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးခဲ့ခြင်းဖြစ်သည်။

Bambi ကာတွန်းရုပ်ရှင်ဇာတ်ကားသည် ဩစတြေးလျစာရေးဆရာ ဖီလစ်ဆယ်တန်၏ Bambi: A Life in the Woods ပုံပြင်ဝတ္ထုကိုအခြေခံထားသော ကာတွန်းဇာတ်ကားဖြစ်သည်။

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီသည် ကမ္ဘာကျော် ကာတွန်းဇာတ်ကားတစ်ကားဖြစ်သော The Little Mermaid ဇာတ်ကားကိုလည်း ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ KKO





# သရုပ်ဆောင် နေဆန်းက မွေးနေ့အလှူအဖြစ် သံဃာတော်အပါး ၁၂၀ အား နေ့ဆွမ်းနှင့် အလှူငွေ ဆက်ကပ်လှူဒါန်းပြီး လူဦးရေ ၁၀၀ ကို ထမင်းဘူးများ လှူဒါန်း

**ရန်ကုန် ဇွန် ၁၆**

သရုပ်ဆောင် နေဆန်းက မွေးနေ့အလှူအဖြစ် ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်ရှိ ရတနာပုံရိပ်ငြိမ်စာသင်တိုက်ရှိ သံဃာတော်အပါး ၁၂၀ အား နေ့ဆွမ်းနှင့်အလှူငွေများ လှူဒါန်းပြီး တောင်ဥက္ကလာပမြို့နယ်တွင် လူဦးရေ ၁၀၀ အား ထမင်းဘူးများလှူဒါန်းခြင်းကို ဇွန် ၁၅ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

သရုပ်ဆောင် နေဆန်းသည် အသက် ၅၄ နှစ်ပြည့် မွေးနေ့အလှူအဖြစ် ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်ရှိ ရတနာပုံရိပ်ငြိမ် စာသင်တိုက်တွင် သီတင်းသုံးတော်မူကြသည့် သံဃာတော်အပါး ၁၂၀ အား နေ့ဆွမ်းဆက်ကပ်ပြီး စာသင်တိုက်အတွက် နဝကမ္မအလှူငွေကျပ် ငါးသိန်းလှူဒါန်းခဲ့ပြီး တောင်ဥက္ကလာပမြို့နယ်ရှိ စည်ပင်ဝင်းအတွင်း လူဦးရေ ၁၀၀ ကို ကြက်ကြော်၊ ချဉ်ပေါင်ကြော်၊ မြေပဲဆန်နှင့်ထမင်းဘူး ၁၀၀ လှူဒါန်းခဲ့သည်။

"ကျွန်တော့်မွေးနေ့ အမှတ်တရအနေနဲ့ အလှူလေးတွေ နေရာစုံအောင်တော့ လှူဒါန်းဖြစ်ပါတယ်။ အသက်ကတော့ ၅၄ နှစ် ပြည့်သွားပါပြီ။ ကိုယ်အသက်ရှင်တုန်းမှာ တတ်နိုင်တဲ့ဘက်က လှူဒါန်းမှုလေးတွေလုပ်ဖြစ်တယ်။ လိုအပ်တာတွေကို ဇနီးသည်ကပဲ ပါရမီဖြည့်ပေးပါတယ်။ မွေးနေ့မှာ လှူဒါန်းရလို့လဲ ပီတိဖြစ်ရပါတယ်"ဟု သရုပ်ဆောင် နေဆန်းက ပြောပြသည်။

အလားတူ မွေးနေ့အလှူအဖြစ် တောင်ဥက္ကလာပမြို့နယ်ရှိ မြင်သာဝိပဿနာကျောင်းတိုက်သို့ ငွေကျပ်တစ်သိန်း၊ ဇေတဝိဝိဇ္ဇာကျောင်းတိုက်သို့ ငွေကျပ်တစ်သိန်းတို့ကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။ ASH

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing meets junior officers from offices and departments under the Office of Commander-in-Chief (Army)



Senior General Min Aung Hlaing meets junior officers from various departments under the Office of Commander-in-Chief (Army).

**Nay Pyi Taw June 16**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing met junior officers serving duties at the offices and departments under the Office of Commander-in-Chief (Army) this morning.

Present together with the Senior General were Chief of General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Admiral Moe Aung, Commander-in-Chief (Air) General Tun Aung, senior military officers from Office of Commander-in-Chief.

**Tatmadaw and national politics**

The Senior General said the meeting was held to provide the junior officers serving duties at the relevant offices and departments under the Office of Commander-in-Chief (Army) with correct information about the Tatmadaw and national politics, political developments and individual duties and other requirements. In any country, every citizen has the duty to protect his nation. Countries are different from one another, as there are the countries who fell under colonization or free from colonization. The task of preserving the culture, traditions and national characteristics is national politics. It also amounts to protecting the national interest and upholding the aged old requirement for national interest and politics, which is, **Our Three Main National Causes-- Non-disintegration of Union, non-disintegration of national solidarity and perpetuation of sovereignty**.

The country has roundabout 135 national races and they live in specific areas in groups. They have diverse features, cultures and traditions. Hill regions and plains have different climates and soil conditions and a harmonious development is absent because of the gap in various fields between them. Differences surfaced based on the influence of kings during the time when the country was under monarchy rule. Colonialists intentionally separated national races living in plains and those living in hill regions during the time when the country was under colonial enslavement. Myanmar fell into the hands of colonialists after three Anglo-Myanmar wars. Lower parts of Myanmar faced a longer colonial rule. British administration was introduced to areas after the end of First Anglo-Myanmar War. During the time, upper Myanmar was under monarchy rule. So, the two had dissimilar administrative systems. Moreover, colonialists' divide-and-rule policy had harmed national unity. Independence was a hard-won achievement as there was weakness in education and unity.

Tatmadaw members must know the history of various eras correctly as they are the persons protecting the national interest and serving the national political duty. Only then will they be able to serve the national political duties well. Historical lessons should be noted in serving the national interest. They should always be aware of and never lose sight of the country's geographical significance, global political trends, and economic, political and socio economic development undertakings of neighbouring countries, regional countries.

**National political developments**

They must have correct knowledge of the country's political history. After regaining independence in 1948, the country adopted parliamentary democracy. The slogan of the independence struggle was "independence, first; democracy, second; and socialism, third." The country after regaining independence adopted the 1947 Constitution written and ratified by the then hluttaw the same year. During the post-independence era, the majority of independence leaders had different political views which were a result of colonial rule. It can be found in historical records that the Revolutionary Council issued a policy statement to adopt socialism because of the historical requirement and the political hardships the country was facing then in addition to economic hardships.

Tatmadaw leaders noticed the difficulties and crises and managed it with farsightedness for the future of the State. In exercising the socialism, efforts were made to hand over the State economic sector to the people. Weakness of socialism and management caused decline of economy, and the uprising happened in 1988. Such an uprising in 1988 depended on declining of the economy rather than the political crises. After 1988, the Tatmadaw government came out, paving the way for multiparty democratic system in line with the wishes of people. The Tatmadaw led the drawing the constitution in conformity with the country to exercise the democratic system. In shaping the market economic system leading to the multiparty democratic system, private businesses were encouraged. Tatmadaw strived for implementation of the genuine, disciplined multiparty democratic system as the people aspired to.

A democratic government emerged from the first multi-party democratic election 2010, and the Tatmadaw joined hands with it. In the second term of the democratic government which came out from the 2015 general election, the Tatmadaw gave suitable advice to the government based on experiences. But, its effectiveness was weak. At a time when Covid-19 broke out, as the government faced a large crisis, the Tatmadaw helped solve the problems. Although Tatmadaw spoke out that the 2020 election should be free and fair for several times, it was seen that they used unscrupulous ways in the election for winning. Tatmadaw urged the government to solve the differences in the voter lists but the government did not solve anything. Moreover, it attempted to convene the Hluttaw with unapproved Hluttaw representatives so as to grab State power. So, Tatmadaw took the State responsibilities under the Constitution. It intended to just strengthening the multiparty democratic system on which the State walks and which the people aspire to, and the Tatmadaw will not derail from such way. In this regard, the Tatmadaw is striving for stability of the State under the law and serving the State responsibilities under the Constitution (2008).

The State Administration Council is cementing the multiparty democratic system and focusing on building the Union based on democracy and federalism as the political aim. Moreover, two national processes have been adopted for ensuring prosperity of the State and food sufficiency. Tatmadaw is striving for all-round development of the State amid crises and difficulties. The last point of the five-point roadmap of the State Administration Council: **Upon accomplishing the provisions of the state of emergency, free and fair multiparty democratic elections will be held in line with the 2008 Constitution, and further work will be undertaken to hand over State duties to the wining party in accordance with democratic standards** will be implemented without fail for ensuring peace and stability of the State and development.

**Needs for emphasizing individual serving duties without losing ambitions**

All Tatmadaw members joined the Tatmadaw without urging of anyone. They have to do everything without losing their ambitions and aims. **Everybody wishes improvement of life and they are always trying hard to possess knowledge and skills essential for development.** They have to learn literature, languages and technologies beneficial for their lives. They all have to initiate proper lifestyle and physical movement for ensuring health and fitness.

The Senior General stressed the need for them **to be loyal to themselves, their employment, their families and the State. They must have high belief and concept over themselves, Tatmadaw and the State**. Everybody sets aims for their lives. They should try hard to meet their aims. In so doing, if they can control themselves with conscience and knowledge to meet the target duties, they will embrace success in their assignments. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win meets departmental personnel, town elders, relief teams and philanthropic organizations, visits local battalions in MraukU, Minpya and Kyaukphyu


Vice-Senior General Soe Win pays homage and offers alms to Sayadaws.

**Nay Pyi Taw June 16**

Chairman of the Natural Disaster Management Committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win, currently in Sittway, and party today inspected progress of rehabilitation in MraukU, Minpya and Kyaukphyu, and separately met with departmental personnel, town elders, relief teams and philanthropic organizations at the meeting halls of the General Administration Departments.

First, chairmen of district/township administration bodies, townspeople and senior military officers tasked with supervising the ongoing rehabilitation work reported on loss and damaged caused by the storm and progress in rehabilitation work. The Vice-Senior General coordinated matters as necessary.

Speaking on the occasion, he said he was there to know the progress in rehabilitation tasks in the aftermath of cyclone Mocha and conditions for necessary assistance as directed by the Prime Minister. Natural disasters cannot be prevented but there can be preparedness to minimize loss and damage.

The cyclone was strong with a wind speed of 120 miles per hour. But it could be overcome through the State's preparedness measures and public cooperation.

With the State budgets and local and international cash assistance, measures were taken to bring back the people to shelter as a first priority. For the second priority, preparations were made to open high school on 1 June as earlier announced. Students could start learning under the roof. For the schools that are still under repair, temporary buildings were arranged.

Thirdly, hospitals and clinics were repaired and they are now providing regular healthcare services.

MraukU is a historically valuable ancient city, so repair is necessary to keep it in the original style. Meanwhile, the effort to receive recognition from UNESCO for its global heritage site must continue as well. By doing so, it will attract local and foreign visitors for tourism boosting, thereby contributing to the regional economy.

Production and services were affected in the towns hardest hit by the storm. Therefore, those with less damage should raise their capacity. Then, they will be able to meet the needs of foodstuffs, consumer goods and general goods in the townships suffering economic decline. This will also help the townships with greater damage improve their GDP that has decreased due to the storm. Providing fish, meat, eggs, vegetables and other foodstuffs within the state will reduce high costs of transporting them from other regions. Thus, regionally high commodity prices can be reduced.

The MSME central committee and work committee have directed ways and opportunities to seek loans in accord with the rules and regulations of the State for business expansion. The increased GDP in Rakhine State will improve per capita income, thereby increasing demand, production capacity and availability of raw materials. This is why the fish and meat sector and farming must be promoted with momentum, which are the main businesses of the region during the rehabilitation period. See Page 14


Vice-Senior General Soe Win presents cash donation to a Sayadaw receiving medical treatment.


Vice-Senior General Soe Win presents foodstuffs.


Vice-Senior General Soe Win presents foodstuffs.

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win attends ceremony to present cash donations for monasteries, monastic education schools damaged by Cyclone Mocha in Rakhine State


Vice-Senior General Soe Win and congregation share merits gained from Sayadaws.

**Nay Pyi Taw June 16**

A ceremony to present cash donations made by well-wishers under the arrangement of the Ministry of Religious Affairs and Culture for monasteries and monastic education schools damaged by Cyclone Mocha in Rakhine State was held in the cave of the Lawka Nanda Pagoda in Sittwe in Rakhine State this morning and was attended by members of the Sangha led by Presiding Nayaka Sayadaw of Nanda Rama Pariyatti Buddhist Learning Centre in Sittwe Agga Maha Pandita Agga Maha Ganthavacaka Pandita Sayadaw Bhaddanta Nanda Siri and Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win and party and well-wishers, donors and guests.

First, the Vice-Senior General and the congregation received the five precepts from the presiding Nayaka Sayadaw and offered alms to members of the Sangha.

Then, Deputy Minister for Religious Affairs and Culture Daw Nu Mya Zan presented Ks-106 million for monasteries and monastic education schools hit by Cyclone Mocha in Rakhine State to Rakhine State Chief Minister U Htein Lin.

Afterward, Township Ovadacariya Presiding Nayaka Sayadaw of Tat Oo Hsu Taung Pyae Pariyatti Buddhist Learning Centre Maha Saddhamma Jotika Dhaja Agga Maha Ganthavacaka Pandita Sayadaw Bhaddanta Nannavamsa delivered the merit sharing sermon for donations and the ceremony concluded with three-time recitation of Buddha Sasanam Ciram Titthatu.

Today's MMK 106 million cash donations included MMK two million made by Ywa Oo Monastery Sayadaw of Paunglaunglay Village in Kyaukse Township, Mandalay Region Saddhamma Jotika Dhaja Dr Bhaddanta Vijobasa Linkaravivamsa, Ks- 100 million made by U Wai Chin and family of the Hanley Group in Laukkai in Shan State (North) and MMK four million made by U Sithu Win and family of the Guardian Academy Private School. 100

*From Page 13*

In this regard, unity and cooperation are crucial. In line with the motto "The strength of a nation lies within," responsible departments, philanthropic organization and local people will see significant progress in all the townships including Sittway within a month through their cooperation. Any natural disaster or danger can be overcome through unity. As the saying goes by "Unity will achieve success", the government, charity organizations and the people need to continue and speed up their cooperation, said the Vice-Senior General. He then presented foodstuffs to the departmental staff, relief teams and philanthropic teams.

Afterwards, the Vice-Senior General and party visited the monasteries in MraukU, Minpya and Kyaukphyu where they paid homage and offered rice and alms to members of the Sangha.

Then, the Vice-Senior General and party visited the people's hospitals in those townships. He viewed the repair of the damaged buildings. Then, he comforted the monks and local people receiving hospital treatment and provided foodstuffs.

The Vice-Senior General and party visited the high schools in Minpya, met with the students and teachers and attended to the needs.

Later, the Vice-Senior General and party inspected the local military and police battalions in MraukU, Minpya, Kanni, Sittaw and Kyaukphyu. After meeting with the officers, other ranks and police members and thier families, the Vice-Senior General provided foodstuffs, seasonal vegetable seeds and cash awards. 100


Vice-Senior General Soe Win meets departmental personnel, town elders, relief teams and philanthropic organizations in Minpya.


Vice-Senior General Soe Win comforts patients.


Vice-Senior General Soe Win comforts a patient.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ဗြိတိန်နိုင်ငံက ယူကရိန်းသို့ပံ့ပိုးမည့် အဆင့်မြင့်ဒရုန်းအသစ်များ ထုတ်ဖော်ပြသ



ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနသည် လာမည့်သီတင်းပတ်အတွင်း ယူကရိန်းနိုင်ငံသို့ ပံ့ပိုးပေးမည့် တာဝေးပစ်လက်နက်များ တပ်ဆင်ရန် အဆင့်မြင့်ဒရုန်းအသစ်များကို ထုတ်ဖော်ပြသခဲ့ကြောင်း ဇွန် ၁၅ ရက်က ဖော်ပြထားသည်။

ဇွန် ၁၄ ရက်က ဗြိတိန်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနသည် ဒရုန်းအမျိုးအစားများစွာပါဝင်သည့် ဗီဒီယိုဖိုင်တစ်ခုကို တွစ်တာလူမှုကွန်ရက်တွင် လွှင့်တင်ခဲ့ခြင်းဖြစ်သည်။

ဒရုန်းတစ်စင်းမှာ တော်ပီဒိုကိုရေပေါ်သို့ပစ်ချလိုက်သည်ကို မြင်တွေ့ရပြီးနောက် ကျန်တစ်စင်းမှာ အော်ပရေတာ၏ လမ်းညွှန်မှုဖြင့် ကုန်းပေါ်မှ ပျံတက်သွားသည်ကိုမြင်တွေ့ရပြီး တတိယတစ်စင်းမှာ ရေတပ်စစ်သင်္ဘောကုန်းပတ်ပေါ်မှ ပျံတက်ခဲ့ခြင်းတို့ကို အဆိုပါဗီဒီယိုဖိုင်တွင် တွေ့မြင်ခဲ့ရသည်။

"အရေးပါတဲ့ ဒရုန်းစွမ်းဆောင်ရည်တွေနဲ့ပတ်သက်ပြီး ဝယ်ယူရေးစာချုပ်ချုပ်ဆိုထားပါတယ်။ နောက်လကစပြီး ပထမဆုံး လွှဲပြောင်း၊ ပို့ဆောင်မှုတွေလုပ်ဆောင်နိုင်တော့မှာပါ"ဟု ဗီဒီယိုတွင် ပြောကြားထားခဲ့သည်။

ယခု သီတင်းပတ် အစောပိုင်းက ကြေညာခဲ့သည့် အမေရိကန်ဒေါ်လာ ၁၁၆ သန်း အကူအညီပေးရေး အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဒရုန်းများကို ယူကရိန်းနိုင်ငံသို့ ပံ့ပိုးပေးမည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အဆိုပါအကူအညီများကို ယူကရိန်းနိုင်ငံသို့ပေးအပ်နိုင်ရန် စုဆောင်းထားသည့် နိုင်ငံတကာရန်ပုံငွေအဖွဲ့မှတစ်ဆင့် ရယူနိုင်လိမ့်မည်ဟု မျှော်မှန်းထားကြောင်း၊ အဆိုပါအဖွဲ့သည် ဗြိတိန်၊ နော်ဝေ၊ နယ်သာလန်၊ ဒိန်းမတ်၊ ဆွီဒင်၊ အိုက်စလန်နှင့် လစ်သူယေးနီးယားနိုင်ငံ တို့ပါဝင်သော ယူကရိန်းနိုင်ငံကို အရေးပေါ်စစ်ရေးပံ့ပိုးမှုပေးသည့်ယန္တရားတစ်ခုအဖြစ် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။

ဗီဒီယိုဖိုင်တွင်ပါရှိသည့် ဒရုန်းများအကြောင်း အသေးစိတ်ကို ပြောကြားခြင်းမရှိသော်လည်း ဗြိတိန်အစိုးရသည် ကီလိုမီတာ ၂၀၀ ကျော် အကွာအဝေးထိ ပျံသန်းစစ်ဆင်နိုင်သည့် ရာနှင့်ချီသော တာဝေးတိုက်ခိုက်ရေး ဒရုန်းများကို ယူကရိန်းသို့ စေလွှတ်မည်ဟု ပြီးခဲ့သည့်လက ဗြိတိန်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

Daily Telegraph သတင်းဌာနသို့ ပြောကြားခဲ့ရာတွင် အမည်မဖော်လိုသည့် ကာကွယ်ရေးသတင်းရင်းမြစ်များက ဒရုန်းများကို တစ်ကြောင်းသုံးများ အဖြစ်ဖော်ပြခဲ့ကြပြီး ဒရုန်းများသည်ခဲယမ်းများကို သယ်ဆောင်ရန် အဓိကရည်ရွယ်ကာ အမြောက်ကျည်တစ်ခုနှင့်နှိုင်းယှဉ်နိုင်သော အကျိုးသက်ရောက်မှုရှိကြောင်း၊ အခြားသတင်းရင်းမြစ်တစ်ခုကလည်း ဒရုန်းများနှင့်ပတ်သက်၍ မေးမြန်းခံခဲ့ရရာ ဝယ်ယူရေးလုပ်ငန်းစဉ်အတွင်း စီးပွားရေးလျှို့ဝှက်ထားမှုပြဿနာကြောင့် ထုတ်ပြော၍မရသေးကြောင်း ကာကွယ်ရေးသတင်းအရင်းအမြစ်များက ပြောကြားခဲ့သည်။

တာဝေးပျံသန်း တိုက်ခိုက်နိုင်သော ဒရုန်းများ ပို့ဆောင်ပေးမည့်သတင်းမှာ ဗြိတိန်နိုင်ငံမှ အကွာအဝေး ကီလိုမီတာ ၂၅၀ (မိုင် ၁၅၀ ကျော်) တိုက်ခိုက်နိုင်သော Storm Shadow ခရုဇ်ဒုံးကျည်များ ပေးအပ်ခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

နောက်ပိုင်းတွင် ရုရှားနိုင်ငံ Lugansk မြို့ရှိ အရပ်ဘက်ပစ်မှတ်များအပေါ် အဆိုပါ ခရုဇ်ဒုံးကျည်များအသုံးပြု၍ ယူကရိန်းတို့ဘက်က တိုက်ခိုက်လာခဲ့ကြောင်း ရုရှားနိုင်ငံက အခိုင်အမာ ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ယူကရိန်းကို လက်နက်များပံ့ပိုးပေးခြင်းမပြုရန် အနောက်နိုင်ငံများအား အကြိမ်ကြိမ်သတိပေးခဲ့ပြီး ထိုသို့ လုပ်ဆောင်ခြင်းသည် ပဋိပက္ခကို သက်တမ်းကြာစေရုံသာဖြစ်ကြောင်း ပြောကြားခဲ့သည်။

မေလအစောပိုင်းတွင် Storm Shadow ခရုဇ်ဒုံးကျည်များပေးပို့ခြင်းနှင့် ပတ်သက်၍ အဆိုပါလုပ်ရပ်သည် ပဋိပက္ခတွင် မကြုံစဖူး ဗြိတိန်နိုင်ငံ၏ တိုက်ရိုက်ပါဝင်ပတ်သက်မှုအဆင့်ကို ရှင်းရှင်းလင်းလင်း အတည်ပြုနိုင်သည့် အလွန်အမင်းရန်လိုနေသောလုပ်ဆောင်ချက်အဖြစ် မော်စကိုမြို့ရှိ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက မှတ်ချက်ပြုစွတ်ချပြောဆိုခဲ့သည်။

**UK unveils new drones for Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## ဗီယက်နမ်နိုင်ငံက Brah Mos ဒုံးကျည်ဝယ်ယူသွားရန် အိန္ဒိယနှင့် ဆွေးနွေးနေ

ဗီယက်နမ်နိုင်ငံသည် Brah Mos အသံလွန် ခရုဇ်ဒုံးကျည်များဝယ်ယူရန် အိန္ဒိယနိုင်ငံနှင့်ဆွေးနွေးနေကြောင်း https://www.thedefensepost.com/တွင် ဇွန် ၁၄ ရက်က ရေးသားဖော်ပြခဲ့သည်။

မကြာသေးမီကစတင်ခဲ့သော ဆွေးနွေးညှိနှိုင်းမှုများသည် အိန္ဒိယနိုင်ငံ Brah Mos Aerospace မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်များအပေါ် ကိုးကား၍ The Eurasian Times သတင်းဌာနက ဖော်ပြခဲ့ပြီး သဘောတူညီချက်ရရန် အချိန်တိုအတွင်း ဖြစ်လာဦးမည်မဟုတ်ကြောင်း ရေးသားဖော်ပြခဲ့သည်။

ထုတ်လုပ်သူ Brah Mos Aerospace သည် အိန္ဒိယကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် ရုရှားနိုင်ငံ NPO Mashinostroyeniya တို့ကြားဖက်စပ်လုပ်ငန်းတစ်ခုဖြစ်သည်။

အိန္ဒိယ၊ ဗီယက်နမ် နှစ်နိုင်ငံစလုံးသည် လာမည့်ရက်များအတွင်း ဒုံးကျည်ဝယ်ယူနိုင်ရေးအတွက် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးဖွယ်ရှိကြောင်း အိန္ဒိယသတင်းအေဂျင်စီတစ်ခုက ဖော်ပြခဲ့ပြီးနောက် ရက်ပိုင်းအကြာတွင် အဆိုပါအစီရင်ခံစာ ထွက်ပေါ်လာခြင်းဖြစ်သည်။

ကာကွယ်ရေးစက်မှုလုပ်ငန်းဆိုင်ရာ သတင်းရင်းမြစ်များကို ကိုးကား၍ Zee Business က ဗီယက်နမ်ကာကွယ်ရေးဝန်ကြီး Phan Văn Giang ၏ ဇွန် ၁၉ ရက်တွင် နယူးဒေလီသို့ လာရောက်လည်ပတ်စဉ်အတွင်း သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ဖွယ်ရှိနေသည်ဟု ရေးသားခဲ့ခြင်းလည်းဖြစ်သည်။

အဆိုပါသတင်းမီဒီယာ၏ အဆိုအရ ဗီယက်နမ်သည် ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၆၂၅ သန်းဖြင့် တပ်ခွဲသုံးခွဲမှ ငါးခွဲစာထိ မှာယူနိုင်ကြောင်းသိရသည်။

Brah Mos ဒုံးကျည်တပ်ခွဲ တစ်ခွဲသည် အမေရိကန် ဒေါ်လာ ၁၂၅ သန်းခန့် ကုန်ကျနိုင်သည်။

Brah Mos ဒုံးကျည်သည် အိန္ဒိယစစ်ဘက်တွင် ၂၀၀၅ ခုနှစ်ကတည်းက စတင်တပ်ဖြန့် အသုံးပြုနိုင်ခဲ့သော အသံထက်မြန်သည့် ခရုဇ်ဒုံးကျည်အမျိုးအစားဖြစ်သည်။

တာလတ်ပစ်ဒုံးကျည် အမျိုးအစားထဲတွင် အကျုံးဝင်ပြီး ရမ်ဂျက်အင်ဂျင်သုံး အဆိုပါဒုံးကျည်ကို မြေပြင်၊ သင်္ဘောနှင့် ဝေဟင်ပလက်ဖောင်းများမှ တပ်ဆင်ပစ်လွှတ်နိုင်မည်ဖြစ်သည်။

ရေငုပ်သင်္ဘောမှ ပစ်လွှတ်နိုင်သော ဒုံးကျည်တားရှင်းကို တည်ဆောက်နေဆဲဖြစ်ကြောင်း သိရသည်။



3 Mach ကျော် အလျင်နှုန်းရှိသည့် ခရုဇ်ဒုံးကျည်သည် အကွာအဝေး ကီလိုမီတာ ၅၀၀ (မိုင် ၃၁၀) ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

နိုင်ငံတကာသို့ တင်ပို့ရောင်းချသည့် ဒုံးကျည်မူကွဲတစ်မျိုးမှာ အကွာအဝေးကီလိုမီတာ ၂၉၀ (မိုင် ၁၈၀) ထိသာ ကန့်သတ်၍ ထုတ်လုပ်ပေးထားသည်။

တာဝေးပစ်ဒုံးကျည်နှင့်အသံထက်မြန်သော ဒုံးကျည်တားရှင်းများကို တီထွင်ထုတ်လုပ်နေဆဲဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် ၎င်း၏သင်္ဘောဖျက် ရေတပ်စွမ်းအားများကို အဆင့်မြှင့်တင်ရန်အတွက် ၂၀၂၂ ခုနှစ်က Brah Mos တပ်ခွဲ သုံးခွဲကို အမေရိကန်ဒေါ်လာ ၃၆၂ သန်းဖြင့် ဝယ်ယူခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Vietnam Negotiating Brah Mos Missile Purchase With India: Report ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး



**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကမ်းနီမြို့ နယ်မြေစခန်းတပ်ရင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ၊ ရာသီသီးနှံမျိုးစေ့ထုပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။**

**စာမျက်နှာ ၁၇ မှအဆက်**

တစ်လအတွင်း မြင်သာထင်သာသည့် တိုးတက်မှုများတွေ့ရှိရပါကြောင်း၊ စည်းလုံးညီညွတ်မှုဖြင့် သဘာဝဘေးအန္တရာယ်သာမက မည်သည့်ဘေးအန္တရာယ်မဆို ရင်ဆိုင်ဖြတ်ကျော်နိုင်ကြောင်း၊ သို့ဖြစ်၍ "စည်းလုံးညီညာ အောင်ကြောင်းဖြာ" ဆိုသည့်စကားနှင့်အညီ မုန်တိုင်းအလွန် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အစိုးရ၊ ပရဟိတအဖွဲ့များနှင့် ပြည်သူလူထုအားလုံးပူးပေါင်း၍ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန် လိုကြောင်းဖြင့် အသေးစိတ်ဆွေးနွေးရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြောက်ဦးမြို့၊ မင်းပြားနှင့် ကျောက်ဖြူမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများသို့သွားရောက်၍ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြောက်ဦးမြို့၊ မင်းပြားနှင့် ကျောက်ဖြူမြို့တို့ရှိ ပြည်သူ့ဆေးရုံများ၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံများကို ပြန်လည်ပြင်ဆင်နေမှု အခြေအနေများနှင့် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် သံဃာတော်များနှင့် ဒေသခံပြည်သူများကို လိုက်လံကြည့်ရှု အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်းပြားမြို့ရှိ အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ဆရာ၊ ဆရာမများနှင့် တွေ့ဆုံဆွေးနွေးကာ တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် မြောက်ဦးမြို့၊ မင်းပြားမြို့၊ ကမ်းနီ၊ စစ်တောနှင့် ကျောက်ဖြူမြို့တို့ရှိ နယ်မြေခံတပ်ရင်းများ၊ ရဲတပ်ရင်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တပ်မတော်သား အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ၎င်းတို့၏တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများနှင့် ရာသီသီးနှံမျိုးစေ့ထုပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မင်းပြားမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးစဉ်။**



# ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံတော်၏သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်၊အဖိုးတန်ဂေဟစနစ်များ မပျောက်ပျက်အောင် စောင့်ရှောက်နိုင်ရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် အထောက်အကူပြုစေရန်ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူးရုံးရေှ့ယာဉ်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ကွပ်ကဲမှုအောက်ရှိတပ်ဖွဲ့နှင့် ဦးစီးဌာနများမှ အရာရှိကြီးများနှင့်ဇနီးများ၊ တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများတက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့်ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီနှင့်ဇနီး၊ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်၏ဇနီး၊အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ အရာရှိကြီးများနှင့်ဇနီးများ၊ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများက သတ်မှတ်နေရာများတွင် သစ်ပင်များစိုက်ပျိုးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့သည် တာဝန်ရှိသူများနှင့်အတူ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့ပြုလုပ်သည့် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက်၊ မန်ကျည်း၊ ရှား၊ သက်န်း၊ မဲဇလီ၊ သပြေကြီး၊ မန်ကျည်း၊ ယမနေ စသည့် သစ်ပင်စုစုပေါင်း ၁၂၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ဦးစီးဌာနများ၏ရုံးချုပ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိရုံး၊ ဌာနများတွင်လည်း မိုးရာသီသစ်ပင်စိုက်ပွဲများကျင်းပ၍ ရတနာတန်းဝင်ပင်များ၊ အရိပ်ရလေကာပင်များ၊ သီးပင်စားပင်များကို တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ယနေ့တွင် သစ်ပင် ၄၁၁၉၀ တို့ကို စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# တပ်မတော်ဆေးရုံများနှင့် နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက်ကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၁၆**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဇေလင်း တပ်မတော်ဆေးရုံတွင် ကုသမှုခံယူနေသူတစ်ဦးကို ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကား ပြောကြားစဉ်။

---

ရှေ့ဖုံးမှအဆက်

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး၊ ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိငယ်များ တက်ရောက်ကြသည်။

## တပ်မတော်နှင့် အမျိုးသားနိုင်ငံရေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး၊ ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိငယ်များအား တပ်မတော်နှင့် အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်၏နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု၊ တစ်ဦးချင်းတာဝန်ထမ်းဆောင်မှု စသည်တို့နှင့်ပတ်သက်၍ မှန်မှန်ကန်ကန်သိရှိနားလည်ရန်နှင့် အခြားလိုအပ်သည်များကို မှာကြားနိုင်ရန် ယခုကဲ့သို့ တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ မည်သည့်နိုင်ငံတွင်ဖြစ်စေ နိုင်ငံတော်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်မှာ နိုင်ငံသားတိုင်း၏ တာဝန်ပင်ဖြစ်ကြောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အခြေအနေများတူညီမှုမရှိကြဘဲ နယ်ချဲ့နိုင်ငံများ၊ ကိုလိုနီပြုခြင်းခံခဲ့ရသည့် နိုင်ငံများနှင့် ကိုလိုနီပြုခြင်းမခံခဲ့ရသည့် နိုင်ငံများ စသည်ဖြင့် အမျိုးမျိုးရှိကြောင်း၊ နိုင်ငံ၏ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်မပျက်အောင် ထိန်းသိမ်းဆောင်ရွက်ခြင်းသည် အမျိုးသားနိုင်ငံရေးပင်ဖြစ်ကြောင်း၊ နိုင်ငံ၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်းဖြစ်ကြောင်း၊ **မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးမှ သမိုင်းနှင့်ချီ၍ဖြစ်ပေါ်လာခဲ့သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ခြင်းပင်ဖြစ်**ကြောင်း။

မိမိတို့နိုင်ငံတွင် မှီတင်းနေထိုင်သည့် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးခန့်ရှိပြီး ဒေသအလိုက်၊ လူမျိုးအလိုက် ကွဲပြားခြားနားမှုများရှိကြကြောင်း၊ သွင်ပြင်လက္ခဏာ၊ ယဉ်ကျေးမှု၊ ထုံးတမ်းစဉ်လာများ တူညီမှုမရှိကြဘဲ တောင်တန်းဒေသနှင့်ပြည်မဒေသတို့သည် ရာသီဥတု၊ မြေအနေအထား၊ လမ်းပန်းဆက်သွယ်မှု၊ ပညာရေးနှင့် ကူးလူးဆက်ဆံမှုများကွာခြားမှုရှိသဖြင့် တစ်ပြေးညီတိုးတက်ခြင်းမရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယခင်ဘုရင်စနစ်ကျင့်သုံးခဲ့စဉ်က ဘုရင်များ၏ ဩဇာသက်ရောက်မှုအပေါ်မူတည်၍ ကွာခြားမှုရှိခဲ့ကြောင်း၊ ကိုလိုနီပြုခြင်းခံခဲ့ရချိန်တွင်လည်း ပြည်မတွင်ရှိသည့် တိုင်းရင်းသားများနှင့် တောင်တန်းဒေသရှိ တိုင်းရင်းသားများ ကွဲပြားခြားနားမှုရှိအောင် နယ်ချဲ့တို့က ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံသည် အင်္ဂလိပ်-မြန်မာစစ်ပွဲ သုံးကြိမ်ဖြစ်ပွားခဲ့ပြီးနောက် ကိုလိုနီလက်အောက်သို့ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသများသည် ကိုလိုနီလက်အောက်တွင် ပိုမိုကြာရှည်စွာနေခဲ့ကြရကြောင်း၊ ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲပြီးနောက် ၎င်းဒေသများသည် အင်္ဂလိပ်အုပ်ချုပ်မှုပုံစံကိုကျင့်သုံးခဲ့ကြပြီး ထိုအချိန်၌ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ဘုရင်စနစ်ကို ကျင့်သုံးနေဆဲဖြစ်ကြောင်း၊ အုပ်ချုပ်မှုပုံစံကွဲပြားခြားနားမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ကိုလိုနီလက်အောက်သို့ ကျရောက်ချိန်တွင် ၎င်းတို့၏ တောင်တန်း-ပြည်မ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေခဲ့ကြောင်း၊ ကိုလိုနီလက်အောက်မှရုန်းထွက်ချိန်တွင် ပညာတတ်များနည်းပါးခြင်းနှင့် စုစည်းညီညွတ်သည့်အားများနည်းပါးမှုများရှိခဲ့၍ လွတ်လပ်ရေးကို ခက်ခဲစွာကြိုးပမ်းရယူခဲ့ရကြောင်း။

တပ်မတော်သားများသည် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နေသူများ၊ အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်နေသူများဖြစ်သည့်အတွက် ခေတ်အဆက်ဆက် နိုင်ငံ၏သမိုင်းကို မှန်မှန်ကန်ကန်သိရှိရန်လိုအပ်ကြောင်း၊ အမျိုးသားနိုင်ငံရေးနှင့် အမျိုးသားအကျိုးစီးပွားကို ဆောင်ရွက်ရာတွင် နိုင်ငံ၏သမိုင်းကြောင်းကို မှန်မှန်ကန်ကန်သိရှိထားမှသာ မိမိတို့၏အမျိုးသားနိုင်ငံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ၏သမိုင်းကြောင်းမှ သင်ခန်းစာများကိုဖော်ထုတ်ပြီး နိုင်ငံ့အကျိုးအတွက် ဆောင်ရွက်ရန်လိုကြောင်း။

မိမိတို့နိုင်ငံ၏ ပထဝီဝင်အနေအထားအရ အရေးပါပုံနှင့် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများကိုလည်း အမြဲမပြတ်သိရှိနားလည်နေရန်လည်းလိုကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကိုလည်းသိရှိနေရမည်ဖြစ်ပြီး ဆက်လက်၍လည်းမျက်ခြည်မပြတ် လေ့လာသွားရန်လိုကြောင်း။

## နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု

မိမိနိုင်ငံ၏ နိုင်ငံရေးသမိုင်းကြောင်းကို မှန်မှန်ကန်ကန်သိရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ သမိုင်းကြောင်းကိုလေ့လာကြည့်မည်ဆိုပါက ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးကာလတွင် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းခဲ့စဉ်ကတည်းက လွတ်လပ်ရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် ဒုတိယ၊ ဆိုရှယ်လစ်ရေးသည် တတိယဟူ၍ ကြွေးကြော်ဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရပြီးနောက် ၁၉၇၄ ခုနှစ်တွင် တိုင်းပြုပြည်ပြုလွှတ်တော်က အတည်ပြုရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအုပ်ချုပ်ပုံအခြေခံဥပဒေ (၁၉၇၄ ခုနှစ်)ကို ကျင့်သုံးခဲ့ကြောင်း၊ မိမိတို့တိုင်းပြည်သည် ကိုလိုနီဖြစ်ခဲ့ရသဖြင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း မြန်မာ့လွတ်လပ်ရေးခေါင်းဆောင် အများစုတွင် နိုင်ငံရေးအယူအဆကွဲပြားမှုများရှိခဲ့ကြောင်း၊ နိုင်ငံတော်၌ ဆိုရှယ်လစ်စနစ်ကျင့်သုံးနိုင်ရေးအတွက် တော်လှန်ရေးကောင်စီ၏ မူဝါဒသဘောထားကြေညာချက်တွင် စတင်ဖော်ထုတ်လာသည်ကို သမိုင်းမှတ်တမ်းများ၌တွေ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ရခြင်းမှာလည်း နိုင်ငံရေးအရအခက်အခဲနှင့် သမိုင်းကြောင်းများအပြင် စီးပွားရေးအရအခက်အခဲနှင့် သမိုင်းကြောင်းများကြောင့်ဖြစ်ကြောင်း။

ထိုသို့ အခက်အခဲ၊ အကျပ်အတည်းများဖြစ်ပေါ်နေမှုကို တပ်မတော်ခေါင်းဆောင်များက သတိထားတွေ့မြင်ခဲ့ပြီး တိုင်းပြည်၏အနာဂတ်အရေးအတွက် မျှော်တွေးထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ထို့နောက် ဆိုရှယ်လစ်စနစ်ကိုကျင့်သုံးခဲ့ပြီး နိုင်ငံတော်၏စီးပွားရေးအခန်းကဏ္ဍကို ပြည်သူတို့လက်ဝယ်တွင်ရှိစေရေးအတွက် ဆောင်ရွက်ခဲ့ရသည်များရှိကြောင်း၊ ဆိုရှယ်လစ်စနစ်၏ အားနည်းချက်၊ စီမံခန့်ခွဲမှုအားနည်းချက်တို့ကြောင့် စီးပွားရေးကျဆင်းခဲ့ကာ ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ပေါ်လာခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ပွားခဲ့ရခြင်းသည် နိုင်ငံရေးပဋိပက္ခများထက် စီးပွားရေးကျဆင်းခဲ့ရမှုများကြောင့် အခြေခံပြီးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရတက်လာခဲ့ပြီး ပြည်သူလူထု၏ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ် လျှောက်လှမ်းနိုင်ရေးအတွက် ဦးတည်ဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီစနစ်ကိုကျင့်သုံးနိုင်ရေး မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေး တပ်မတော်က ဦးဆောင်၍ ဆောင်ရွက်ခဲ့ရကြောင်း၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့သွားနိုင်ရေးအတွက် ဈေးကွက်စီးပွားရေးစနစ်ကိုပုံဖော်ရာတွင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို မြေတောင်မြှောက်ပေးခဲ့ရကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထုလိုလားသော စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် ဖော်ဆောင်ပေးခဲ့ကြောင်း။

၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ပထမအကြိမ်ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့်ပါတီမှ ဒီမိုကရေစီအစိုးရတစ်ရပ်တက်လာခဲ့ပြီး တပ်မတော်အနေဖြင့် လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး တက်လာသည့် ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းတွင် တပ်မတော်အနေဖြင့် ဖြတ်သန်းတွေ့ကြုံခဲ့ရသည့် နိုင်ငံရေးအတွေ့အကြုံများအရ ဖြစ်သင့်ဖြစ်ထိုက်သည်များ၊ လုပ်သင့်လုပ်ထိုက်သည်များကို အကြံဉာဏ်ပေးခြင်း၊ ကူညီပေးခြင်းများ ဆောင်ရွက်ခဲ့သော်လည်း ထိရောက်မှုအားနည်းသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်ခဲ့ချိန်တွင်လည်း အုပ်ချုပ်သူအစိုးရအဖွဲ့အနေဖြင့် အကျပ်အတည်းများစွာ ဖြစ်ပေါ်ခဲ့သဖြင့် တပ်မတော်မှ ကူညီဖြေရှင်းပေးခဲ့ရကြောင်း၊ ထို့နောက် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့်ပတ်သက်၍ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန်လိုအပ်သည်ဟု အကြိမ်ကြိမ်ပြောကြားခဲ့သော်လည်း ရွေးကောက်ပွဲတွင် မရိုးသားသည့်နည်းလမ်းများဖြင့် အနိုင်ရရှိရေးဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မဲစာရင်းကွဲလွဲမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တပ်မတော်မှပြောကြားခဲ့သော်လည်း ဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် အတည်ပြုနိုင်ခြင်းမရှိသောလွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်အာဏာကို အဓမ္မရယူရန် လုပ်ဆောင်လာခဲ့သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်က နိုင်ငံတော်၏တာဝန်များကို ဝင်ရောက်ထိန်းသိမ်း ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ခြင်းသည် နိုင်ငံတော်မှ လျှောက်လှမ်းနေသည့်၊ ပြည်သူလူထုက လိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းခိုင်မာရေးအတွက်သာဖြစ်ပြီး မိမိတို့အနေဖြင့် အဆိုပါလမ်းကြောင်းပေါ်မှ သွေဖည်အောင်ဆောင်ရွက်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် တိုင်းပြည်တည်ငြိမ်ရေးကိုဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်နေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်သည်ကို သိရှိရန်လိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးရည်မှန်းချက်အဖြစ် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ခုအဖြစ် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊မိမိတို့အနေဖြင့် နိုင်ငံတော်ကို အခက်အခဲ၊ အကျပ်အတည်းများကြားမှ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် နောက်ဆုံးအချက်ဖြစ်သည့် **"အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်"**ဟူသည့်အချက်ကို မဖြစ်မနေအကောင်အထည်ဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

## တစ်ဦးချင်း၏ တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ ရည်မှန်းချက်များမပျောက်ပျက်အောင် အလေးထားဆောင်ရွက်သွားရန်လို

တစ်ဦးချင်း တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ တပ်မတော်သားတိုင်းသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှမပါရှိဘဲ တပ်မတော်အတွင်းသို့ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့သူများ ဖြစ်ကြောင်း၊ မိမိတို့၏မျှော်မှန်းချက်များ မထိခိုက်အောင် နေထိုင်ဆောင်ရွက်ကြရန်နှင့် ရည်မှန်းချက်များ မပျောက်ပျက်အောင်ထိန်းသိမ်းဆောင်ရွက်၍ စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ **လူတိုင်းသည် ဘဝတိုးတက်မှုကိုလိုလားကြပြီး တိုးတက်မှုများဖြစ်ပေါ်ရေးအတွက် အဓိကလိုအပ်ချက်သည် အသိပညာ၊အတတ်ပညာများကို အမြဲမပြတ်လေ့လာအားထုတ် ကြိုးစားလုပ်ဆောင်ခြင်းပင်ဖြစ်**ကြောင်း၊ မိမိဘဝအတွက် အကျိုးဖြစ်စေမည့် စာပေဗဟုသုတ၊ ဘာသာစကားနှင့် နည်းပညာပိုင်းဆိုင်ရာများကို လေ့လာသင်ယူနေရမည်ဖြစ်ကြောင်း၊ ထို့ပြင် သင့်တင့်လျောက်ပတ်သည့် ကိုယ်ခန္ဓာသွင်ပြင်နှင့် ကျန်းမာကြံ့ခိုင်မှု ရှိစေရေးအတွက်လည်း ညီညွတ်မျှတသည့် နေထိုင်စားသောက်မှုပုံစံနှင့် ကိုယ်လက်လှုပ်ရှားမှုရှိရမည်ဖြစ်ကြောင်း၊

**မိမိတို့ကိုပေးအပ်လာသည့် တာဝန်များကိုထမ်းဆောင်ရာ၌ မိမိကိုယ်ကို သစ္စာရှိရမည်၊ မိမိအလုပ်ကိုသစ္စာရှိရမည်၊ မိမိ မိသားစုကို သစ္စာရှိရမည်၊ နိုင်ငံတော်အပေါ် သစ္စာရှိရမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကို၊ မိမိတပ်မတော်အပေါ်၊ မိမိနိုင်ငံတော်အပေါ် ယုံကြည်ချက် ခံယူချက် မြင့်မားရမည်ဖြစ်**ကြောင်း၊ လူတိုင်းသည် မိမိတို့ဘဝတိုးတက်ရေးအတွက် ရည်မှန်းချက်များရှိကြကြောင်း၊ ရည်မှန်းချက်များ ဖြစ်မြောက်အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ ရည်မှန်းချက်တာဝန်များကို ဆောင်ရွက်ရာတွင် အသိတရား၊ သတိတရားဖြင့်ထိန်းသိမ်း၍ ဆောင်ရွက်ကြမည်ဆိုပါက မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်နိုင်မည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် အလှူငွေများပေးအပ်ပွဲသို့ တက်ရောက်





နန္ဒာရာမပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကဆရာတော်ထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

**နေပြည်တော် ဇွန် ၁၆**

ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအတွက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် အလှူရှင်များက လှူဒါန်းသည့်အလှူငွေများအား ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ လောကာနန္ဒာစေတီတော်လိုဏ်ဂူအတွင်း၌ ကျင်းပပြုလုပ်ရာ ပြည်နယ်သြဝါဒါစရိယ စစ်တွေမြို့ နန္ဒာရာမပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တနန္ဒသီရိ အမှူးပြုသော သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဆရာတော်ထံ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက နန္ဒာရာမပရိယတ္တိစာသင်တိုက်၏ပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲဇံက ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသောဘုန်းတော်ကြီးကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအတွက်အလှူတော်ငွေကျပ်သိန်း ၁၀၆၀ကို ပေးအပ်လှူဒါန်းရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက လက်ခံရယူသည်။

ယင်းနောက် မြို့နယ်သြဝါဒါစရိယ စစ်တွေမြို့ တပ်ဦးဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက်ပဓာနနာယက မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တဉာဏာဝံသထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အနုမောဒနာတရားနာယူခဲ့ကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၆၀ ကို မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ပေါင်းလောင်းလေးကျေးရွာ ရှာဦးကျောင်းဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဝိဇ္ဇောဘာသာလင်္ကာရာဘိဝံသက အလှူငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့မှ ဦးဝေချင်းဟိုင်မိသားစု Hanley Group က အလှူငွေကျပ်သိန်း ၁၀၀၀ ကိုလည်းကောင်း၊ ဦးစည်သူဝင်းမိသားစု Guardian Academy Private School က အလှူငွေကျပ်သိန်း ၄၀ ကိုလည်းကောင်းအသီးသီးလှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် တာဝန်ရှိသူများသည် ဒပြုချောင်းကျေးရွာအုပ်စု ဒပြုချောင်းကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးကြပြီး မုန်တိုင်းဒဏ်သင့်ကျေးရွာအုပ်စု ငါးအုပ်စုတို့မှ ဒေသခံပြည်သူများနှင့် ကျေးရွာကိုယ်စားလှယ်များကို ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့ပြင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ မုန်တိုင်းသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းအစည်းအဝေး ပြုလုပ်ခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း မုန်တိုင်းဒဏ်သင့် ကျေးရွာများမှ ဒေသခံ ပြည်သူများနှင့် ကျေးရွာ ကိုယ်စားလှယ်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

အလားတူ ကျောက်တော်မြို့သို့ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်မှူးချုပ်အောင်သူဦးနှင့် တာဝန်ရှိသူများသည် မဟာကကြီးသျှင် ဘုရားကြီးပရိဝုဏ်အတွင်းရှိ မေတ္တာဥယျာဉ် ပညာဒါနပရဟိတကျောင်း ဆရာတော် မဟာပရဟိတဓရေ ဘဒ္ဒန္တနန္ဒာစာရအား သွားရောက်ဖူးမြော်ပြီး ဆန်၊ဆီ၊စားသောက် ဖွယ်ရာများနှင့် အခြားလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။

➤ ➤ ➤




# ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင်ကျင်းပသည့် (၂၆)ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် ဇွန် ၁၆**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့်မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏သမ္မတအကြံပေးနှင့် (၂၆)ကြိမ်မြောက်နိုင်ငံတကာစီးပွားရေးဖိုရမ်ကျင်းပရေးကော်မတီ၏ အမှုဆောင်အတွင်းရေးမှူးဖြစ်သူ မစ္စတာအန်တွန်ကိုဗျာကော့ဗ်၏ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ဇွန် ၁၄ ရက်မှ ၁၇ ရက်ထိ ကျင်းပသည့် (၂၆)ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ တက်ရောက်လျက်ရှိသည်။

ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် ဖိုရမ်ပထမနေ့တွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အရှေ့ဖျားဒေသရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီ FESCO Transportation and Logistics မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်စည်ထောက်ပံ့ပို့ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအလားအလာများနှင့် ဗလာဒီဗော့စတော့ခ်ဆိပ်ကမ်းမှ မြန်မာနိုင်ငံရှိဆိပ်ကမ်းများသို့ ရေကြောင်းလမ်းအသုံးပြုဆက်သွယ်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏သမ္မတအကြံပေး ရော့စ်ကွန်ဂရက်ဖောင်ဒေးရှင်း၏ဒုတိယဥက္ကဋ္ဌနှင့်အမှုဆောင်အတွင်းရေးမှူးဖြစ်သူ မစ္စတာအန်တွန်ကိုဗျာကော့ဗ်နှင့် ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှညွှန်ကြားရေးမှူး မစ္စတာအလက်ဇန်းဒါးဆာဂီးအိဗ်ဇစ်ရှ်ရှာတီရော့ဗ်နှင့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံကာ မြန်မာနိုင်ငံတွင် ရေနံချက်စက်ရုံ၊ ဆိုလာစက်ရုံနှင့်စက္ကူပျော့ဖတ်စက်ရုံတည်ဆောက်ရေးနှင့် စက်သုံးဆီဝယ်ယူရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ခရီးသွားကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊သတ္တုကဏ္ဍ၊စက်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဥရောပ-အာရှစီးပွားရေးကော်မရှင်၊ မေခရိုစီးပွားရေးနှင့်ပေါင်းစည်းရေးဝန်ကြီး မစ္စတာဆီးဂေးရီယူရီရယ်ဗိချ်ဂလာဇီးရပ်စ်က တည်ခင်းဧည့်ခံသည့်အလုပ်သဘောညစာစားပွဲသို့ တက်ရောက်၍ မြန်မာနိုင်ငံနှင့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂ(Eurasian Economic Union-EAEU)အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေး၊ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေး၊ ပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးနှင့် EAEU ၏ ဒေသတွင်းစီးပွားရေးပေါင်းစည်းဆောင်ရွက်မှုများကို လေ့လာရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဇွန် ၁၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် ဖိုရမ်ဒုတိယနေ့တွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် On the Road to Recycling:From Waste to Resources ဆွေးနွေးမှုအစီအစဉ်သို့ပါဝင်တက်ရောက်ခဲ့သည်။

ယင်းအစီအစဉ်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒပြုပြင်ပြောင်းလဲရေးကိစ္စရပ်များ၊စွန့်ပစ်ပစ္စည်းမှ အရင်းအမြစ်အဖြစ်ပြောင်းလဲရန် အခြေခံအဆောက်အအုံလိုအပ်ချက်များ၊ မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများ၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့်စီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ၊ စိန်ခေါ်မှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့သည်။

ယင်းနောက်မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံနှင့်ဥရောပ-အာရှစီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ (Memorandum of Cooperation) လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့တက်ရောက်ခဲ့ကြပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဥရောပ-အာရှစီးပွားရေးကော်မရှင်၊မေခရိုစီးပွားရေးနှင့်ပေါင်းစည်းရေးဝန်ကြီးတို့က စာချွန်လွှာကို လက်မှတ်ရေးထိုး၍ လဲလှယ်ခဲ့ကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အီးအေအီးယူ-အာဆီယံစီးပွားရေးဆိုင်ရာဆွေးနွေးပွဲ (EAEU-ASEAN Business Dialogue)သို့ပါဝင်တက်ရောက်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အီးအေအီးယူနှင့် အာဆီယံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများနှင့် ရည်မှန်းချက်များ၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ပါဝင်ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး မစ္စတာမာ့က်ခ်ဆင်ရယ်ရှယ်နီကိုဗ်နှင့်တွေ့ဆုံကာ ရုရှား-မြန်မာနှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ဦးစားပေးကဏ္ဍများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး တတိယအကြိမ် ရုရှား-မြန်မာအစိုးရအချင်းချင်းကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကော်မရှင်အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့်ကိစ္စရပ်များ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် စတုတ္ထအကြိမ်ကော်မရှင်အစည်းအဝေးကို ယခုနှစ် နှစ်ကုန်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိုရမ်၏ Governor's Lounge ရှိ CenterInform JSC သို့ သွားရောက်လေ့လာခဲ့ပြီး သတင်းအချက်အလက်ဝန်ဆောင်မှုလုပ်ငန်း၊ သတင်းအချက်အလက် ဝန်ဆောင်မှုနှင့် သတင်းအချက်အလက်လုံခြုံရေးလုပ်ငန်းများမြန်မာနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများနှင့်လုပ်ထုံးလုပ်နည်းများ၊ မြန်မာနိုင်ငံမှကုန်ပစ္စည်းများတင်သွင်းရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၃ ခုနှစ်) ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၃ ခုနှစ်)**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၂ / ၂၀၂၃**

၁၃၈၅ ခုနှစ် နယုန်လပြည့်ကျော် ၁၄ ရက်
(၂၀၂၃ ခုနှစ် ဇွန်လ ၁၆ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၃ ခုနှစ်)ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၉၊ ၁၀ နှင့် ၃၅ တို့တွင် ပါရှိသော **"ကျန်းမာရေးဦးစီးဌာန"**ဆိုသည့်စကားရပ်ကို **"အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၃၆ / ၂၀၂၃**

၁၃၈၅ ခုနှစ် နယုန်လပြည့်ကျော် ၁၄ ရက်
(၂၀၂၃ ခုနှစ် ဇွန်လ ၁၆ ရက်)

**မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးမြင့်သိန်းအား မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့ထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၃ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့်အဖွဲ့များအနက် နိုင်ငံရေးပါတီ ခုနစ်ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ခုနစ်ပါတီအနက် **အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ(NIDP)**က ပါတီတည်ထောင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာခြင်းဖြစ်ပြီး အဆိုပါ ပါတီကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# အဋ္ဌမအကြိမ် မြန်မာ-ထိုင်း နှစ်နိုင်ငံလေတပ်အကြား အလုပ်ရုံဆွေးနွေးပွဲ (8th MAF-RATF Air Working Group Meeting)ကျင်းပပြီးစီး



ထိုင်းဘုရင့်လေတပ်မှ ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် ဇွန် ၁၆**

မြန်မာ့တပ်မတော်(လေ)နှင့် ထိုင်းဘုရင့်လေတပ်တို့အကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်စေရန်ရည်ရွယ်ပြီး အဋ္ဌမအကြိမ် မြန်မာ-ထိုင်း နှစ်နိုင်ငံလေတပ်အကြား အလုပ်ရုံဆွေးနွေးပွဲ (8th MAF-RATF Air Working Group Meeting) ကို ဇွန် ၁၂ ရက်မှ ယနေ့ထိ နေပြည်တော်ရှိ Aureum Palace Hotel တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထိုင်းဘုရင့်လေတပ်မှ Air Marshal Kidkuan Sadub ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ တပ်မတော်(လေ)မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ညနေပိုင်းတွင် နှစ်နိုင်ငံလေတပ်များမှ အစည်းအဝေးကျင်းပရေး အတွင်းရေးမှူးအဖွဲ့များအကြား အကြိုညှိနှိုင်းအစည်းဝေးကို နေပြည်တော်ရှိ Aureum Palace Hotel အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြသည်။

ထို့နောက် ဇွန် ၁၃ ရက်တွင် အလုပ်ရုံဆွေးနွေးပွဲကို စတင်ကျင်းပခဲ့ရာ နှစ်နိုင်ငံလေတပ်အစည်းအဝေး သဘာပတိများဖြစ်ကြသည့် မြန်မာ့တပ်မတော်(လေ)မှ စစ်ဦးစီးအရာရှိချုပ်(လေ)နှင့် ထိုင်းဘုရင့်လေတပ်မှ Air Marshal Kidkuan Sadub တို့သည် အဖွင့်အမှာစကားများ အသီးသီးပြောကြားကြသည်။ ယင်းနောက် အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြကာ နှစ်နိုင်ငံလေတပ်မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အထိမ်းအမှတ်လက်ဆောင်များ အပြန်အလှန်လဲလှယ်ခဲ့ကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။ ၎င်းနောက် ညနေပိုင်းတွင် မြန်မာ့တပ်မတော်(လေ)က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

ထို့ပြင် ဇွန် ၁၄ ရက်တွင် ထိုင်းဘုရင့်လေတပ် ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥပ္ပါတသန္တိစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဆင်ဖြူတော်များအား ကြည့်ရှုလေ့လာခဲ့ကြသည်။

ထို့နောက် ထိုင်းဘုရင့်လေတပ် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၅ ရက်တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရားနှင့် ဆူးလေစေတီတော်တို့သို့ သွားရောက်ဖူးမြော်ခဲ့ကြပြီး ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်လှည့်လည် ကြည့်ရှုကြသည်။ ညပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းစစ်သံရုံးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တပ်မတော်(လေ)မှ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့ကြသည်။ ယနေ့တွင် အဆိုပါ ထိုင်းဘုရင့်လေတပ် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်ပလေကြောင်းလိုင်းဖြင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ တပ်မတော်(လေ)မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။



**အဋ္ဌမအကြိမ် မြန်မာ-ထိုင်း နှစ်နိုင်ငံလေတပ်အကြား အလုပ်ရုံဆွေးနွေးပွဲ (8th MAF-RATF Air Working Group Meeting) ကျင်းပစဉ်။**

## ရန်ပုံငွေဘောလုံးပြိုင်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

မိုခါမုန်တိုင်းသဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများ ပြန်လည်ထူထောင်ရေးတွင် ပါဝင်ကူညီနိုင်ရန်အတွက် အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ နိုင်ငံဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများနှင့် Foverever FC တို့ ပါဝင်သည့် ရန်ပုံငွေဘောလုံးပြိုင်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဇွန် ၁၇ ရက် **(ယနေ့)** မွန်းလွဲ ၂ နာရီမှစတင်၍ အနုပညာရှင်များက တေးသီချင်းများနှင့် သီဆိုဖျော်ဖြေမှုများ၊ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲ ယှဉ်ပြိုင်မှုများကို MWD HD Channel၊ MRTV Sports Channel၊ MRTV Parliament Channel၊ Farmer Channel၊ Readers Channel နှင့် Skynet Sports Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါကြောင်း မိဘပြည်သူများအား လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

## ဇွန် ၁၆ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၂ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၉၉၀၅ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၈၈၇၇ ဦး |

**နေပြည်တော် ဇွန် ၁၆**

ဇွန် ၁၅ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၆၇၃၁ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၂ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဦးမြတ်သက်ဦးအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် ဇွန် ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးမြတ်သက်ဦးအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ် နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay ၊ OK S၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကို ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ပို့ဆောင်



ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ပို့ဆောင်ပေးစဉ်။

**နေပြည်တော် ဇွန် ၁၆**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက် ပျက်စီး ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့ ဆောင်ရွက်ပေးနိုင်ရန် တပ်မတော်(ရေ)မှ ထောက်ပံ့ရေးရေယာဉ် တစ်စီးသည် မိုးကာတဲ ၁၀၅ လုံး၊ စားသောက်ဖွယ်ရာမျိုးစုံ အိတ် ၁၅၀၀၊ ဆေးဝါးမျိုးစုံ ၅၃၄ ပုံး၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ စားသုံးဆီဘူးများပါဝင်သော စက္ကူဗာ ၂၄၅၀၊ အချိုရည် ၄၆ ကတ် စုစုပေါင်း ကုန်တန်ချိန် ၁၃၀ ကို ရန်ကုန်မြို့၌တင်ဆောင်၍ စစ်တွေမြို့သို့ ယနေ့နံနက်ပိုင်းတွင် ထွက်ခွာခဲ့သည်။

အဆိုပါစစ်ရေယာဉ်မှ သယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အမြန်ဆုံးဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ



သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇွန် ၁၆**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ငတောက်တတ်ကျေးရွာနှင့်ရေချမ်းပြင်ကျေးရွာ၌ လမ်းဘေးဝဲယာရှိ လဲကျနေသော သစ်ပင်သစ်ကိုင်းများနှင့် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ငပွန်းချေကျေးရွာနှင့် ဆက်အိုးကျေးရွာ၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် လက်ဝဲဒက်ကျေးရွာ၌ လမ်းဘေးဝဲယာရှိ လဲကျနေသော သစ်ပင်သစ်ကိုင်းများနှင့် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ မောင်တောမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ၄ မိုင်ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ရသေ့တောင်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ သာသနာ့ဗိမာန်ကျောင်း၌ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

## ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေ

**နေပြည်တော် ဇွန် ၁၆**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်၊ စစ်သမီးများက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။



ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ကပြသီဆိုဖျော်ဖြေစဉ်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်၊ စစ်သမီးများက မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းအဆို၊ အကများ၊ တေးသရုပ်ဖော်အကများ၊ရယ်ရွှင်ဖွယ်ရာဟာသပြဇာတ်၊ ဒေသ၏ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေး အစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။

ထိုကဲ့သို့ သီဆိုကပြဖျော်ဖြေသော စစ်သည်၊ စစ်သမီးများကို တပ်နယ်မှ တာဝန်ရှိသူများက ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၁၇-၆-၂၀၂၃ (စနေနေ့)**

| | | |
|---|---|---|
| ၁။ | ၀၆း၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၁း၀၀ | စစ်သည်ကဏ္ဍ |
| ၃။ | ၁၄း၃၀ | လေ့လာမှတ်သား ရိုးရာစကားပုံများ |
| ၄။ | ၁၆း၀၀ | ကမ္ဘာကျော်တို့ အနုပညာခရီး |
| ၅။ | ၁၈း၂၀ | Thazin Request Song |

## ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇွန် ၁၆**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှုစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



# လယ်ဝေးမြို့မရဲစခန်းနှင့် MICC-II ဂိတ်(၂) ဝင်ပေါက်တို့ကို လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခဲ့သည့် တရားခံများကို ဖြစ်စဉ်ဖြစ်ပွားပြီး ၁၀ နာရီအတွင်း ဖမ်းဆီးရမိ

**လယ်ဝေးမြို့မရဲစခန်းနှင့် MICC-II ဂိတ်(၂)ဝင်ပေါက်တို့ကို လက်ပစ်ဗုံးဖြင့်ပစ်ခတ်ခဲ့သည့် တရားခံများအား ၁၀ နာရီအတွင်း ဖမ်းဆီးရမိ။**




သက်နိုင်
(လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခဲ့သူ)



ရဲနိုင်
(လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခဲ့သူ)



ရန်နိုင်ထွန်း
(အငှားယာဉ်မောင်း)



အိုင်ဖော့(ခ)ရန်နိုင်ဦး
(အငှားယာဉ်မောင်း)

**နေပြည်တော် ဇွန် ၁၆**

ဇွန် ၁၂ ရက် ညနေပိုင်းတွင် လယ်ဝေးမြို့မရဲစခန်းကို (စိစစ်ဆဲ)ကျားနှစ်ဦးက လက်ပစ်ဗုံးဖြင့် ချောင်းမြောင်းပစ်ခတ်ခဲ့ပြီး ယင်းနေ့ ညပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဉာဏအောင်မြေလမ်း MICC-II ဂိတ်(၂) ဝင်ပေါက်ကို (စိစစ်ဆဲ)ကျားသုံးဦးတို့က လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ဖောက်ခွဲခဲ့သည့် ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။

သို့ဖြစ်၍ အထက်ပါဖြစ်စဉ်များနှင့် ပတ်သက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများကို ဖမ်းဆီးရမိရေး အချိန်နှင့်တစ်ပြေးညီ နေ့ညမပြတ် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တရားမျှတမှုကိုလိုလားပြီး အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ မျက်မြင်သတင်းပေးပို့ချက်များနှင့် မြေပြင်သတင်းစုံစမ်းရရှိချက်များအရ ဇွန် ၁၃ ရက် နံနက်ပိုင်းတွင် လယ်ဝေးမြို့မရဲစခန်းနှင့် MICC-II ဂိတ်(၂) ဝင်ပေါက်တို့ကို လက်ပစ်ဗုံးဖြင့်ပစ်ခတ်သွားသည့် တရားခံ သက်နိုင်နှင့် အငှားယာဉ်မောင်း ရန်နိုင်ထွန်းတို့ကို ပျဉ်းမနားမြို့နယ် အာဟာရသုခဈေးအနီးရှိ "ရွှက်သစ်"လက်ဖက်ရည်ဆိုင်၌ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ဖမ်းဆီးရမိတရားခံ **သက်နိုင်**၏ ထွက်ဆိုချက်အရ ယင်းနေ့ နေ့လယ်ပိုင်းတွင် တရားခံ**ရဲနိုင်**နှင့် အငှားယာဉ်မောင်း **အိုင်ဖော့(ခ)ရန်နိုင်ဦး**တို့ကို လိပ်သိုမြို့အဝင်စစ်ဆေးရေးဂိတ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ လေးဦးတို့ကို ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကြောင့် ရာဇဝတ်ဘေး ပြေးမလွတ်ဆိုသည့်အတိုင်း ဖြစ်စဉ်ဖြစ်ပွားပြီး ၁၀ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ တရားခံ**သက်နိုင်**နှင့် **ရဲနိုင်**တို့သည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ကြုံရာကျပန်းလုပ်ကိုင်နေသူများဖြစ်ပြီး တရားခံပြေး **ရှမ်းလေး**၏ ချိတ်ဆက်ပေးမှုဖြင့် စစ်တောင်းမြို့ပြပြောက်ကျား အမည်ခံ အကြမ်းဖက်အဖွဲ့ခေါင်းဆောင် တရားခံပြေး **ငင်ယော်(စ)ငှက်ဖြူ(စ)နေလင်း**နှင့် ရင်းနှီးခဲ့ကြောင်း၊တရားခံပြေး **ငင်ယော်(စ)ငှက်ဖြူ (စ)နေလင်း**က နေပြည်တော်ကောင်စီနယ်မြေအတွင်း အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန်အတွက် ကူညီပါဝင်ဆောင်ရွက်ပေးရန်နှင့် ငွေကြေးထောက်ပံ့ပေးမည်ဟု ပြောဆိုစည်းရုံးခဲ့သဖြင့် ၎င်းတို့နှစ်ဦးက ငွေကြေးရယူလိုမှုဖြင့် သဘောတူလက်ခံခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဇွန် ၁၀ ရက်တွင် တရားခံပြေး **ငင်ယော် (စ)ငှက်ဖြူ (စ)နေလင်း**က MICC-II နှင့် လယ်ဝေးမြို့မရဲစခန်းတို့ကို ပစ်ခတ်ဖောက်ခွဲရန် လက်ပစ်ဗုံးနှစ်လုံးအားပေးခဲ့သဖြင့် **သက်နိုင်**၊ **ရဲနိုင်**နှင့် တရားခံပြေး **အသေးလေး**တို့က ကယားပြည်နယ် ပဆေးလာကျေးရွာသို့ သွားရောက်ယူဆောင်ခဲ့ကြောင်း၊ ၎င်းနောက် ဇွန် ၁၁ ရက်တွင် လယ်ဝေးမြို့မရဲစခန်းနှင့် MICC-II ဂိတ်(၂)ဝင်ပေါက်တို့ကို လက်ပစ်ဗုံးဖြင့်ပစ်ခတ်ရန် **သက်နိုင်**၊ **ရဲနိုင်**နှင့် တရားခံပြေး**အသေးလေး**တို့က နှစ်ကြိမ်သွားရောက်၍ အခြေအနေကြည့်ရှုခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဇွန် ၁၂ ရက် ညနေပိုင်းတွင် တရားခံပြေး **ငင်ယော် (စ)ငှက်ဖြူ (စ)နေလင်း**၏ စေခိုင်းမှုဖြင့် **သက်နိုင်**၊ **ရဲနိုင်**နှင့် တရားခံပြေး **အသေးလေး**တို့ သုံးဦးသည် လက်ပစ်ဗုံး နှစ်လုံးကိုယူဆောင်၍ ဆိုင်ကယ်နှစ်စီးဖြင့် လယ်ဝေးမြို့မရဲစခန်းသို့ ပစ်ခတ်ဖောက်ခွဲရန် သွားရောက်ခဲ့ပြီး တရားခံပြေး **အသေးလေး**က လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အခြေအနေကို စောင့်ကြည့်၍ **သက်နိုင်**နှင့် **ရဲနိုင်**တို့နှစ်ဦးက လယ်ဝေးမြို့မရဲစခန်းကို လက်ပစ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အလားတူ ယင်းနေ့ညပိုင်းတွင် **သက်နိုင်**၊ **ရဲနိုင်**နှင့် တရားခံပြေး **အသေးလေး**တို့ သုံးဦးသည် ဆိုင်ကယ် နှစ်စီးဖြင့် MICC-II သို့ သွားရောက်ခဲ့ပြီး **ရဲနိုင်**က အခြေအနေကြည့်ရှုပေးကာ တရားခံပြေး **အသေးလေး**နှင့် **သက်နိုင်**တို့နှစ်ဦးက MICC-II ဂိတ်(၂) ဝင်ပေါက်ကို လက်ပစ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အဆိုပါအကြမ်းဖက်ဖောက်ခွဲမှုများအတွက် တရားခံပြေး **ငင်ယော်(စ)ငှက်ဖြူ(စ)နေလင်း**က တစ်ဦးလျှင် ငွေကျပ်သုံးသိန်း ထောက်ပံ့ပေးခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း အကြမ်းဖက်သမားများကို ဖမ်းဆီးရမိရေး ပိုက်စိပ်တိုက်စစ်ဆေးရှာဖွေဖမ်းဆီးမှုများ လုပ်ဆောင်နေမှုကြောင့် မနေရဲတော့ဘဲ ကယားပြည်နယ်အတွင်းသို့ ထွက်ပြေးတိမ်းရှောင်ရန်လုပ်ဆောင်နေစဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။



**လယ်ဝေးမြို့မရဲစခန်းနှင့် MICC-II ဂိတ်(၂)ဝင်ပေါက်အား လက်ပစ်ဗုံးဖြင့် ပစ်ခတ် သည့်ဖြစ်စဉ်မှ တရားခံနှစ်ဦး၏ CCTV မှတ်တမ်းဓာတ်ပုံ။**



**၂၀၂၃ခုနှစ် ဇွန် ၁၂ ရက်တွင် ဇမ္ဗူသီရိမြို့ ဘောဂသိဒ္ဓိရပ်ကွက် ဉာဏအောင်မြေလမ်း MICC-II ဂိတ်(၂)ဝင်ပေါက်အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။**



**၂၀၂၃ခုနှစ် ဇွန် ၁၂ ရက်တွင် လယ်ဝေးမြို့မရဲစခန်းရှေ့တွင် လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခံရမှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။**







**လယ်ဝေးမြို့မရဲစခန်းနှင့် MICC -II ဂိတ်(၂)ဝင်ပေါက်အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်သည့်ဖြစ်စဉ်မှ တရားခံဝတ်ဆင်ခဲ့သည့် သက်သေခံပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မိုခါအလွန် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆီသို့ (၃)

ထက်မြတ်

ယမန်နေ့မှအဆက်

**ရခိုင်ပြည်နယ်တစ်ခုလုံးမှာ မေလ ၁၆ ရက်နောက်ပိုင်း သာမန်ဝမ်းပျက်ဝမ်းလျှော ရောဂါဖြင့် လာရောက်ပြသသူ ၈၁၅ ဦး ရှိပြီး ဆေးရုံတက်ရောက်ကုသရသူ ၁၀ ဦး သာရှိပါတယ်။**

ကျန်းမာရေးကဏ္ဍနဲ့ဆက်စပ်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ပူးပေါင်းဆောင်ရွက်မှုတစ်ခုကိုလည်း ပြောပြချင်ပါသေးတယ်။

လူသားတိုင်းအတွက် သောက်သုံးရေဟာ အရေးကြီးတဲ့အလျောက် မုန်တိုင်းတိုက်ခတ်ပြီဆိုရင် သောက်သုံးရေကန်များသည်လည်း အမှိုက်များ၊ အပင်များ၊ တိရစ္ဆာန်အသေကောင်များကျရောက်ပြီး ပျက်စီးသွားလေ့ရှိပါတယ်။

ဒီလိုအခြေအနေတွေကနေ သောက်သုံးရေကန်တွေကို ပြန်လည်အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးသူကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနပါပဲ။

နယ်စပ်ရေးရာဝန်ကြီးဌာနမှတာဝန်ရှိသူများဟာ ရခိုင်ပြည်နယ်အတွင်းရှိ သောက်သုံးရေကန်စုစုပေါင်း ၂၂၀ ထဲမှာ ကျရောက်နေတဲ့ အမှိုက်များ၊ သစ်ပင်ကြီးများ၊ တိရစ္ဆာန်အသေကောင်များ ဖယ်ရှားရှင်းလင်းပေးခြင်း လုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ပါတယ်။

ဒါ့အပြင် နောင်မှာအလားတူဖြစ်စဉ်မျိုး မဖြစ်ရလေအောင် ကန်ပေါင်များကိုလည်း အတိုင်းအတာတစ်ခုအထိ မြှင့်တင်ပေးခဲ့ပါသေးတယ်။

နောက်တစ်ခုက သောက်ရေ၊ သုံးရေ လိုအပ်ချက်ကို တပ်မတော်နဲ့အရပ်ဘက်တို့မှ ရေသန့်ယာဉ်များ၊ ရွေ့လျားရေသန့်စက်များဖြင့် ဖြန့်ဖြူးဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ခဲ့သလို သုံးရေအတွက်လည်း ရေကားများဖြင့် ပို့ဆောင်ပေးခဲ့တာတွေ့ရပါတယ်။

**ရေသန့်ထုတ်ယူဖြန့်ဖြူးပေးနိုင်မှုအပိုင်းနဲ့ ပတ်သက်ပြီးပြောရမယ်ဆိုရင် ရခိုင်ပြည်နယ်မှာ ရေသန့်စင်ကား ၆ စီးဖြင့် တစ်နာရီလျှင် ရေသန့်စင်နှုန်း ဂါလန် ၅၀၀ မှ ၉၀၀ ကြား ထုတ်ယူဖြန့်ဖြူးပေးလျက်ရှိရာ ဇွန်လ ၁ ရက်အထိ စုစုပေါင်း ရေသန့် ၃၀၄၉၁၉ ဂါလန်ကို ထုတ်ယူဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာ တပ်မတော်က စေလွှတ်ပေးထားတဲ့ တစ်နာရီလျှင် ဂါလန် ၈၈၀ သန့်စင်ပေးနိုင်သည့် မော်တော်ယာဉ် ၃ စီး၊ ဂါလန် ၅၀၀ သန့်စင်ပေးနိုင်တဲ့ ယာဉ် ၂ စီး၊ ဂါလန် ၄၀၀ သန့်စင်ပေးနိုင်တဲ့ ယာဉ် ၁ စီး စုစုပေါင်းယာဉ် ၆ စီးနဲ့ သောက်သုံးရေကို စစ်တွေ၊ ရသေ့တောင်၊ မောင်တော၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း မြို့တို့မှာ သန့်စင်ဖြန့်ဝေပေးနေပါတယ်။**

ဒါ့အပြင် ရေသန့်ထွက်ရှိနှုန်း တစ်နာရီလျှင် ဂါလန် ၂၀၀ မှ ၃၀၀ ကြားရှိတဲ့ နေရောင်ခြည်စွမ်းအင်သုံး ရွေ့လျားရေသန့်စင်စနစ် ၃ စုံ အသုံးပြုပြီး မေလ ၂၈ ရက်မှစတင်၍ ရေသန့်ဖြန့်ဝေခဲ့ရာ ဇွန်လ ၁ ရက်အထိ စုစုပေါင်းရေသန့်ဂါလန် ၂၆၀၀ ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။

အဲဒီရေသန့်စက်တွေထဲကမှ Life Straw ရေသန့်စင်စက်တွေဆိုရင် လျှပ်စစ်ဓာတ်အားအသုံးပြုရန်မလိုဘဲ ရွှေ့ပြောင်းသယ်ယူအသုံးပြုနိုင်တဲ့ အမျိုးအစားဖြစ်ပါတယ်။ ဒီစက်တွေက ချောင်းအတွင်းမှ သဘာဝရေကိုပင် ကောင်းစွာသန့်စင်ပေးနိုင်ပြီး ကြည်လင်သန့်ရှင်းတဲ့သောက်သုံးရေကို တစ်နာရီလျှင် ၁၅ လီတာမှ လီတာ ၂၀ အထိထုတ်ပေးနိုင်တာကြောင့် စက်တစ်လုံးတည်းနဲ့တင် တစ်ရက်ကို လူဦးရေ ၁၀၀ အတွက် သောက်သုံးရေလုံလောက်စွာ ထုတ်ပေးနိုင်စွမ်းရှိတာကိုလည်း တွေ့ရပါတယ်။ လက်ရှိမှာတော့ အဲဒီရေသန့်စနစ်အလုံး ၂၁၀ ကို အသုံးပြုလျက်ရှိပါတယ်။

ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်ပြီးနောက် အစိုးရနဲ့တာဝန်ရှိသူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို ပြည်သူတစ်ယောက်အနေနဲ့ကြည့်ရင် အပြစ်ဆိုဖွယ်ရာမရှိအောင် အားရကျေနပ်မိပါတယ်။

**စိုက်ပျိုးမွေးမြူရေးကဏ္ဍ**

လူသားများအတွက် အရေးကြီးအခန်းကဏ္ဍတစ်ခုဖြစ်တဲ့ စိုက်ပျိုးမွေးမြူရေးကဏ္ဍကိုလည်း နိုင်ငံတော်အစိုးရနဲ့ တာဝန်ရှိသူများကမေ့လျော့ထားခြင်းမရှိဘဲ ဆောင်ရွက်ခဲ့တာကိုတွေ့ရမှာပါ။

အင်အားပြင်းထန်စွာတိုက်ခတ်ခဲ့တဲ့ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"ကြောင့် စိုက်ပျိုးရေးလုပ်ငန်းသုံးကျွဲ၊ နွားများအပြင် မွေးမြူရေးတိရစ္ဆာန်များလည်း သေဆုံးခဲ့ပါသေးတယ်။


**လက်ရှိအချိန်အထိ ကောက်ယူရရှိခဲ့တဲ့ စာရင်းများအရ သေဆုံးသွားတဲ့တိရစ္ဆာန်အကောင်ရေများက ကျွဲ ၄၅၃၆ ကောင်၊ နွား ၁၀၆၁၃ ကောင်၊ ဝက် ၃၀၇၅ ကောင်၊ ကြက် ၁၄၇၇၅၂ ကောင်၊ ဘဲ ၉၁၉၄ ကောင်၊ ဆိတ်၊ သိုး၊ ငုံး အပါအဝင် အခြားတိရစ္ဆာန် ၂၇၅၃ ကောင်ရှိတယ်လို့သိရပါတယ်။**

ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့မှ ခိုင်းကျွဲတစ်ကောင်လျှင် ၁၅ သိန်းနှုန်းနဲ့ ကျွဲကောင်ရေ ၁၁၆ ကောင်ကို ကနဦးဝယ်ယူဖြည့်တင်းပေးသွားဖို့စီစဉ်ထားပါတယ်။

ဒါ့အပြင် ဒီခေတ်ဒီကာလဟာ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ပြောင်းလဲလာတဲ့ခေတ်ဖြစ်တာကြောင့် စပါးစိုက်ပျိုးနိုင်ရန်လယ်ထွန်ဖို့အတွက် ထွန်စက်များလိုအပ်ပါတယ်။

**ဒီအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရဲ့ လမ်းညွှန်ချက်နဲ့အညီ တာဝန်ရှိသူများက လယ်ထွန်စက်များကို ပေးပို့ခဲ့ရာ စက်မှုလယ်ယာဌာနမှ လယ်ထွန်စက် ၃၃ စီးက ဇွန် ၁ ရက်မှာ ရခိုင်ပြည်နယ်သို့ရောက်ရှိခဲ့ပြီးဖြစ်ပါတယ်။ ပြည်နယ်အတွင်းမှာ ယခင်ကျန်ရှိတဲ့ ထွန်စက် ၄၇ စီးနဲ့ပေါင်းလိုက်ရင် စုစုပေါင်း ထွန်စက် အစီး ၈၀ အထိ ရှိလာပါပြီ။ လယ်ထွန်စက် ၁ စီးရဲ့လုပ်ဆောင်နိုင်စွမ်းက တစ်ရာသီမှာအနည်းဆုံး လယ်ဧက ၂၂၀ ကို ထွန်ယက်ပေးနိုင်မှာဖြစ်လို့ စစ်တွေမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ မောင်တောမြို့နယ်တို့မှာရှိတဲ့ လယ်များအတွက် ထွန်ယက်ခြင်းလုပ်ငန်းအပေါ် အကောင်းဆုံးအထောက်အပံ့ပေးနိုင်မှာဖြစ်ပါတယ်။**

**စာမျက်နှာ ၂၆ သို့**



တပ်မတော်သားများက မုန်တိုင်းဒဏ်သင့်ပြည်သူများအား သောက်သုံးရေများပေးဝေနေစဉ်။



မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးစဉ်။


တပ်မတော်သားများက ကူညီကယ်ဆယ်ရေးလုပ်ငန်းတွင်ပါဝင်ဆောင်ရွက်နေစဉ်။

စာမျက်နှာ ၂၅ မှအဆက်

နောက်တစ်ခုက လယ်မြေတွေထဲကို ပင်လယ်ရေငန်တွေမဝင်ရောက်နိုင်အောင် တားဆီးကာကွယ်ပေးထားတဲ့ ရေငန်တားတာများ ကျိုးပေါက်မှုအခြေအနေ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်အတွင်းမှာ ဆည်မြောင်းနှင့်ရေအသုံးချရေးဦးစီးဌာနက ထိန်းသိမ်းထားတဲ့ ရေငန်တားတာ ၃၂ ခုရှိတဲ့အနက် ရေကျော်တိုက်စားခြင်းနဲ့ ကျိုးပေါက်ခြင်း ဖြစ်ပေါ်ခဲ့တဲ့ ရေငန်တားတာ ၄ ခုရှိပါတယ်။

အဲဒီရေငန်တားတာ ၄ ခုကို စက်ယန္တရား ၁၇ စီးဖြင့် ပြင်ဆင်ဆောင်ရွက်ခဲ့ရာ အခုဆိုရင် တာ ၄ ခုစလုံး ၁၀၀ ရာခိုင်နှုန်း ပြန်လည်ကောင်းမွန်သွားပါပြီ။

**ကျိုးပေါက်လို့ ပြန်လည်ပြင်ဆင်ပေးလိုက်ရတဲ့ ရေငန်တားတာ ၄ ခုရဲ့အရှည် စုစုပေါင်းက မိုင်ပေါင်း ၄၄ ဒသမ ၇၂ မိုင်ဖြစ်ပြီး ရေငန်ကာကွယ်ပေးနိုင်တဲ့ဧရိယာက ၁၇၇၀၆ ဧကရှိပါတယ်။**

အသားတိုးကြက်နဲ့ ဥစားကြက်မျိုးများကိုတော့ ရန်ကုန်နဲ့တောင်ကြီးမြို့တို့မှ ဝယ်ယူဖြည့်တင်းသွားမှာဖြစ်သလို ဝက်မျိုးများကို နေပြည်တော်၊ ရန်ကုန်၊ ပဲခူးတို့ကနေ ဝယ်ယူဖြည့်တင်းပေးသွားမှာပါ။

ဒါ့အပြင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်)မှ တာဝန်ရှိသူများပါဝင်တဲ့ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့နဲ့ မုန်တိုင်းဒဏ်သင့်ဒေသများမှ သက်ဆိုင်ရာမြို့နယ်အလိုက် ဖွဲ့စည်းထားတဲ့ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များက တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးနဲ့ ဆေးကုသမှုလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့တာတွေ့ရပါတယ်။

**ဒီလိုကွင်းဆင်းဆောင်ရွက်ရာမှာ မေလ ၂၀ ရက်မှ ၃၀ ရက်အထိ ကျွဲ၊ နွား ၃၂၄၃ ကောင်ကို လည်ချောင်းကွဲရောဂါနဲ့ ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးများ ထိုးခြင်း၊ ဝက်အကောင် ၆၀ ကို ဝက်ပလိပ်ရောဂါနဲ့ ဝက်ဝမ်းကျရောဂါ ကာကွယ်ဆေးများထိုးခြင်းတို့အပြင် ထိခိုက်ဒဏ်ရာရပြီး နာမကျန်းဖြစ်နေတဲ့ ကျွဲ၊ နွား ၅၆၇ ကောင်၊ ဝက် ၆၉ ကောင်နဲ့ ဆိတ် ၁၀ ကောင်တို့ကို ဆေးကုသမှုဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။**

**ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"တိုက်ခတ်ချိန်မှာ ရခိုင်ပြည်နယ်အတွင်းရှိ ငါးကန်များပျက်စီးမှုမရှိဘဲ ပုစွန်မွေးမြူရေးကန် ၃၉၁၉၅ ဒသမ ၅၉ ဧကနဲ့ ကဏန်းမွေးမြူရေးကန် ၂၁၈ ဒသမ ၂၈ ဧကပျက်စီးကာ ကျပ်သန်းပေါင်း ၁၃၆၁၈ ဒသမ ၈၁ သန်း ဆုံးရှုံးခဲ့ပါတယ်။**

ရခိုင်ပြည်နယ်မှာ ပုစွန်သားဖောက်စခန်း ၃ ခုရှိပြီး အဲဒီကနေ ပုစွန်သားပေါက်များကို ပံ့ပိုးပေးသွားနိုင်ပါတယ်။ ပျက်စီးသွားတဲ့ကဏန်းကန်တွေကလည်း သဘာဝမှတစ်ဆင့် စုဆောင်းရရှိတဲ့ကဏန်းများကို ကဏန်းပျော့အဖြစ်မွေးမြူတဲ့ ကန်တွေဖြစ်တာကြောင့် အခုဆိုရင် ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းတွေကိုလုပ်ဆောင်နေပါပြီ။

အခုလိုမျိုး မုန်တိုင်းဝင်ရောက်လို့ လယ်ယာမြေများပျက်စီးသွားတဲ့အတွက် အဲဒီဒေသတွေမှာနေထိုင်သူတွေ ထမင်းဝတ်

## ရခိုင်ပြည်နယ်အတွင်း မိုဘိုင်းဖုန်းဆက်သွယ်မှုရရှိမှုအခြေအနေ

ရက်စွဲ၊ ၁၄ - ၆ - ၂၀၂၃

| အော်ပရေတာအမည် | ရှိရင်း ရေဒီယိုစခန်း | ပြင်ဆင်တည်ဆောက်မှုအခြေအနေ | | | |
|---|---|---|---|---|---|
| | | ချို့ယွင်း | ပြင်ဆင်ပြီး | ပြင်ဆင်ရန်ကျန် | ကောင်းမွန်ပြီး (%) |
| မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) | ၄၃၇ | ၃၉၇ | ၃၉၁ | ၆ | ၉၈.၄၉ % |
| Telecom International Myanmar Co., Ltd. (MyTel) | ၃၈၀ | ၁၈၆ | ၁၈၄ | ၂ | ၉၈.၉၂ % |
| Atom Myanmar Limited (ATOM) | ၂၆၂ | ၂၄၄ | ၂၄၀ | ၄ | ၉၈.၃၆ % |
| Ooredoo Myanmar Limited (Ooredoo) | ၁၅၄ | ၇၇ | ၇၇ | | ၁၀၀ % |
| **ပြည်နယ်အတွင်း မိုဘိုင်းစခန်းပေါင်း** | ၁၂၃၃ | ၉၀၄ | ၈၉၂ | ၁၂ | ၉၈.၆၇ % |

တော့မှာပဲလို့ မထင်လိုက်ပါနဲ့။ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်နဲ့အညီ ပြည်သူတွေတစ်ယောက်မှ ထမင်းမငတ်အောင် ကြိုတင်စီစဉ်ဆောင်ရွက်ပေးထားတာကိုတွေ့ရပါတယ်။

စားသုံးသူရေးရာဦးစီးဌာနက နိုင်ငံတော်အရန်ဆန်တန်ချိန် ၁၀၀၀၀(ဆန်အိတ် ၂ သိန်း)ကို အမြန်ဆုံးဝယ်ယူစုဆောင်းထားရှိခဲ့ပါတယ်။

**ဒါ့အပြင် စိုက်ပျိုးရေးဦးစီးဌာနက မုန်တိုင်းဝင်ရောက်ပြီးနောက် စိုက်ပျိုးရေးလုပ်ငန်းများမှာ ပျက်စီးဆုံးရှုံးမှုတွေဖြစ်ပေါ်လာရင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်စေရေးအတွက် ဆန်အရန်ရိက္ခာ ၄၆၀၆၀ တင်း၊ မျိုးစပါး ၁၀၄၄၃၈ တင်း၊ သီးနှံမျိုးစေ့၊ နေကြာ၊ ပဲတီစိမ်း၊ နှမ်း စုစုပေါင်း ၅၅၇၂၀ တင်း၊ ဝါ ၁၂၀၀၀ ပိဿာ၊ ဓာတ်မြေဩဇာ ၄၂၈၀၀ အိတ်၊ သီးနှံသိုလှောင်ရုံ ၁၅၃ ရုံ ပြင်ဆင်ထားခဲ့ပါတယ်။**

ဒါကြောင့် စိုက်ပျိုးမွေးမြူရေးနဲ့ပတ်သက်လာရင် ပြည်သူတစ်ဦးတစ်ယောက်မျှ ထမင်းမငတ်စေရဘူးဆိုတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့စေတနာကို အခုလိုအချိန်မှာ သိသိသာသာ မြင်တွေ့လိုက်ရတာဟာ ကျွန်တော့်အတွက်တော့ နှလုံးပီတိဝွမ်းဆီ ထိဆိုသလိုပါပဲ။

ဒါ့အပြင် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနဲ့ဌာနဆိုင်ရာဝန်ထမ်းများရဲ့ စားသောက်ရေးအဆင်ပြေစေရေးနဲ့ မိမိတို့ အလိုရှိရာ စားသောက်ကုန်ပစ္စည်းတွေကို ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသောက်နိုင်ရေးတို့အတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနဲ့ တာဝန်ရှိသူတွေက ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ဥအမျိုးမျိုးနဲ့ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ အခြေခံလူသုံးကုန်ပစ္စည်းများ၊ တပ်မတော်စက်ရုံများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့ကထုတ်လုပ်တဲ့ ခေါက်ဆွဲခြောက်၊ ဘီစကွတ်နဲ့ စည်သွတ်ဘူးများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များရဲ့ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနဲ့အိမ်ဆောက်ပစ္စည်းတွေကို ပြင်ပပေါက်ဈေးထက် သက်သာတဲ့ဈေးနှုန်းတွေနဲ့ ရောင်းချပေးခဲ့ပါသေးတယ်။

ဒီလိုရောင်းချပေးခြင်းကြောင့် ဒေသခံပြည်သူများနဲ့ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူခဲ့ကြတဲ့အပြင် အခုလိုစားရေး၊ သောက်ရေးအခက်အခဲဖြစ်ပေါ်နေတဲ့အချိန်မှာ သက်သာတဲ့ဈေးနှုန်းတွေနဲ့ ရောင်းချပေးမှုအပေါ် ကျေးဇူးအထူးတင်ကြတယ်လို့လည်း သိရပါတယ်။

**အဲဒီလိုရောင်းချပေးမှုကနေ မေလ ၂၀ ရက်မှ ဇွန်လ ၄ ရက်အထိ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၄၃၃ သိန်းကျော် တန်ဖိုးရှိတဲ့ စားသောက်ကုန်ပစ္စည်းတွေ၊ အခြေခံလူသုံးကုန်ပစ္စည်းတွေ၊ ပြန်လည်ထူထောင်ရေး အသုံးအဆောင်ပစ္စည်းတွေကို ရောင်းချပေးနိုင်ခဲ့ပါတယ်။**

ဒီငွေကြေးပမာဏကိုကြည့်မယ်ဆိုရင် မုန်တိုင်းဒဏ်ခံခဲ့ရတဲ့ ပြည်သူတွေအတွက် များစွာသော သက်သာမှုဖြစ်ပေါ်စေခဲ့တယ်ဆိုတာကို အတိုင်းသားမြင်တွေ့နိုင်မှာပါ။

**ဆက်သွယ်ရေးကဏ္ဍ**

မုန်တိုင်းတိုက်ခတ်ချိန်နဲ့ မုန်တိုင်းတိုက်ခတ်ပြီးနောက် အရေးအကြီးဆုံးလိုအပ်ချက်တစ်ခုကတော့ ဆက်သွယ်ရေးပဲဖြစ်ပါတယ်။ ဆက်သွယ်ရေးကောင်းမှသာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နဲ့တစ်ပြေးညီလုပ်နိုင်မှာပါ။

ဆက်သွယ်ရေးမကောင်းရင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်မီမလုပ်နိုင်တဲ့အတွက် လူသေဆုံးမှုနှုန်းလည်း မြင့်တက်လာနိုင်ပါတယ်။

**မုန်တိုင်းတိုက်ခတ်မှုကြောင့် စစ်တွေမြို့မှာရှိတဲ့ မီတာ ၁၀၀ အမြင့်ရှိ ထပ်ဆင့်လွှင့်ဆက်သွယ်ရေးတာဝါတိုင်ကြီးတစ်တိုင် လဲကျသွားတဲ့ဗီဒီယိုဖိုင်ကို အွန်လိုင်းပေါ်ကနေတွေ့လိုက်ရပါတယ်။**

**ဒါဟာ အွန်လိုင်းပေါ်မှာမြင်တွေ့လိုက်ရတဲ့ ဗီဒီယိုပဲရှိပါသေးတယ်။ အွန်လိုင်းပေါ်မတက်လာဘဲ လဲကျသွားတဲ့ဆက်သွယ်ရေးတာဝါတိုင်ကြီးတွေလည်းရှိပါတယ်။ စစ်တွေမြို့ပေါ်မှာပဲ မီတာ ၆၀ အမြင့်ရှိတဲ့ ရုပ်သံထပ်ဆင့်လွှင့်စက်တာဝါတိုင်ဟာလည်း ပြိုလဲခဲ့ရလို့ ဆက်သွယ်မှုရော ရုပ်မြင်သံကြားပါ ပြတ်တောက်ခဲ့ရပါတယ်။ နောက်ပြီး ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်ရေးအော်ပရေတာ ၄ ခုရဲ့ မိုဘိုင်းစခန်း ၁၂၃၃ ခုရှိတဲ့အနက် မုန်တိုင်းတိုက်ခတ်မှုကြောင့် မိုဘိုင်းစခန်း ၉၀၄ ခု ဆက်သွယ်မှုပြတ်တောက်ခဲ့ပြီး စခန်း ၃၂၉ ခုနဲ့သာ ဝန်ဆောင်မှုပေးခဲ့နိုင်ပါတယ်။**

ဒီနေရာမှာ ဆက်သွယ်ရေးပြန်လည်ရရှိရေးအတွက် တာဝန်ရှိသူများရဲ့ စွမ်းဆောင်ရည်ကအံ့မခန်းလောက်စရာပါပဲ။ ဘာကြောင့်လဲဆိုရင် နေ့လယ်ပိုင်းမှာ မုန်တိုင်းဝင်သွားတယ်။ ညနေပိုင်းကျတော့ ဆက်သွယ်ရေးရအောင် ဆောင်ရွက်ပေးနိုင်တဲ့အတွက်ပါပဲ။

အထူးသဖြင့် Satellite Terminal (B2B) များကို စစ်တွေမြို့၊ ကျောက်ဖြူမြို့၊ ဘူးသီးတောင်မြို့၊ ရသေ့တောင်မြို့နှင့် ပေါက်တောမြို့တို့အပြင် ချင်းပြည်နယ်တို့ကိုပါ ပို့ဆောင်တပ်ဆင်စေပြီး တစ်မြို့လျှင် ဖုန်းလိုင်း ၄ လိုင်းဖြင့် ဆက်သွယ်ခေါ်ဆိုရရှိနိုင်ရန် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ဒါတင်မကသေးပါဘူး။ ရွှေ့လျားမိုဘိုင်းယာဉ် ၅ စီးကို မုန်တိုင်းဝင်ရောက်မယ့်ဒေသတွေမှာ ကြိုတင်ပို့ဆောင်ထားခဲ့တဲ့အတွက် မုန်တိုင်းဝင်ရောက်ပြီးချိန်မှာ အရေးပေါ်ဆက်သွယ်မှုကွန်ရက်ကို ရရှိခဲ့ပါသေးတယ်။

မုန်တိုင်းဝင်ရောက်တိုက်ခတ်ပြီးနောက် မေလ ၁၅ ရက်မှစပြီး မုန်တိုင်းကြောင့် ဆက်သွယ်မှုပြတ်တောက်ခဲ့တဲ့ မိုဘိုင်းရေဒီယိုဆက်သွယ်ရေးစခန်းများကို တာဝန်ရှိသူများနဲ့အတူ သက်ဆိုင်ရာဆက်သွယ်ရေးအော်ပရေတာများက လူအင်အား စုစုပေါင်း ၄၂၂ ဦးနဲ့ အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ပါတယ်။

**ဒါကြောင့် မိုဘိုင်းစခန်းပေါင်း ၁၂၃၃ ခုအနက် ၁၂၂၁ ခုဟာ ဇွန်လ ၁၄ ရက်မှာ ပုံမှန်လုပ်ငန်းများကို အပြည့်အဝလုပ်ဆောင်နိုင်ပြီဖြစ်သလို ကျန်ရှိတဲ့စခန်း ၁၂ ခုကိုလည်း အမြန်ဆုံးပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။**

နောက်တစ်ခုက လမ်းပန်းဆက်သွယ်ရေးပါ။ မုန်တိုင်းတိုက်ခတ်ပြီးနောက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်နဲ့ဆောင်ရွက်နိုင်ဖို့အတွက် လမ်းပန်းဆက်သွယ်ရေးကလည်း အလွန်အရေးကြီးပါတယ်။

ဒီအတွက်ကြောင့် နိုင်ငံတော်အကြီးအကဲများရဲ့ လမ်းညွှန်ချက်နဲ့အညီ သက်ဆိုင်ရာတာဝန်ရှိသူများက ယန္တရား ၂၁၉၁ စီးအထိနဲ့ တံတားများပျက်စီးပါက ဘေလီတံတားများ အလျင်အမြန်တည်ဆောက်နိုင်ဖို့ ဘေလီသံပေါင်နဲ့ဆက်စပ်ပစ္စည်းများကို ကြိုတင်စုဖွဲ့ထားရှိခဲ့ပါတယ်။

**အဲဒီနောက် မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားတဲ့ စစ်တွေ-ပလ္လင်ပြင်လမ်းပေါ်မှ အရှည်ပေ ၁၀၀ ရှိ သဲချောင်းတံတားကို အရှည်ပေ ၁၄၀ ရှိတဲ့ ဘေလီတံတားအဖြစ် တည်ဆောက်ခြင်း၊ ပေ ၄၀ အရှည်ရှိတဲ့ တံတားတစ်စင်းကို ပေ ၆၀ အရှည်ရှိတဲ့ ဘေလီတံတားအဖြစ် တည်ဆောက်ခြင်းတို့ကို မေလ ၂၀ ရက်မှာ အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။**

ဒါ့အပြင် ပျက်စီးသွားတဲ့လမ်းများ၊ ပိတ်ဆို့နေတဲ့လမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှစက်ယန္တရားများဖြင့်လည်းကောင်း တပ်မတော်သားများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများရဲ့လုပ်အားနဲ့ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းအပါအဝင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေးကြိုးပမ်းချက်များကို အင်တိုက်အားတိုက် လုပ်ဆောင်ခဲ့ကြတာဖြစ်ပါတယ်။

တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားတဲ့ ကူညီကယ်ဆယ်ရေးအဖွဲ့များဟာဆိုရင်လည်း ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်တို့မှာရှိတဲ့ မုန်တိုင်းဒဏ်သင့်ဒေသတွေမှာ ကူညီကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးနိုင်ဖို့အတွက် ချီတက်ရာလမ်းကြောင်းတစ်လျှောက် သစ်ပင်၊ သစ်ကိုင်းများပိတ်ဆို့လဲကျနေမှုတွေကို ဖယ်ရှားရှင်းလင်းခြင်း၊ မြေပြိုပိတ်ဆို့မှုတွေကို ရှင်းလင်းခြင်းတို့ပြုလုပ်ပြီး အမြန်ဆုံးရောက်ရှိနိုင်ရေး ကုန်းလမ်း၊ ရေလမ်းတို့မှ ချီတက်ခဲ့ရတာပါ။

လက်ရှိအချိန်ထိလည်း တပ်မတော်သားများဟာ သဘာဝဘေးဒဏ်သင့်ဒေသတွေမှာ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ ကူညီကယ်ဆယ်ရေးအဖွဲ့တွေ၊ ဌာနဆိုင်ရာဝန်ထမ်းတွေ၊ ဒေသခံပြည်သူလူထုတွေနဲ့အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ အင်တိုက်အားတိုက် ပါဝင်ကူညီဆောင်ရွက်လျက်ရှိတာကို တွေ့မြင်နေရပါတယ်။

တပ်မတော်သားတွေအနေနဲ့ အခုလို ကူညီကယ်ဆယ်ရေးမှာ ပါဝင်ဆောင်ရွက်ပေးမှုတွေကို ကျွန်တော်တို့အနေနဲ့ မြင်တွေ့ရတဲ့အခါ နိုင်ငံတော်ရဲ့ မည်သည့်အရပ်ဒေသမှာ အရေးကြုံလာသည်ဖြစ်စေ ရှေ့ဆုံးကနေ ရောက်ရှိကူညီပေးခဲ့တဲ့ နိုင်ငံရဲ့တစ်ခုတည်းသော တပ်မတော်ရဲ့ ပြည်သူသာအမိ၊ ပြည်သူသာအဖဆိုတဲ့ ခံယူချက်၊ ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ပန်ဆင်ထားတဲ့ ရပ်တည်ချက်နဲ့ နိုင်ငံတော်အပေါ်ထားရှိတဲ့စေတနာ၊ မေတ္တာတွေဟာ ဒီလိုပါလားလို့ ခံစားမိစေပါတယ်။

**လျှပ်စစ်မီးရရှိရေးကဏ္ဍ**

မုန်တိုင်းတိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာတဲ့ပျက်စီးမှုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်ရာမှာ အရေးအကြီးဆုံးလုပ်ဆောင်ရမယ့် လုပ်ငန်းတစ်ခုကတော့ လျှပ်စစ်မီးရရှိရေးလုပ်ငန်းပဲဖြစ်ပါတယ်။

အရင်တုန်းကတော့ လျှပ်စစ်မီးမရှိရင် ဖယောင်းတိုင်ထွန်းပြီးနေလို့ရပေမယ့် ဒီကနေ့ခေတ်မှာတော့ လူသုံးကုန်ပစ္စည်းများမှသည် စက်ယန္တရားကြီးများလည်ပတ်မှုအထိ လျှပ်စစ်မရှိရင်မရတော့တဲ့အခြေအနေဖြစ်တာကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းထဲမှာ လျှပ်စစ်မီးရရှိရေးလုပ်ငန်းကလည်း အရေးကြီးတယ်လို့ပြောရတာပါ။

ဆက်လက်ဖော်ပြပါမည်။

# မြေကမ္ဘာကြီးသာယာလှပရေး ပတ်ဝန်းကျင်ကိုထိန်းသိမ်းပေး

မေဇင်ထွန်း

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဆောင်ရွက်ခြင်းသည် ကမ္ဘာမြေကို ထိန်းသိမ်းစောင့်ရှောက်ခြင်းပင်ဖြစ်သည်။ ပတ်ဝန်းကျင်ကိုချစ်ခင်ပါက သစ်တောသစ်ပင်များကို မြတ်နိုးကြရမည်ဖြစ်ပေသည်။ ထို့ပြင် ကမ္ဘာကြီးကို ထိခိုက်အနာတရဖြစ်စေခဲ့သော လေထု၊ ရေထု၊ မြေထုညစ်ညမ်းမှုများကို လျှော့ချကာ အဆိပ်အတောက်ဖြစ်စေသည့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်သိမ်းဆည်းပြီး တောရိုင်း၊ သားငှက်တိရစ္ဆာန်များ မျိုးသုဉ်းမှုမဖြစ်စေရေးထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြရပါမည်။

ယနေ့ခေတ်တွင် ရုပ်ကြွင်းလောင်စာ လိုအပ်ချက်များလည်းမြင့်တက်လာကာ အသုံးပြုမှုလည်း များပြားလာသည်။ ထိုသို့ရုပ်ကြွင်းလောင်စာများ အသုံးပြုမှုများပြားလာခြင်းကြောင့် လေထု၊ ရေထု၊ မြေထုညစ်ညမ်းမှုများကို ဖြစ်စေသည်သာမက ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုများကိုလည်းဖြစ်စေသည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် တောမီးများ၊ ဆိုင်ကလုန်းမုန်တိုင်းများ၊ ရေလွှမ်းမိုးမှုများစသည်တို့ကို ရှေးယခင်ကာလများထက် အကြိမ်ရေများစွာ ရင်ဆိုင်ကြုံတွေ့လာရပြီး ဖြစ်ပေါ်လာသည့် သဘာဝဘေးများသည် ပိုမိုပြင်းထန်လာသည်ကို တွေ့မြင်နိုင်သည်။ ထို့ကြောင့် ပတ်ဝန်းကျင်ကိုထိန်းသိမ်းရန် ပိုလိုအပ်လာသည်။ ဥပမာဆိုရမည်ဆိုလျှင် သစ်ပင်စိုက်ပျိုးခြင်းသည် လူတစ်ဦးချင်းစီ၏ ကမ္ဘာကြီးပူနွေးမှုကို လျှော့ချရာတွင် ကိုယ်တိုင်လုပ်ဆောင်နိုင်သည့် နည်းလမ်းများထဲမှတစ်ခုဖြစ်သည်။ ထို့ကြောင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာသစ်တောနှင့်ပတ်သက်သောအဖွဲ့အစည်းတို့ပူးပေါင်းပြီး သစ်တောများကို စီမံအုပ်ချုပ်လုပ်ကိုင်မှုတို့နှင့်ပတ်သက်၍ မူဘောင်များချမှတ်ကာ သစ်တောပြုန်းတီးခြင်းနှင့်သစ်တောများ၏ အဆင့်အတန်းများကျဆင်းလာခြင်းမှကာကွယ်ရန်၊ သစ်တောသစ်ပင်များ လျော့နည်းလာမှုကိုထိန်းသိမ်းရန်နှင့် သစ်တောသစ်ပင်များနည်းလာသည့်အခါ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူနိုင်မှုနည်းပါးသွားပြီး လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏ မြင့်တက်လာခြင်းကိုလျှော့ချရန် ဆောင်ရွက်လျက်ရှိသည်။

ဦးစွာ ပလတ်စတစ်ညစ်ညမ်းမှုကြောင့် ကမ္ဘာကြီးထိခိုက်ရမှုကို အနည်းငယ်ဖော်ပြလိုပါသည်။ ပလတ်စတစ်ညစ်ညမ်းမှုဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ ပလတ်စတစ်များ အလွယ်တကူနှင့် အလွန်အကျွံသုံးစွဲမှုတို့ကြောင့်ဖြစ်သည်။ ပလတ်စတစ်ကိုထုတ်လုပ်ရာတွင် ရုပ်ကြွင်းလောင်စာကို အဓိကထားထုတ်ယူခြင်းဖြစ်ပြီး ပလတ်စတစ်ထုတ်ကုန်များ၏ ၉၉ ရာခိုင်နှုန်းသည် ရုပ်ကြွင်းလောင်စာကိုအခြေခံ၍ ထုတ်လုပ်ထားခြင်းဖြစ်သည်။

ပလတ်စတစ်ညစ်ညမ်းမှုသည် ယနေ့ခေတ် ကမ္ဘာတစ်ဝန်းတွင်ဖြစ်ပေါ်လျက်ပြီး ပလတ်စတစ်များ၏ သံသရာစက်ဝန်း အဆင့်တိုင်းသည် လူသားများ၊ ကုန်းနေ၊ ရေနေသတ္တဝါများနှင့် သဘာဝပတ်ဝန်းကျင်ကို ဆိုးဆိုးရွားရွားထိခိုက်စေသည်။ ရုပ်ကြွင်းလောင်စာကို အခြေခံ၍ ထုတ်လုပ်လျက်ရှိသော ထုတ်ကုန်များ ထုတ်ယူခြင်း၊ ထုတ်လုပ်ခြင်း၊ အသုံးပြုခြင်း၊ ပြန်လည်အသုံးချခြင်းနှင့် စွန့်ပစ်ခြင်းလုပ်ငန်းစဉ်တိုင်းသည် ဇီဝမျိုးစုံမျိုးကွဲများ၊ ရာသီဥတုပြောင်းလဲမှု၊ လူ့ကျန်းမာရေးနှင့် အခွင့်အရေးတို့အပါအဝင် နယ်ပယ်ပေါင်းများစွာ ဆိုးရွားလှသောထိခိုက်မှုများကိုဖြစ်စေသည်။ ထို့ပြင် ဟာရီကိန်းမုန်တိုင်း၊ ဆိုင်ကလုန်းမုန်တိုင်းများတိုက်ခတ်မှု၊ ရေခဲမြစ်များအရည်ပျော်လာမှု၊ အပူလှိုင်းများ မကြာခဏဖြတ်သန်းမှု၊ ကမ်းရိုးတန်းဒေသများတိုက်စားခံရမှုကဲ့သို့ သဘာဝဘေးအန္တရာယ်များနှင့် ဆက်စပ်မှုရှိသည်ဟုဆိုလျှင် အံ့သြဖွယ်ရာဖြစ်နေပေလိမ့်မည်။ အကြောင်းရင်းမှာ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ စည်းကမ်းမဲ့စွန့်ပစ်ခြင်းသည် ရာသီဥတုပြောင်းလဲမှုကို အဆိုးဆုံးဖြစ်စေသည့် အခြေခံအကြောင်းတရားပင်ဖြစ်ပေသည်။ သဘာဝပတ်ဝန်းကျင်သည် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများဖြင့် ဝန်းရံနေတတ်ပြီး ကျွန်ုပ်တို့ရှူရှိုက်နေသော လေ၊ သောက်သုံးသောရေ၊ စားသုံးသောပင်လယ်စာများနှင့် အခြားအစားအစာများတွင် ပလတ်စတစ်များသည် အရွယ်အစားမျိုးစုံ ပါဝင်နေသည်ကို လေ့လာတွေ့ရှိရသည်။

ထိုသို့ပလတ်စတစ်များကြောင့် ပျက်စီးလာသည့် ပတ်ဝန်းကျင်ကို သစ်တောသစ်ပင်များက ဖြည့်ဆည်းမွမ်းမံပေးသည်။ သို့သော်လည်း လူသားများသည် သစ်တောသစ်ပင်များကို လိုအပ်သည်ထက် ပိုမိုခုတ်ထွင်သုံးစွဲခဲ့ကြသည်။ လူမှုဘဝဖွံ့ဖြိုးရေးနှင့်စားဝတ်နေရေးအဆင်ပြေရေးကိုသာကြည့်ပြီး ပတ်ဝန်းကျင်ရှိ သစ်တောသယံဇာတများကို လွန်ကဲစွာအသုံးပြုခဲ့ကြသည်။ သဘာဝအတိုင်းတည်ရှိခဲ့သည့် သစ်ပင်ကြီး၊ သစ်ပင်ငယ်များသည် လူ့အသုံးအဆောင်နှင့် လောင်စာများအဖြစ်ပြောင်းလဲကာ အသုံးပြုမှုများပြားလာသည်နှင့်အမျှ သစ်တောပြုန်းတီးမှုများပြားလာကာ သစ်တောများကို မှီခိုနေကြသော အချို့တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းခြင်း၊ ရှားပါးခြင်းများဖြစ်လာစေသည်။ သစ်တောသစ်ပင်များ ပျက်စီးခြင်းကြောင့် ရာသီဥတုဖောက်ပြန်မှုပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ သစ်တောသစ်ပင်များသည် သက်ရှိများအတွက် မဖြစ်မနေလိုအပ်သည့် အရာဖြစ်သော အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးပြီး ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပေးသည်။ ထို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးပြုလုပ်ရန် သစ်ပင်များကို ပိုမိုစိုက်ပျိုးပေးသင့်သည်။

"ဥတုရာသီ တောကိုမှီ၏"ဆိုသော ဆောင်ပုဒ်အတိုင်း လေမုန်တိုင်းတိုက်ခြင်း၊ မိုးရွာခြင်း၊ ရေကြီးခြင်းကဲ့သို့ ရာသီဥတုအခြေအနေများသည် ပတ်ဝန်းကျင်၌ သစ်တောသစ်ပင်များရှိခြင်း၊ မရှိခြင်းအပေါ်တွင် များစွာမူတည်သည်။ ထို့ကြောင့် သစ်ပင်များကို နှစ်စဉ် ပုံမှန်စိုက်ပျိုးခြင်းများ ပြုလုပ်သင့်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၌ သဘာဝစိမ်းလန်းစိုပြည်ရေး ရည်မှန်းချက်များချမှတ်ကာ နှစ်စဉ် မိုးဦးကာလများတွင် စီမံကိန်းများဖြင့် သစ်ပင်များစိုက်ပျိုးခဲ့ကြသည်။

တပ်မတော်သည်လည်း သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ လိုအပ်ပါက ရတနာတန်းဝင် နှစ်ရှည်သီးပင်၊ စားပင်များကို စိုက်ပျိုးခြင်းအားဖြင့် ဝင်ငွေတစ်ဖက်တစ်လမ်းမှ ရရှိစေရန် ရည်ရွယ်ချက်ဖြင့် နှစ်စဉ် သစ်ပင်စိုက်ပျိုးမှုများကို ပြုလုပ်ခဲ့သည်။ ၂၀၁၁ ခုနှစ်ကတည်းကစ၍ တပ်မတော်သည် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို နှစ်စဉ်ကျင်းပခဲ့သည်။ တပ်မတော်အနေဖြင့် ထိုသို့ သစ်ပင်စိုက်ပျိုးမှုများပြုလုပ်ခြင်းဖြင့် တပ်မတော်သားများမှအစပြု၍ နိုင်ငံသားတစ်ဦးတစ်ယောက်ချင်းစီမှသည် အဖွဲ့အစည်းအလိုက်၊ ကျေးရွာအလိုက်၊ မြို့နယ်အလိုက် သစ်ပင်စိုက်ပျိုးခြင်းနှင့် သဘာဝထိန်းသိမ်းသည့် အလေ့အကျင့်ရှိသူများ ဖြစ်လာနိုင်ပြီး တစ်နိုင်ငံလုံးသည် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့် လူ့အသိုင်းအဝိုင်းတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။ သစ်တောသစ်ပင်များသည် သဘာဝပတ်ဝန်းကျင်ကို နည်းလမ်းအသွယ်သွယ်ဖြင့် အကျိုးကျေးဇူးဖြစ်ထွန်းစေသည့်အတွက် တပ်မတော်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် နှစ်စဉ် သစ်ပင်စိုက်ပျိုးခြင်းကို အလေးအနက်ထားကာ စီမံကိန်းဖြင့် ဆောင်ရွက်နေခြင်းပင်ဖြစ်သည်။

ထို့ပြင် သစ်တောသစ်ပင်များသည် သဘာဝပတ်ဝန်းကျင်ကို အကျိုးကျေးဇူးများ ဖြစ်ထွန်းစေသည့်အပြင် ပင်လယ်ကမ်းရိုးတန်းဒေသများတွင် ပေါက်ရောက်နေသော ဒီရေတောများသည် လေထုအတွင်းပျံ့နှံ့နေသည့် ကာဗွန်ဓာတ်ငွေ့ကို ဖယ်ထုတ်ရာတွင် အရေးပါသည့်အပြင် အင်အားကြီးမားသော မုန်တိုင်းကြီးများ၏ သက်ရောက်မှုပြင်းအားကိုလျှော့ချပေးနိုင်သည့်အပြင် ဦးတည်ရာအရပ်ပြောင်းလဲသွားရန်လည်း အထောက်အကူပြုနိုင်သည်ကို မြန်မာနိုင်ငံတွင် ကြုံတွေ့ခဲ့ရဖူးသော သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များတွင် အထင်အရှားတွေ့မြင်နိုင်သည်။ အကယ်၍ မလွဲမရှောင်သာ သဘာဝဘေးအန္တရာယ်များနှင့် လုံးဝရင်ဆိုင်ရန်ဖြစ်လာပါကလည်း ကြိုတင်စီမံကိန်းဖြင့် သစ်ပင်များစိုက်ပျိုးထားခြင်း၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မိုးလေဝသကြိုတင်ခန့်မှန်းချက်များ၊ တပ်မတော်နှင့်အစိုးရ၏ သဘာဝဘေးဆိုင်ရာ ကြိုတင်ပြင်ဆင်ထားခြင်းများကြောင့် သဘာဝဘေးများနှင့် ကြုံလာသည့်အခါ ဘေးဒဏ်များကို ခံခဲ့ရသော်လည်း ထိုက်သင့်သလောက် သက်သာရာရခဲ့သည်။

မြန်မာနိုင်ငံတွင် ပြင်းထန်ပြီး ဆုံးရှုံးမှုများသော မုန်တိုင်းကြီးနှစ်ကြိမ် အတိုက်ခံခဲ့ရသည်။ ၂၀၀၈ ခုနှစ်က နာဂစ်မုန်တိုင်း နှင့် ၂၀၂၃ ခုနှစ် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တို့ပင်ဖြစ်သည်။ ၂၀၀၈ ခုနှစ်ကတိုက်ခဲ့သည့် နာဂစ်မုန်တိုင်းသည် ပြင်းထန်လွန်းသော ဖျက်အားပြင်း မုန်တိုင်းကြီးတစ်ခုဖြစ်သကဲ့သို့ ၂၀၂၃ ခုနှစ်တွင်တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)သည်လည်း ပြင်းအားအနေဖြင့် နာဂစ်အဆင့်ထိရှိကာ ဖျက်အားပြင်းမုန်တိုင်းတစ်ခုဖြစ်ခဲ့သည်။ နာဂစ်တွင် လူဦးရေသိန်းနှင့်ချီကာ သေဆုံးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော်ထိဖြစ်ကာ မြောက်အိန္ဒိယသမုဒ္ဒရာအတွင်းဖြစ်ပေါ်ခဲ့သော မုန်တိုင်းများအနက် ပျက်စီးဆုံးရှုံးမှုအများဆုံး မုန်တိုင်းတစ်ခုဖြစ်ခဲ့သည်။ ထို့ပြင် ရခိုင်ပြည်နယ်တွင် အပြင်းထန်ဆုံးတိုက်ခတ်ခဲ့သည့် မုန်တိုင်းများတွင် ဂီရိမုန်တိုင်းလည်းပါဝင်သည်။ ဂီရိမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်ရှိ မြို့နယ်ခုနစ်မြို့နယ် ဆိုးဆိုးရွားရွား ပျက်စီးခဲ့သည်။ ကျေးရွာ ၇၁ ရွာ မုန်တိုင်းဒဏ်ခံခဲ့ရပြီး လူဦးရေ ၂၆၀၀၀၀ ခန့် မုန်တိုင်းဒဏ်ခံခဲ့ရသည်။ အလားတူ ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် နေအိမ်ပေါင်းများစွာနှင့် စာသင်ကျောင်းပေါင်းများစွာ ထိခိုက်ခဲ့သော်လည်း စာသင်ကျောင်းများတွင် စာသင်ကြားနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် တပ်မတော်တို့ပူးပေါင်း၍ ကျောင်းဖွင့်ချိန်အမီ ပြန်လည်ပြုပြင်မှုများ ပြုလုပ်ခဲ့ကြသည်။

နာဂစ်မုန်တိုင်းနှင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)သည် ဖျက်အားပြင်းမုန်တိုင်းချင်း တူသော်လည်း မုန်တိုင်းတိုက်ဆဲ၊ တိုက်ပြီးကာလ၊ ပျက်စီးဆုံးရှုံးမှုပမာဏမှာ မတူညီခဲ့ပေ။ နာဂစ်မုန်တိုင်းသည် လူနေထူထပ်ပြီး ပင်လယ်ကမ်းစပ်၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်များပေါပြီး တောင်တန်းကုန်းမြင့် ရှားပါးလှသည့် လပွတ္တာမြို့နှင့် ဘိုကလေးမြို့ကဲ့သို့ ရေလွှမ်းလွယ်သော လွင်ပြင်မြို့ကြီးများကို ဦးတည်တိုက်ခတ်သဖြင့် မုန်တိုင်းလေအားနှင့်အတူပါလာသော ဒီရေသည် ရုတ်ခြည်းတိုးတက်လာကာ လူနေအိမ်ပေါင်းများစွာ၊ လူပေါင်းများစွာ ပျက်စီး၊ သေကျေဆုံးရှုံးခဲ့ရသည်။

သို့သော် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တွင်မူ တိုက်ခတ်နိုင်ကြောင်း စတင်သိရှိစဉ်ကတည်းကစပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အစည်းအဝေးများခေါ်ကာ ညှိနှိုင်းစုဖွဲ့၍ မီဒီယာများမှ ကြိုတင်သတိပေးမှုများကို အကြိမ်ပေါင်းများစွာ ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် ဒေသခံများကိုဘေးလွတ်ရာသို့ပြောင်းရွှေ့ပေးခဲ့ကြပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်မှုများစွာ ပြုလုပ်ခဲ့ကြသည့်အတွက် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)သည် ဖျက်အားကြီးမားလှသော်လည်း လူ့အသေအပျောက်၊ အပျက်အစီးပိုင်းတွင် သက်သာလျော့နည်းသည်ကို တွေ့ရှိရသည်။

ထိုသို့ သဘာဝဘေးများ ကြီးမားပြင်းထန်လာရခြင်းမှာ ပတ်ဝန်းကျင်ပျက်စီးယိုယွင်းလာရခြင်းကြောင့်ဖြစ်သည်။ ယခုကဲ့သို့အခြေအနေမျိုး ကြိမ်ဖန်များစွာ မဖြစ်ပွားလာစေရေးအတွက် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးထိန်းသိမ်းကြရမည်။ အကယ်၍ မလွဲမရှောင်သာ ကြုံလာရပါကလည်း ကြိုတင်ပြင်ဆင်ထားမှုနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများအတွက် စီမံချက်များချကာ ဆောင်ရွက်ထားကြရမည်။ သို့မှသာ သေကျေ၊ ပျက်စီး၊ ဆုံးရှုံးရသူများ သက်သာမည်ဖြစ်ပေသည်။

လူသားတို့သည် သဘာဝပတ်ဝန်းကျင်နှင့် အတူယှဉ်တွဲနေထိုင်လျက်ရှိသည်။ လူတို့၏ ဘဝရပ်တည်မှု၊ လူနေမှုမြင့်မားအောင် ဆောင်ရွက်မှုစသော ကိုယ်ကျိုးဦးစားပေးမှုများကြောင့် ပတ်ဝန်းကျင်ကောင်းများ ပျက်စီးကြရသည်။ ထို့ကြောင့် ကမ္ဘာ့ပတ်ဝန်းကျင် သန့်ရှင်းသာယာရေးသည် အရေးကြီးပြီး ပတ်ဝန်းကျင်တွင် ဆိုးကျိုးများမဖြစ်ပေါ်စေရေး ထိန်းသိမ်းစောင့်ရှောက်ရန်လိုသည်။ ထိုသို့ သဘာဝပတ်ဝန်းကျင်ကိုစောင့်ရှောက်ရာတွင် တစ်ဦးတစ်ယောက်ချင်းစီ၌ ပတ်ဝန်းကျင်ပျက်စီးယိုယွင်းမည်ကိုမဖြစ်ရအောင် ကြိုတင်ကာကွယ်မည်ဟူသော စိတ်ဓာတ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြရမည်။

နောင်အနာဂတ်တွင်လည်း ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးများအတွက် ကြိုတင်အစီအမံများချထားသင့်သကဲ့သို့ သဘာဝဘေးဖြစ်ပွားမှုလျှော့ချနိုင်ရန် မြေကမ္ဘာကြီးကို ချစ်မြတ်နိုးပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသင့်ကြောင်း ရေးသားလိုက်ရပေသည်။

**❖သဘာဝအတိုင်းတည်ရှိခဲ့သည့် သစ်ပင်ကြီး၊ သစ်ပင်ငယ်များသည် လူ့အသုံးအဆောင်နှင့် လောင်စာများအဖြစ်ပြောင်းလဲကာ အသုံးပြုမှု များပြားလာသည်နှင့်အမျှ သစ်တောပြုန်းတီးမှုများပြားလာကာ သစ်တော များကို မှီခိုနေကြသော အချို့တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းခြင်း၊ ရှားပါးခြင်းများဖြစ်လာစေသည်။ သစ်တောသစ်ပင်များပျက်စီးခြင်း ကြောင့် ရာသီဥတုဖောက်ပြန်မှုပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ သစ်တောသစ်ပင်များသည် သက်ရှိများအတွက် မဖြစ်မနေလိုအပ်သည့် အရာဖြစ်သော အောက်ဆီဂျင်ကိုထုတ်လွှတ်ပေးပြီး ကာဗွန်ဒိုင်အောက် ဆိုက်ကိုစုပ်ယူပေးသည်။ ထို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးပြုလုပ် ရန် သစ်ပင်များကို ပိုမိုစိုက်ပျိုးပေးသင့်သည်။ ❖**

# ယူကရိန်းနိုင်ငံရှိ ရေဘေးဒုက္ခသည်များအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၁၂ သန်း လိုအပ်နေ



**ကီယက်ဗ် ဇွန် ၁၆**

ယူကရိန်းနိုင်ငံတွင် ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိပြီး ရေဘေးဒုက္ခသည်များအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၁၂ သန်းလိုအပ်နေကြောင်း နိုင်ငံတကာရွှေ့ပြောင်းနေထိုင်သူများအဖွဲ့ (IOM)က ဇွန် ၁၅ ရက်က ထုတ်ပြန်သော ကြေညာချက်အရ သိရသည်။

ယူကရိန်းနိုင်ငံ Kakhovaka ဆည်ပြိုကျမှုကြောင့် ရေဘေးဒဏ်ခံစားနေရသည့်ဒေသများကို ကူညီရန်နှင့် သောက်သုံးရေပြတ်လပ်သည့်ပြဿနာများကို ဖြေရှင်းရေးလူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို ဆက်လက်လုပ်ဆောင်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၂ သန်း လိုအပ်ကြောင်း ကုလသမဂ္ဂလက်အောက်ရှိ အဖွဲ့အစည်းတစ်ခုဖြစ်သော နိုင်ငံတကာ ရွှေ့ပြောင်းနေထိုင်သူများအဖွဲ့က ဇွန် ၁၅ ရက်က ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

"ဒီဘေးဆိုးကြီးရဲ့အကျိုးသက်ရောက်မှုက ဆည်ကို လုံးဝပျက်စီးသွားစေတဲ့အပြင် နောက်ဆက်တွဲရေလွှမ်းမိုးမှုနဲ့အတူ သောက်သုံးရေပြတ်လပ်မှုနဲ့ အခြားမမျှော်မှန်းနိုင်တဲ့ပြဿနာတွေလဲ တိုးလာစေပါတယ်"ဟု IMO ညွှန်ကြားရေးမှူးချုပ် အန်တိုနီယိုဗစ်တိုရီနိုက ပြောကြားခဲ့သည်။

အဆိုပါဆည်ရေကို မှီခိုနေရသောဒေသခံများအနေဖြင့် လာမည့်ရက်သတ္တပတ်များအတွင်း အန္တရာယ်ရှိသော ရေပြတ်လပ်မှုဖြင့် ဆက်လက်ကြုံတွေ့နိုင်ဖွယ်ရှိပြီး ကနဦးအရေးပေါ်အခြေအနေများကို ဖြေရှင်းဆောင်ရွက်ပြီးပါက အခြေခံအဆောက်အအုံ ပြန်လည်တည်ဆောက်ရေးနှင့် ဒေသတွင်းစီးပွားရေး ပြန်လည်ထူထောင်ရေးအတွက် အကူအညီများ မရှိမဖြစ်လိုအပ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

AZH

# ဘိုလီးဗီးယားနိုင်ငံတွင် နှင်းမုန်တိုင်းဝင်ရောက်မှုကြောင့် စိုက်ခင်းများပျက်စီးဆုံးရှုံးမှုဖြင့် ရင်ဆိုင်နေရ

**လာပါဇ် ဇွန် ၁၆**

ဘိုလီးဗီးယားနိုင်ငံ ဆန်တာခရုဇ်ဒေသတွင် ဇွန် ၁၅ ရက်က နှင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ပြီး ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် စိုက်ခင်းများပျက်စီးဆုံးရှုံးမှုဖြင့်ရင်ဆိုင်နေရကြောင်း ဆန်တာခရုဇ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု NDTV သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ နှင်းမုန်တိုင်းကြောင့် ကျွဲ၊ နွားတိရစ္ဆာန်များလည်း သေဆုံးမှုဖြစ်ပွားကာ လမ်းမကြီးများတစ်လျှောက် ဆီးနှင်းများထူထပ်စွာဖုံးလွှမ်းပြီး ဆက်သွယ်သွားလာရေး လမ်းကြောင်းများ ပြတ်တောက်လျက်ရှိကြောင်း၊ ဆီးနှင်းထူထပ်စွာဖုံးလွှမ်းမှုကြောင့် ပျက်စီးခဲ့သည့် စိုက်ခင်းဧရိယာ အမြောက်အမြားရှိနေပြီး အဓိက ပျက်စီးခဲ့သော ကောက်ပဲသီးနှံများမှာ ဂျုံ၊ ပဲပိစပ်နှင့် ပြောင်းဖူးတို့ဖြစ်ကြောင်း ဆန်တာခရုဇ်အာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်။

"ဆီးနှင်းထူထပ်စွာ ကျဆင်းမှုကြောင့် ဆန်တာခရုဇ်ဒေသမှာ စိုက်ခင်းအမြောက်အမြား ပျက်စီးခဲ့တယ်။ အဓိကလုပ်ဆောင်သွားရမှာတော့ စိုက်ပျိုးမြေနေရာတွေကိုရှင်းလင်းပြီး မျိုးစေ့ပြန်ထည့် မြေဩဇာနိုင်နိုင်လိုက်မှပဲ ကောက်ပဲသီးနှံတွေအဆင်ပြေမှာပါ"ဟုဘိုလီးဗီးယားကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဂျူအန်ကားလိုစ်က ပြောကြားခဲ့သည်။

ပျက်စီးခဲ့သည့်ပမာဏကို စိစစ်နေဆဲဖြစ်ပြီး အခြားသောကောက်ပဲသီးနှံအမျိုးအစားများလည်း ပျက်စီးမှုရှိခဲ့ကြောင်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ဆန်တာခရုဇ် ချိုင့်ဝှမ်းဒေသများတွင်မူ မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပေါ်နေပြီး ရေကြီးရေလျှံမှုလည်း ဖြစ်ပေါ်လျက်ရှိသည့်အတွက် ဘိုလီးဗီးယားနိုင်ငံအတွင်း ရာသီဥတုဖောက်ပြန်မှုနှုန်း မြင့်မားနေကြောင်း ဘိုလီးဗီးယားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ရေကြီးရေလျှံမှုကြောင့်လည်း ဆန်တာခရုဇ် ချိုင့်ဝှမ်းဒေသတွင် ဆက်သွယ်သွားလာရေး လမ်းကြောင်းများ ပြတ်တောက်နေမှုကြောင့် လေကြောင်းအကူအညီကို ရယူကာ ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးလျက်ရှိပြီး သေဆုံးသူတစ်ဦးရှိခဲ့ကြောင်း ဆန်တာခရုဇ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

နှင်းမုန်တိုင်းနှင့် ရေကြီးရေလျှံမှုများ တစ်ပြိုင်တည်းဖြစ်ပေါ်နေခြင်းကြောင့်လည်း ဆန်တာခရုဇ် အာဏာပိုင်အဖွဲ့အစည်းအတွက် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် အခက်အခဲရှိနေကြောင်း သိရသည်။ **ခိုင်းဆက်**

# ဖိလစ်ပိုင်နိုင်ငံတွင် ပြင်းအား ၆ ဒသမ ၅ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်

**မနီလာ ဇွန် ၁၆**

ဖိလစ်ပိုင်နိုင်ငံ လူဇွန်ကျွန်းရှိ မင်ဒိုရိုစီရင်စုတွင် ဇွန် ၁၅ ရက် အစောပိုင်းက ပြင်းအား ၆ ဒသမ ၅ မဂ္ဂနီကျူရှိသည့် မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ဖိလစ်ပိုင်ဘူမိသိပ္ပံ သုတေသနစင်တာက ထုတ်ပြန်ခဲ့သည်ဟု TOE သတင်းဌာနက ဇွန် ၁၅ ရက်တွင် ဖော်ပြခဲ့သည်။

မြေငလျင်သည် မြေအောက်အနက် ၁၀ ကီလိုမီတာအကွာမှ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်သကဲ့သို့ မြေငလျင်ပြင်းအား များခဲ့သော်လည်း ကြီးကြီးမားမားပျက်စီးဆုံးရှုံးမှုမရှိခဲ့ကြောင်း မင်ဒိုရိုစီရင်စုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"အားကောင်းတဲ့ မြေငလျင်လှုပ်ခတ်သွားခဲ့ပါတယ်။ မြေငလျင်လှုပ်ခတ်တာကြောင့် ပျက်စီးဆုံးရှုံးမှုကြီးကြီးမားမားမရှိခဲ့သလို ထိခိုက်ဒဏ်ရာရရှိသူလဲ မရှိခဲ့ပါဘူး"ဟု ဖိလစ်ပိုင် ကာကွယ်ရေးဝန်ကြီးဌာနရုံး၏ သတင်းအချက်အလက်ဆိုင်ရာတာဝန်ခံအရာရှိဖြစ်သူ မာရီယိုနိုက ပြောကြားခဲ့သည်။

မြေငလျင်လှိုင်းသည် မင်ဒိုရိုစီရင်စုအနီးရှိ မနီလာမြို့ထိ ရောက်ရှိခဲ့ပြီး မြေငလျင်ပြင်းအား များခဲ့သည့်အတွက် ပျက်စီးဆုံးရှုံးမှုများ ရှိနိုင်ကြောင်း၊ မြေငလျင်လှုပ်ခတ်ခဲ့သောဧရိယာများသို့ သွားရောက်စစ်ဆေးမှုများ ပြုလုပ်နေကြောင်း ဖိလစ်ပိုင်မြေငလျင် အေဂျင်စီက ထုတ်ပြန်ခဲ့သည်။

မြေငလျင် ဗဟိုပြုလှုပ်ခတ်ခဲ့သည့်ဧရိယာသည် မနီလာမြို့နှင့် သုံးနာရီခန့် ကားမောင်းသွားရသည့်နေရာဖြစ်ပြီး ပြင်းအားများခဲ့ခြင်းကြောင့် မြေငလျင်လှိုင်းမှာ မနီလာမြို့ထိ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ မြေငလျင်လှိုင်းသည် ကာလာတာဂန်နယ်မြေထိပါ ရောက်ရှိခဲ့ပြီး ကာလာတာဂန် နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက အဆောက်အအုံပြင်ပသို့ တိမ်းရှောင်ထွက်ပြေးခဲ့ရကြောင်း ကာလာတာဂန်နယ်မြေရဲစခန်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**



# အိန္ဒိယနိုင်ငံ Odisha ပြည်နယ်တွင် သောက်သုံးရေပြတ်လပ်မှုဖြင့် ရင်ဆိုင်နေရ

**နယူးဒေလီ ဇွန် ၁၆**

အိန္ဒိယနိုင်ငံ Odisha ပြည်နယ် ခရိုင်တချို့တွင် ယခုနှစ်နွေရာသီ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် သောက်သုံးရေပြတ်လပ်မှုတို့ဖြင့် ရင်ဆိုင်နေရကြောင်း ဗဟိုညစ်ညမ်းမှုထိန်းချုပ်ရေးအဖွဲ့က ထုတ်ပြန်သောသတင်းများကို ကိုးကား၍ The Times of India သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

Odisha ပြည်နယ် Jagatsinghpur ခရိုင်အတွင်းရှိ လူဦးရေ ၁ ဒသမ ၅ သန်းခန့် နေထိုင်သော Paradipဆိပ်ကမ်းမြို့တွင် သောက်သုံးရေအတွင်း ပြဒါးဓာတ်ပါဝင်မှုမြင့်တက်လာသဖြင့် သောက်သုံးရေအကျပ်အတည်းမှာ ပိုမိုဆိုးရွားလာပြီး Paradip မြို့အပါအဝင် အနီးအနားရှိကျေးရွာများမှ မှီခိုအားထားရာ အဓိက ရေအရင်းအမြစ်တစ်ခုဖြစ်သော Taladanda တူးမြောင်းသည်လည်း ရေခန်းခြောက်မှုဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

"ဒီဒေသမှာ သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်ပြီး ညစ်ညမ်းမှုဖြစ်ပွားနေတာကြာပါပြီ။ ဒါပေမဲ့ ညစ်ညမ်းမှုတွေကို စစ်ဆေးရမဲ့အဖွဲ့အစည်းတွေက တာဝန်ပျက်ကွက်ခဲ့ပါတယ်"ဟု Paradip မြို့မှ မြို့ခံတစ်ဦးဖြစ်သူ Nabaghan Patra က ပြောကြားခဲ့သည်။

ဗဟိုညစ်ညမ်းမှု ထိန်းချုပ်ရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ ပြည်နယ်အတွင်း စက်မှုဇုန်များ၏ အညစ်အကြေးများမှာ နေရာမျိုးစုံတွင် ပျံ့နှံ့လျက်ရှိပြီး စက်မှုဇုန်ဧရိယာ ၈၈ ခုအနက် ၄၃ ခုတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် ပတ်သက်၍ ပြင်းထန်စွာညစ်ညမ်းမှုဖြစ်ပေါ်နေကြောင်း၊ Paradip မြို့ရှိ စက်မှုလုပ်ငန်းများလည်း ညစ်ညမ်းမှု ဖြစ်ပေါ်လျက်ရှိရာ တစ်နိုင်ငံလုံးရှိ ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်ပွားရာဒေသများအနက် အဆင့်(၄၄)တွင် ရပ်တည်လျက်ရှိကြောင်း၊ Paradip မြို့ရှိစက်မှုဇုန်များသည် လွန်ခဲ့သော ရှစ်နှစ်ကလည်း နိုင်ငံအတွင်းရှိ ပတ်ဝန်းကျင်ညစ်ညမ်းမှုအရှိဆုံး ဒေသများတွင် တစ်ခုအပါအဝင် ဖြစ်ခဲ့ကြောင်း သိရသည်။

AZH

# ပါကစ္စတန်နိုင်ငံ ခိုင်ဘာပက်ထွန်ခွာပြည်နယ်၌ ရေဘေးအန္တရာယ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ကမ္ဘာ့ဘဏ်နှင့် ပြင်သစ်နိုင်ငံတို့က ချေးငွေစီစဉ်ပေး

**အစ္စလာမ်မာဘာဒ် ဇွန် ၁၆**

ပါကစ္စတန်နိုင်ငံ ခိုင်ဘာပက်ထွန်ခွာပြည်နယ်တွင် ၂၀၂၂ ခုနှစ်အတွင်း ဆိုးရွားသည့် ရေဘေးအန္တရာယ်ဖြင့်ရင်ဆိုင်ခဲ့ရပြီး ကြီးမားသောပျက်စီးဆုံးရှုံးမှုဖြင့် ရင်ဆိုင်ခဲ့ရ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ကမ္ဘာ့ဘဏ်နှင့်ပြင်သစ်နိုင်ငံတို့က ပါကစ္စတန် အာဏာပိုင်အဖွဲ့အစည်းကို ချေးငွေစီစဉ်ပေးခဲ့ကြောင်း ပါကစ္စတန် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု The Nation သတင်းဌာနက ဇွန် ၁၅ ရက်တွင် ဖော်ပြခဲ့သည်။

ပါကစ္စတန်နိုင်ငံကို ချေးငွေအဖြစ် ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာသန်း ၂၀၀ ခွင့်ပြုပေးခဲ့ပြီး ပြင်သစ်နိုင်ငံက အမေရိကန်ဒေါ်လာသန်း ၁၈၀ ထိ စီစဉ်ပေးခဲ့ကြောင်း၊ အဆိုပါချေးငွေများကို ပါကစ္စတန်နိုင်ငံ စီအာကော့ဒေသ၊ အာရစ်ဝါလာဒေသ၊ ဗီဟာရီဒေသတို့တွင်ဆောင်ရွက်နေသည့် National Transmission and Despatch Company (NTDC)စီမံကိန်းအတွက် ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ရရှိလာတဲ့ ချေးငွေတွေနဲ့ ရေဘေးဒဏ်သင့် ဧရိယာတွေမှာ ပျက်စီးခဲ့တဲ့ အခြေခံအဆောက်အအုံတွေအတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ပေးသွားမှာ ဖြစ်ပါတယ်။ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ အမြန်ဆုံးပြီးဆုံးသွားအောင်လဲ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု National Transmission and Despatch Company (NTDC) စီမံကိန်းကို တာဝန်ယူဆောင်ရွက်နေသည့် စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ အိုဒွန်နယ်လ်က ပြောကြားခဲ့သည်။

ခိုင်ဘာပက်ထွန်ခွာပြည်နယ်ရေဘေးအန္တရာယ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ခိုင်ဘာပက်ထွန်ခွာ ကျေးလက်ရင်းနှီးမြှုပ်နှံမှုနှင့်အဖွဲ့အစည်းဆိုင်ရာပံ့ပိုးမှုစီမံကိန်းခေါင်းစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း နေအိမ်များကို ဦးစားပေးထူထောင်ပေးလျက်ရှိကြောင်း သိရသည်။ **ခိုင်းဆက်**

# တနင်္ဂနွေနေ့ညမှာကစားမဲ့ နေးရှင်းလိဂ် တတိယလုပွဲနဲ့ ဗိုလ်လုပွဲစဥ်မှာ အိမ်ရှင်နယ်သာလန်နဲ့ ခရိုအေးရှားအသင်းတို့ကို ရွေးချယ်ရမှာပါ



ဒီတစ်ပတ် တနင်္ဂနွေနေ့ညမှာတော့ ၂၀၂၂-၂၀၂၃ နေးရှင်းလိဂ်ပြိုင်ပွဲရဲ့ တတိယလုပွဲနဲ့ ဗိုလ်လုပွဲစဥ်တွေရှိနေတာကြောင့် အကြိတ်အနယ်ရှိတဲ့ ပွဲကောင်းတွေကို ကြည့်ရှုရအုံးမှာဖြစ်ပါတယ်။ နေးရှင်းလိဂ်ပြိုင်ပွဲဟာ ဥရောပနိုင်ငံအသင်း ၅၅ သင်းကို ဘောလုံးအဆင့်အတန်းခွဲခြားသတ်မှတ်ပြီး လိဂ်(A၊ B၊ C၊ D) ဆိုပြီး လေးခုခွဲ ကျင်းပခဲ့တာကို တွေ့ရမှာပါ။ အဲဒီမှာ လိဂ်(A)က အုပ်စုပထမနဲ့တက်ရောက်နိုင်တဲ့ အသင်းလေးသင်းဟာ ဆီမီးဖိုင်နယ်ကစားရမှာဖြစ်ပြီး အနိုင်ရတဲ့ နှစ်သင်းကတော့ ဗိုလ်လုပွဲနဲ့ ရှုံးနိမ့်တဲ့ နှစ်သင်းကတော့ တတိယလုပွဲကစားရမှာဖြစ်ပါတယ်။ လာမဲ့တနင်္ဂနွေနေ့ညမှာ ကစားမဲ့ တတိယလုပွဲနဲ့ ဗိုလ်လုပွဲမှာတော့ ခြေရည်တူအသင်းတွေ တွေ့ဆုံနေပေမဲ့ အစဉ်အလာနဲ့ အတွေ့အကြုံကောင်းတဲ့ အသင်းတွေကိုသာ ရွေးချယ်ရမှာဖြစ်ပါတယ်။

### နယ်သာလန်အသင်းကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့ညမှာ ကစားမဲ့နေးရှင်းလိဂ်တတိယလုပွဲစဥ်မှာ နယ်သာလန်အသင်းနဲ့ အီတလီအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတာကို တွေ့ရမှာပါ။ နယ်သာလန်အသင်းဟာ နေးရှင်းလိဂ်ပြိုင်ပွဲ စတင်ကျင်းပခဲ့တဲ့ ၂၀၁၉ ခုနှစ်မှာပဲ ဗိုလ်လုပွဲထိတက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ်မှာတော့ နယ်သာလန်အသင်းဟာ လိဂ်(A)အုပ်စုအဆင့်က မတက်ရောက်ခဲ့ပေမဲ့ အခုနှစ်မှာတော့ အုပ်စုပထမနဲ့ တက်ရောက်ခဲ့ပြီး ဆီမီးဖိုင်နယ်ကစားခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုနှစ် နေးရှင်းလိဂ်(A) အုပ်စု(၄)မှာ ဘယ်လ်ဂျီယံ၊ ပိုလန်၊ ဝေးလ်တို့လို ကစားအားကောင်းတဲ့ အသင်းတွေနဲ့ တွေ့ဆုံခဲ့ပေမဲ့ ဘယ်လ်ဂျီယံကို အဝေးကွင်းမှာ လေးဂိုးတစ်ဂိုး၊ အိမ်ကွင်းမှာ တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့ပြီး ပိုလန်အသင်းကိုတော့ အိမ်ကွင်းမှာ နှစ်ဂိုးစီသရေ၊ အဝေးကွင်းမှာ နှစ်ဂိုးပြတ်နဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းရဲ့ ဂိုးသွင်းအများဆုံးကစားသမားကတော့ ဒီပေးဖြစ်ပြီး အသင်းအတွက် ဂိုးဖန်တီးမှု ပြုလုပ်နိုင်ခဲ့တာကို တွေ့ရမှာပါ။

သူတို့အသင်းဟာ ဆီမီးဖိုင်နယ်အဆင့်မှာတော့ လိဂ်(A)ကနေ အုပ်စုဗိုလ်နဲ့တက်လာတဲ့ ခရိုအေးရှားနဲ့ တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ နယ်သာလန်အသင်းဟာ သူတို့အသင်းအိမ်ကွင်းဖြစ်တာကြောင့် ပွဲစကတည်းက အထနေ့တဲ့ ခရိုအေးရှားကို ဖိအားပေးကစားနိုင်ခဲ့တာဖြစ်ပါတယ်။ ပြိုင်ဘက်ခရိုအေးရှားကတော့ အဓိကပြိုင်ပွဲတွေမှာ အတွေ့အကြုံရှိတဲ့ ကစားသမားတွေဖြစ်တဲ့ ကာမာရစ်၊ ပါဆာလစ်၊ အီဗန်နွဆက်၊ ကိုဗာဆစ်၊ ဘရိုဇိုဗစ်၊ မိုဒရစ်၊ ပါရီဆစ်၊ ဗီဒါ၊ ဆူတာလို၊ ဂျူရန်နိုဗစ်တို့နဲ့ ပွဲထွက်လာခဲ့တာကြောင့် နယ်သာလန်အသင်းတိုက်စစ်ကို အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒုတိယပိုင်းစတင်ချိန်မှာတော့ ချေပဂိုးရရှိဖို့ကြိုးစားလာတဲ့ ခရိုအေးရှားဟာ တိုက်စစ်ကစားပုံတိုးတက်လာကြောင့် ပွဲချိန် ၅၅ မိနစ်မှာ ပင်နယ်တီကနေ ချေပဂိုးပြန်လည်ရရှိခဲ့တာဖြစ်ပြီး နယ်သာလန်အသင်းအနေနဲ့ ခံစစ်ကစားပုံကျဆင်းသွားတာကြောင့် ပွဲကစားချိန် ၇၂ မိနစ်မှာ ပါဆာလစ်က ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ အချိန်ပိုမှာတော့ အတွေ့အကြုံရှိတဲ့ ခရိုအေးရှားအသင်းဟာ လူငယ်ကစားသမားတွေများတဲ့ နယ်သာလန်ကို ထိန်းချုပ်ကစားနိုင်ခဲ့တာကြောင့် ပွဲချိန် ၉၈ မိနစ်မှာ ပက်ကိုဗစ်၊ ပွဲချိန် ၁၁၆ မိနစ်မှာ မိုဒရစ်တို့သွင်းဂိုးတွေနဲ့ အနိုင်ရခဲ့တာကို တွေ့ရမှာပါ။

ဒါကြောင့် နယ်သာလန်အသင်းဟာ ဗိုလ်လုပွဲနဲ့လွဲချော်ခဲ့ပြီး တတိယလုပွဲသာ ကစားခဲ့ရတာဖြစ်ပါတယ်။ အဲဒီပွဲစဥ်မှာတော့ သူတို့အသင်းအိမ်ကွင်းဖြစ်ပေမဲ့ လူငယ်ကစားသမားတွေရဲ့ အတွေ့အကြုံနည်းပါးမှုကြောင့်သာ ရှုံးပွဲကြုံရတယ်လို့ဆိုရမှာဖြစ်ပြီး တိုက်စစ်ကစားပုံကတော့ ထက်မြက်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိ ပြိုင်ဘက်အီတလီအသင်းကလဲ တိုက်စစ်ကစားပုံကောင်းပေမဲ့ အဝေးကွင်းခံစစ်ပိုင်း ကျဆင်းနေတာကြောင့် နယ်သာလန်အသင်း အိမ်ကွင်းမှာ ရှုံးကန်ရမှာသေချာပါတယ်။

အီတလီအသင်းဟာ နေးရှင်းလိဂ်(A) အုပ်စု(၃)မှာ အင်္ဂလန်၊ ဂျာမနီ၊ ဟန်ဂေရီတို့နဲ့ တွေ့ဆုံခဲ့ပေမဲ့ သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၁၁ မှတ်ရရှိခဲ့ပြီး အုပ်စုဗိုလ်နဲ့ ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဥ်တွေမှာ သူတို့အသင်းတိုက်စစ်ပိုင်းဟာ သွင်းဂိုးရှစ်ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ခံစစ်ပိုင်းကတော့ ခုနစ်ဂိုးထိ ရှိခဲ့တာကို သတိပြုရမှာပါ။ ဒါကြောင့် ကမ္ဘာ့ဖလားမှာပါဝင်ခွင့်မရခဲ့တဲ့ အီတလီဟာ အခွင့်အရေးရခဲ့ပြီး နေးရှင်းလိဂ်ပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။

ဆီမီးဖိုင်နယ်အဆင့်မှာတော့ နေးရှင်းလိဂ်(A) အုပ်စု(၂)မှာ ပေါ်တူဂီ၊ ဆွစ်ဇာလန်၊ ချက်အသင်းတို့ကိုကျော်ဖြတ်ပြီး သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၁၁ မှတ်ရရှိခဲ့ပြီး အုပ်စုဗိုလ်ဖြစ်ခဲ့တဲ့ စပိန်အသင်းနဲ့ တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ စပိန်အသင်းဟာ ဥရောပအသင်းကြီးတွေထဲမှာ အစဉ်အလာကြီးမားတဲ့ အသင်းဖြစ်သလို ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ် နေးရှင်းလိဂ်ပြိုင်ပွဲမှာလဲ ဗိုလ်လုပွဲထိတက်ရောက်ခဲ့တာကို တွေ့ရမှာပါ။ အီတလီအသင်းကတော့ ၃-၅-၂ ကစားကွက်မှာ အာဆာဘီ၊ ဘိုနူချီ၊ တိုလိုအီ၊ စပင်နာဇိုလာ၊ ဖရာတက်စီ၊ ဂျော်ဂျင်ဟို၊ ဘာရယ်လာ၊ လိုရန်ဇို၊ အင်မိုဘိုင်း၊ ဇန်နီအိုလိုတို့နဲ့ ပွဲထွက်လာခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဥ်မှာ စပိန်အသင်းက ပွဲအစ သုံးမိနစ်ကတည်းက ပင်နိုက ဦးဆောင်ဂိုးသွင်းယူခဲ့တာကိုတွေ့ရမှာပါ။ အဲဒီနောက်မှာ စပိန်အသင်းက ပြိုင်ပွဲကို ထိန်းချုပ်ကစားခဲ့တာကြောင့် ဂိုးမရှိသရေရလဒ်နဲ့ပဲ ပထမပိုင်းပြီးဆုံးခဲ့ပေမဲ့ ဒုတိယပိုင်းမှာတော့ အီတလီကစားအားကျဆင်းသွားတာကြောင့် စပိန်အသင်းက ပွဲချိန် ၈၈ မိနစ်မှာ ဂျိုဆီလူရဲ့ ဦးဆောင်ဂိုးနဲ့အနိုင်ရခဲ့တာကို တွေ့ရမှာပါ။

နယ်သာလန်နဲ့ အီတလီအသင်းတို့ဟာ နေးရှင်းလိဂ်ပြိုင်ပွဲမှာ အောင်မြင်မှု မရသေးပေမဲ့ နယ်သာလန်အသင်းကတော့ ၂၀၁၉ ခုနှစ်မှာ ဗိုလ်လုပွဲထိတက်ရောက်နိုင်ခဲ့တာဖြစ်သလို လက်ရှိ ကစားသမားစုဖွဲ့မှုဟာလဲ အီတလီအသင်းထက် သာလွန်နေတာကို တွေ့ရမှာပါ။ အခုပြိုင်ပွဲဟာ အိမ်ရှင်နယ်သာလန်ကွင်းမှာ ကစားရမှာဖြစ်လို့ ပရိသတ်အားနဲ့ ဖိအားပေးကစားပြီး တတိယဆုရယူမဲ့ နယ်သာလန်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

### နယ်သာလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| နယ်သာလန် | ၃ | - | ၁ | အမေရိကန် |
| နယ်သာလန် | ၂ | - | ၂ | အာဂျင်တီးနား |
| ပြင်သစ် | ၄ | - | ၀ | နယ်သာလန် |
| နယ်သာလန် | ၃ | - | ၀ | ဂျီဘရော်တာ |
| နယ်သာလန် | ၂ | - | ၄ | ခရိုအေးရှား |

### အီတလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အယ်ဘေးနီးယား | ၁ | - | ၃ | အီတလီ |
| ဩစတြီးယား | ၂ | - | ၀ | အီတလီ |
| အီတလီ | ၁ | - | ၂ | အင်္ဂလန် |
| မော်တာ | ၀ | - | ၂ | အီတလီ |
| စပိန် | ၂ | - | ၁ | အီတလီ |

### ခရိုအေးရှားအသင်းကို အားပေးရမှာပါ

၂၀၂၃ ခုနှစ် နေးရှင်းလိဂ် ဗိုလ်လုပွဲစဥ်မှာတော့ ခရိုအေးရှားအသင်းနဲ့ စပိန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာပါတယ်။ ဒါပေမဲ့ ခရိုအေးရှားအသင်းဟာ အခုနှစ်နေးရှင်းလိဂ်ပြိုင်ပွဲမှာ လက်ရှိချန်ပီယံပြင်သစ်အသင်းကို နောက်ကောက်ချနိုင်ခဲ့သလို တိုက်စစ်ပိုင်းထက်မြက်တဲ့ အိမ်ရှင်နယ်သာလန်အသင်းကိုလဲ ဂိုးပြတ်အနိုင်ရခဲ့တဲ့ ခြေစွမ်းတွေက အားရစရာကောင်းနေပါတယ်။ လက်ရှိနည်းပြဒါလစ်ရဲ့ ကစားသမားစာရင်းမှာလဲ ဥရောပကလပ်တွေမှာ ခြေစွမ်းပြနေတဲ့ ဂိုးသမားနေရာမှာ လီဗာကိုဗစ်၊ အီဗူဆစ်၊ လာဘရိုဗစ်၊ ခံစစ်ပိုင်းမှာ ဗီဒါ၊ ပါရီဆစ်၊ ဘာရီဆစ်၊ အာလစ်၊ ဂျူရန်နိုဗစ်၊ စတန်နစ်ဆစ်၊ ဆူတာလို၊ ကွင်းလယ်မှာ မိုဒရစ်၊ ဘရိုဇိုဗစ်၊ ကိုဗာဆစ်၊ ပါဆာလစ်၊ ဗလာဆစ်၊ အီဗန်ဆက်၊ မာဂျာ၊ တိုက်စစ်မှာ ကာမာရစ်၊ ပက်ကိုဗစ်၊ မူဆာ၊ ဘယ်ဂျိုတို့နဲ့စုဖွဲ့ထားတာဖြစ်ပါတယ်။ အခုပွဲစဥ်မှာတော့ ခရိုအေးရှားအသင်းဟာ သူတို့ရဲ့ပုံစံအတိုင်း ခံစစ်အသားပေးကစားသွားမှာဖြစ်ပြီး စပိန်အသင်းရဲ့ တိုက်စစ်ကို ထိန်းချုပ်ဖို့ကြိုးစားသွားမှာပါ။

စပိန်အသင်းဟာ ကမ္ဘာ့ဖလားမှာ ကွာတားအဆင့်က ထွက်ခွာပြီးနောက်ပိုင်း နည်းပြအန်းနရစ်ကို ထုတ်ပယ်ခဲ့ပြီး ယူ-၂၁ နည်းပြ ဒီဖူအန်တီကို နည်းပြသစ်ခန့်အပ်ထားတာကို တွေ့ရမှာပါ။ နည်းပြသစ်ဟာ စပိန်အသင်းကို မတ် ၂၆ ရက်က ယူရိုခြေစစ်ပွဲမှာ စတင်ကိုင်တွယ်ခဲ့ပြီး တစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီရှုံးနိမ့်ခဲ့တဲ့ ပွဲစဥ်ကတော့ ကစားသမားစုဖွဲ့မှုအားနည်းတဲ့ စကော့တလန်အသင်းကို နှစ်ဂိုးပြတ်နဲ့ ရှုံးခဲ့တာဖြစ်ပြီး အဲဒီပွဲစဥ်မှာ ကွင်းလယ်ပိုင်းအားနည်းချက်ရှိနေခဲ့တာဖြစ်ပါတယ်။ အထူးသဖြင့် လူငယ်ကစားသမားအများစုနဲ့ ဖွဲ့စည်းထားတဲ့ သူတို့အသင်းဟာ အဓိကပြိုင်ပွဲမှာ အတွေ့အကြုံနည်းနေတာကြောင့် အားနည်းချက်ရှိနေတယ်လို့ဆိုရမှာပါ။ သူတို့အသင်းဟာ နေးရှင်းလိဂ်ပြိုင်ပွဲ လိဂ်(A)အုပ်စု(၂)မှာ အုပ်စုဗိုလ်ဖြစ်ခဲ့တာကြောင့် ဆီမီးအဆင့်မှာ အီတလီနဲ့ကစားခဲ့ရပြီး အီတလီကို ပင်နို၊ ဂျိုဆီလူတို့ရဲ့ သွင်းဂိုးတွေနဲ့ နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲတက်ရောက်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ ဂါဗီ၊ ပင်နို၊ ရိုဒရီဂို၊ ရိုဒရီ၊ မာရင်နိုတို့လို နိုင်ငံအဆင့်ပွဲစဥ်တွေမှာ အတွေ့အကြုံအားနည်းနေတဲ့ ကွင်းလယ်ပိုင်းနဲ့ မိုဒရစ်၊ ဘရိုဇိုဗစ်၊ ကိုဗာဆစ်တို့ ဦးဆောင်လာမဲ့ ခရိုအေးရှားကွင်းလယ်ကို ပွဲချိန်ပြည့် ယှဉ်ကစားဖို့တော့ မဖြစ်နိုင်ပါဘူး။ ဒ့ါပြင် ကွင်းလယ်ကစားသမား မိုဒရစ်ဟာ အခုပြိုင်ပွဲမှာ သွင်းဂိုးသုံးဂိုးနဲ့ ဂိုးသွင်းအများဆုံးဖြစ်သလို နည်းပြနှစ်ဦးရဲ့ အတွေ့အကြုံနဲ့ အောင်မြင်မှုပိုင်းမှာလဲ ခရိုအေးရှားအသင်းကပဲ အသာရနေတာဖြစ်ပါတယ်။ ဒါကြောင့် ဗိုလ်လုပွဲစဥ်မှာ လက်ရှိ ခြေစွမ်းပိုင်းနဲ့ အတွေ့အကြုံကောင်းတွေပိုင်ဆိုင်ထားတဲ့ ခရိုအေးရှားအသင်းကိုပဲ အားပေးရမှာပါ။

### ခရိုအေးရှားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အာဂျင်တီးနား | ၃ | - | ၀ | ခရိုအေးရှား |
| ခရိုအေးရှား | ၂ | - | ၁ | မော်ရိုကို |
| ခရိုအေးရှား | ၁ | - | ၁ | ဝေးလ် |
| တူရကီ | ၀ | - | ၂ | ခရိုအေးရှား |
| နယ်သာလန် | ၂ | - | ၄ | ခရိုအေးရှား |

### စပိန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂျပန် | ၂ | - | ၁ | စပိန် |
| မော်ရိုကို | ၀ | - | ၀ | စပိန် |
| စပိန် | ၃ | - | ၀ | နော်ဝေ |
| စကော့တလန် | ၂ | - | ၀ | စပိန် |
| စပိန် | ၂ | - | ၁ | အီတလီ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ မည်သည့်အစိုးရ၊ မည်သည့်ခေတ်ပင်ဖြစ်စေ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သူ (Guardian)အနေဖြင့် တည်ရှိနေမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## ရခိုင်ပြည်နယ် မြောက်ဦး၊ မင်းပြားနှင့် ကျောက်ဖြူမြို့နယ်တို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား တွေ့ဆုံအမှာစကားပြောကြား၊ နယ်မြေခံတပ်ရင်းများကို လိုက်လံကြည့်ရှုစစ်ဆေး




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြောက်ဦးမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁၆**

စစ်တွေမြို့သို့ ရောက်ရှိနေသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့တွင် မြောက်ဦး၊ မင်းပြားနှင့် ကျောက်ဖြူမြို့တို့သို့ သွားရောက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ခရိုင်၊မြို့နယ်များမှ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်ပရဟိတအဖွဲ့များအား အထွေထွေအုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမများတွင် သီးခြားစီတွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ ခရိုင်၊ မြို့နယ်များရှိ စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ မြို့မိမြို့ဖများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကြီးကြပ်ရန်တာဝန်ပေးအပ်ထားသည့် တပ်မတော်အရာရှိကြီးများက မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေးတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို တင်ပြရာ

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

